www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
ပုံနှိပ်ရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ (အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)၊

၈၉၅.၈၃
နတ်ရွာမိုး
အချစ်အိုးကွဲ/နတ်ရွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၄၄ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

www.burmeseclassic.com


www.burmeseclassic.com

အချစ်အိုးကွဲ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(တစ်)

လူ ရယ်လို့ဖြစ်လာလျှင်. . လူပျို,အပျိုဘဝသည် လွတ်လပ်ပြီးပြည့်စုံသော လူ့ဘဝအပိုင်းအခြားလေးတစ်ခုအဖြစ် ခံယူတတ်ကြပါသည်။

လူကြီးသူမများကလည်း 'လူပျို၊ အပျို' ဆိုသောဂုဏ်ကို လွန်စွာမှ အဖိုးတန်သော ရတနာတစ်ခုသဖွယ် တန်ဖိုးထားစွာ ထိန်းသိမ်းခိုင်းပါသည်။ အထူးသဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများမှာ ယဉ်ကျေးမှုဓလေ့ထုံးနှင့်စံတစ်ခု ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်ဖြစ်သည်။

မိသားစုတစ်စုမှာ လူပျိုအပျို သားသမီးတွေ ရှိနေလျှင် ထိုအိမ်၏မိဘများအတွက် ထိပ်တန်းစာရင်းဝင် ရတနာပစ္စည်းအား အတွင်းပစ္စည်းသဖွယ် ရှိနေသလို ဂုဏ်ယူဝင့်ကြွားတတ်ကြသည်။

"ကျွန်မသမီးက ကျောင်းပြီးတဲ့အထိ ရည်းစားကို မထားတာ၊ အခုလည်း ကြည့်ပါလား. . အိမ်ထဲကအိမ်ပြင် ထွက်တယ်လို့မှ မရှိတာ"

ထိုစကားအား ပုစွန်ခြောက် နန်းချင်းနှင့် သုတ်ထားသော လက်ဖက်သုတ်တစ်ဇွန်း ဝါးရ,မြုံ့ရတာထက်ပင်. . အရသာခံတတ်ကြပါသည်။ ပြီးတော့. . ရှိသေးသည်။

"ဟဲ့. . . အဲ့ဒီအိမ်ကမောင်နှမတွေ အိမ်ထောင်မပြုကြဘူးနော်၊ အားလုံး လူပျိုကြီး. . အပျိုကြီးတွေချည်းပဲ"

စသဖြင့် တီးတိုးဂုဏ်ယူ အားကျစိတ်မျိုးလည်း ဖြစ်တတ်ကြလေသည်။ ကျွန်တော်တို့လမ်းထဲက လူပျိုကြီး ဦးကျော်ဆန်းတင့်နှင့် ဦးကျော်ဝင်းတို့ဆိုလျှင်. . အသက်ငါးဆယ် တော်တော်ကျော်နေသော လူပျိုကြီးများဖြစ်ကြသည်။

နှစ်ယောက်စလုံး အစိုးရဝန်ထမ်းများဖြစ်ကြကာ ကိုယ့်အိုးကိုယ့်အိမ်လေးတွေနှင့် အေးချမ်းဂုဏ်ယူစွာ နေထိုင်ကြသည်။ လမ်းထဲက ပွေပွေရှုပ်ရှုပ် လူငယ်လေးများအား သူတို့မိဘတွေက ပြောဆိုဆုံးမလို့ မနိုင်တော့လျှင် ထိုလူပျိုကြီးနှစ်ယောက်အနက် တစ်ယောက်ယောက်ဆီ ခေါ်သွားကာ အပ်နှံဆုံးမခိုင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးများကလည်း ကိုယ့်ကိုယ်ကို ဂုဏ်ယူကြီးမြတ်စွာဖြင့် ကြားဖူးနားဝ စကားတန်ဆာများ ဥပမာပေးကာ ဆုံးမလေ့ရှိကြသည်။ အထူးသဖြင့် လူပျိုကြီးဦးကျော်ဝင်းက လမ်းထဲမှာ ပို၍ဩဇာပေါက်လေသည်။

အကြောင်းမှာ. . ဦးကျော်ဝင်းသည် ငယ်စဉ်ကတည်းက အလေးမခြင်း၊ ရိုန်းဘား၊ ပလက်ဘားကစားခြင်း. . စသောကိုယ်ကာယလေ့ကျင့်ခန်းအား ယနေ့အထိ မပြတ်မလပ် လေ့ကျင့်လာသူဖြစ်ရကား. . ညိုမောင်းထွားကျိုင်းသော သူ၏ခန္ဓာကိုယ်ကိုကြည့်ကာ အဆုံးမခံ လူငယ်လေးတွေက ဖြုံကြ,တုန်ကြသည်။

ဦးကျော်ဝင်းက ခြောက်လှန့်သည့်သဘောမျိုး. . 'ငါ. . ပိတ်တီးလိုက်ရ'ဟု သူ့လက်ဝါးကြီးနှင့် မြှောက်ရွယ်လျှင်ပင် လေဟပ်ပြီး လဲကျသွားနိုင်သည့်. . ခုခေတ်လူငယ် ခပ်သွယ်သွယ်ဆိုတော့ကာ ကြောက်ပါသည်။

ရပ်ကွက်ထဲမှာ ဦးကျော်ဆန်းတင့်တို့ ဦးကျော်ဝင်းတို့နည်းတူ အပျိုကြီးများလည်း ရှိပါသည်။ ထိုသူတို့လောက် အသက်မကြီးသော်လည်း ခေတ်ကာလစံနှုန်းအရ အပျိုကြီးစာရင်းဝင်များ ဖြစ်ကြသည်။

ကျွန်တော်နှင့် ရင်းနှီးခင်မင်သော ဒေါ်ဝါစိုးဆိုလျှင် လေးဆယ်ကျော်နေပြီ။ ကျွန်တော့်ထက် ဆယ့်ငါးနှစ်ခန့်လောက် အသက်ကြီး၏။ ဒေါ်တပ်ခေါ်ရသော်လည်း ဘေးလူအမြင်မှာ အနားနာစရာကောင်းလောက်အောင် နုပျိုသွက်လက်နေသေးသည်။

ဒေါ်ဝါစိုး၏မိခင် ဒေါ်ထွေးမြသည်လည်း လူပျိုအပျို ပိုင်



www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ထားသော မိဘများနည်းတူ. . အိမ်မှာ သမီးအပျိုကြီးတစ်ယောက် ကျန်နေသေးတာကို သုံးမကုန်စားမကုန် စီးပွားလက်ငုတ် ကျန်နေသကဲ့သို့ ဂုဏ်ယူနေတတ်ပါသည်။

"ကျွန်မသမီး. . အမလေး. . . အိမ်ထောင်ပြုဖို့ စကားသွားမပြောနဲ့၊ အတုတ်မခံရရင် ကံကောင်းလို့မှတ်၊ ဒီအဖေ. . ဒီအမေ အသက်ရှင်နေသရွေ့ ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ ပြောထားတာ"

စသည်ဖြင့်. . မေးကလေး မြှင့်ကာမြှင့်ကာ ပြောတတ်သည်။ ကျွန်တော့်သူငယ်ချင်း ခိုင်ဇော်မင်း စာရင်းပြုစုထားသောတူးသောင်ဇင်ဖစ်ဖတင်း လူပျိုအပျို သန်းခေါင်စာရင်းအရ. . ကျွန်တော်တို့ရပ်ကွက်မှာ ဆယ့်ရှစ်နှစ်ပြည့်ပြီး လူပျိုအယောက်လေးဆယ်နှင့် အပျိုခြောက်ဆယ့်ငါးယောက်ရှိကာ အသက်သုံးဆယ်ကျော် ဟိုင်းကြီးစာရင်းဝင် လူပျိုကြီးဆယ်ယောက်နှင့် အပျိုကြီးဆယ့်သုံးယောက် ရှိသည်ဟူ၏။

မည်သို့ဆိုစေ လူပျိုအပျိုဘဝ မည်မျှလွတ်လပ်ပြီး မည်မျှတန်ဖိုးထားသည်ဆိုစေကာမူ. . လူပျိုတိုင်း အပျိုတိုင်း ထို့ပြင်တစလူပျိုကြီး အပျိုကြီးတိုင်း 'ငါများအိမ်ထောင်ပြုလိုက်ရင်'ဆိုသော အိမ်ထောင်သည်ဘဝမှာ ဘယ်လိုနေမလဲဆိုသော အတွေးမျိုး (ဝါ)အိပ်မက်မျိုး မက်လေ့ရှိတတ်ကြပါသည်။

ရှိဖူးသည်၊ အကြောင်းအမျိုးမျိုးနှင့်. . အချိန်အခါလွန်သည်,စောသည် ရှိစေဦးတော့ တစ်ခါလောက်တော့ တွေးဖူးသည်။


www.burmeseclassic.com

www.burmeseclassic.com



အားမနာစတမ်းပြောရလျှင် အိမ်ထောင်ရေးလောက သည် လူပျိုအပျိုများ ရင်ခုန်အားကျတတ်သော လူမှုဘဝဖြစ်စဉ် အပိုင်းအခြားတစ်ခု ဖြစ်ချိမ့်၏။

ကျွန်တော်သိသလောက်တော့ ထိုထင်မြင်ချက်အား 'ဟင့်အင်း'ဟုငြင်းသူ ရှားပါသည်။ ကျွန်တော်လည်း မငြင်းရဲပါ။ ငါ အိမ်ထောင်ပြုချင်လိုက်တာကွာဟု ဘယ်သူမှ ထုတ်ဖော်ငြီးငြူ မှာ မဟုတ်သော်လည်း အိပ်လည်းဒိစိတ်၊ စားလည်းဒိစိတ်နှင့်ရှိ တတ်သည်။

ဘယ်သူမှမသိအောင် ကျွန်တော်တစ်ယောက်တည်း တီးတိုးဝန်ခံရလျှင်. . အဟီးဟီး. . ကျွန်တော်လည်း အိမ်ထောင် ပြုချင်ပြီ။

ကျွန်တော်နှင့်အတူတူ ကျောင်းပြီးခဲ့ကြသော အောင် တိုး၊ မောင်စိုး၊ မျိုးဝေ၊ မိုးဆွေ၊ ရွှေရည်၊ နေခြည်၊ ကြည်ပြာလှိုင်၊ သီတာခိုင်တို့အကုန်လုံး အိမ်ထောင်သည်တွေ ဖြစ်ကုန်ကြချေပြီ။ တစ်ချို့က ကျောင်းမှာကတည်းက ချစ်သူတွေဖြစ်ကာ ကျောင်းပြီး သည်နှင့် လက်ထပ်လိုက်ကြသည်။ တစ်ချို့တော့ အိမ်ကလူကြီး တွေ အစီအစဉ်နှင့် ယူကြသည်။

သူတို့အားလုံးထဲမှာ မိုးဆွေတစ်ယောက်ပဲ အိမ်ကလူ ကြီးတွေ သဘောမတူလို့ ခိုးပြေးပြီး ညားသွားမှ လူကြီးတွေက ပေးစားလိုက်ကြခြင်းဖြစ်သည်။

ထိုစဉ်က အားလုံးထဲမှာ မိုးဆွေ နောက်ဆုံးအိမ်ထောင် ကျခြင်းဖြစ်ပြီး လူပျိုလူလွတ်က ကျွန်တော်တစ်ယောက်တည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့လို့ မိုးဆွေ မိန်းမခိုးသည့်ကိစ္စ ဗိုလ်နတ်သီယာ လိုက်ပါနိုင်သူ အဖြစ် ကျွန်တော့်ကိုဒုက္ခပေးပါသည်။

မိုးဆွေခိုးပြေးမည့် ကောင်မလေးက . . ကျွန်တော်နှင့် မေဂျာတူ အတန်းတူဖြစ်ကာ . . မေဂျာမတူသော မိုးဆွေ ကျွန်တော့်အတန်းကို လာလည်ရင်း တွေ့ကာ ကြိုက်သွားကြခြင်းဖြစ်သည်။

ဆိုတော့ကာ သူငယ်ချင်းရည်းစား၊ ရည်းစားသူငယ်ချင်းက ကျွန်တော်နှင့် ဘယ်ညာပတ်သက်သည်ကတစ်ကြောင်း၊ မြတ်လေးငုံ၏မိဘများ ရန်ကုန်ကို ဆေးကုဖို့ရောက်လာစဉ်က မြတ်လေးငုံ ကျွန်တော့်ကို အကူအညီတောင်း၍ ကျွန်တော့်အိမ်မှာပင် တည်းခိုသွားကြသဖြင့် ရင်းနှီးသည်ကတစ်ကြောင်းကြောင့် မြတ်လေးငုံကိုခိုးထုတ်ဖို့ ကိစ္စကြီးအား မိုးဆွေက ကျွန်တော့်ထံ အလုံးစုံအပ်နှံလေတော့၏။

ဒီအကြောင်းကို တဖွဲ့တနွဲ့ ပြန်မပြောချင်သော်လည်း . . ပြောမှ ဇာတ်ဖြစ်မည်ဖြစ်ကာ ပြောပြပါမည်။

ကျောင်းပြီးတော့ . . မြတ်လေးငုံ နယ်ကိုပြန်သွားသည်။ နယ်ဆိုတာ သိပ်အဝေးကြီးတော့ မဟုတ်။ ရန်ကုန်မှ နှစ်နာရီခန့် ကားစီးလျှင်ရောက်နိုင်သော မော်ဘီမြို့နယ်အပိုင် ဥတိုရွာမှ ဖြစ်သည်။

မော်ဘီအရောက် ကားစီးချိန် နှစ်နာရီထဲမှာ မော်ဘီမှ ဥတိုသို့သွားသော ခရီးချိန် မပါပါချေ။ ဥတိုသို့အရောက် ပြေးဆွဲနိုင်သော ကား(သို့မဟုတ်)ယာဉ် တစ်မျိုးတစ်မည်မျှ မရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်ခရီး သတ်မှတ်နိုင်ပါသည်။

ဒေသခံတွေကတော့ လမ်းပေါက်နိုင်သောနေရာအထိ နွားလှည်း၊ မြင်းလှည်း၊ ဆိုက်ကား၊ ခွန်ဒေါင်း စသည်တို့နှင့် ခရီးကြို လျှင်ကြုံသလို၊ အလျှင်းသင့်လျှင်သင့်သလို အသုံးပြုကာ လိုက်ပါကာ သွားလာကြသည်။ စက်ဘီးတစ်မျိုးကတော့ လယ်ကန်သင်း ရိုးပေါ်မှာတောင် နင်းနိုင်သဖြင့် အသုံးများပါသည်။

ယခင့်ယခင်ကတော့ အမေဘောချောင်းကို အသုံးပြု ကာ လှေ၊ သင်္ဗာန်များဖြင့် မော်ဘီဈေးအရောက် သွားလာနိုင်ကြ သည်။

ယခုတော့ အမေဘောချောင်းလည်း မြောင်းသာသာပင် ရှိတော့သည်။ ဒေသခံတစ်ချို့အဆိုအရ တစ်မြန်မနှစ် မတိုင်ခင် က အမေဘောချောင်းအား လှေသင်္ဗာန်များ သွားရေးလာရေး အဆင်ပြေအောင်နှင့် ရေစီးရေလာကောင်းအောင် ချောင်းကိုချဲ့ မည်၊ ချောင်းကိုဆယ်မည်ဟု ဆိုကာ အရပ်လူကြီးတစ်ချို့ ဦးစီးပြီး ဒေသခံလူထုနှင့် ဆယ်ကြချဲ့ကြသည်။

ချောင်းဆယ်တာတော့ မတွေ့ရ။ ချောင်းက ကျယ်တော့ ကျယ်သွားပါသည်။ ချောင်းချဲ့သူများက ဖြုံချသော ကမ်းပါးမြေ ကို ကမ်းပေါ်ဆွဲမတင်ဘဲ . . မြန်မြန်ပြီး မြန်မြန်အေး ဆိုသော သဘောမျိုး ချောင်းထဲကို ခုတ်ချ,ပေါက်ချပြီး ချဲ့လိုက်ကြသဖြင့် ချောင်းရိုးတိမ်ကာ ရေစီးရေလာ မကောင်းတော့ဘဲ ချောင်းကောကြီး ဖြစ်သွားသည်ဟုလေ၏။ (ဤကား . . အရပ်စကား)

ထို့ကြောင့် ရေလမ်းကောကာ ကုန်းလမ်းနှင့်ပင် မျှောနေ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ ကျောက်ခင်းကတ္တရာလမ်းတော့ ရှိပါသည်။ တာဆုံနှင့် ရွှေလှေကြီးအထိ ဖောက်လုပ်ထားသောလမ်းဖြစ်သည်။ ဥတိုမှ ထိုလမ်းပေါ်အရောက်တက်ပြီး. . မြင်းလှည်း၊ ဂွန်ဒေါင်း (သို့မဟုတ်) ဆိုင်ကယ်ကယ်ရီတစ်မျိုးမျိုးနှင့် သွားလာနိုင်သော်လည်း မြောက်ဘက်အရပ်တွင်ရှိသော မော်ဘီကိုသွားဖို့ တောင်ဘက်သို့ နာရီဝက်တစ်နာရီ လမ်းလျှောက်ပြီးမှ ယာဉ်တစ်ခုခု စီးနိုင်ရသည့်အလုပ်အား ဥတိုသားတို့ လုပ်မနေတော့ဘဲ မြောက်စူးစူးကိုသာ ဒူးခေါင်းပေါ်အောင် လုံချည်ထမီ ဆွဲတင်ပြီး ခြေလျင်ခရီးသာ အားကိုးလေတော့သည်။

တစ်ချို့ကတော့ ပေါက်ကုန်းဘက်ထွက်ကာ ဒွန်းတစ်ပတ်တာရိုးအတိုင်း ခရီးနှင်ကြသည်။ တစ်ချို့က ဥတိုကနေ ကျိုးပင်ဆိပ်ရွာကို အလျားလိုက်ဖြတ်လျှောက်ပြီး လှုပဒါးစိုက်ကွင်းမှတစ်ဆင့် မော်ဘီမြို့ထဲဝင်ကြသည်။

မည်သို့ဆိုစေ မော်ဘီနှင့်ဥတိုက ခရီးလမ်းအခက်အခဲကြောင့် မဝေးသော်လည်း မနီးချေ။ ဒါတောင် ကျွန်တော်ပြောပြသော လမ်းကြောင်းများက နွေရာသီမှာ သုံးသောလမ်းသာဖြစ်ပြီး မိုးရာသီလို တစ်ကွင်းလုံး ရေဖုံးနေသောကာလ မည်သို့ခြေချမည်ကိုကား ရန်ကုန်သားစစ်စစ်ဖြစ်သောကျွန်တော် ဉာဏ်မမီ၍ ရေးမပြတော့ပါချေ။

ထိုရာသီထိုကာလမှာ မသွားလာဖူး၍လည်း ဖြစ်ပါသည်။ ယခုပြောပြနိုင်သည်ကလည်း အိမ်မှာလာတည်းပြီး ဆေးကုသွားသော မြတ်လေးငုံတို့ဖခင်ကြီး ရှာပြန်လျှောက်ပြီး နှစ်လ

www.burmeseclassic.com



အကြာမှာ ဆုံးပါးသွားသဖြင့် နာခရေးကိစ္စကြောင့် ရောက်ဖူးကာ ပြောပြနိုင်ခြင်းဖြစ်ပါသည်။

ဆိုတော့ကာ. . သူငယ်ချင်း၊ အတန်းဖော်၊ မိဘများနှင့် ရင်းနှီး၊ အိမ်ကိုလည်း ဝင်ထွက်ဖူးသူ၊ ခရီးလမ်းကိုလည်း ကျွမ်းကျင်သူအဖြစ် ကျွန်တော့်ကိုအားကိုးယုံကြည်ပြီး ခိုးခိုင်းလေတော့သည်။

မိုးဆွေ၏မိဘများက ချမ်းသာကြွယ်ဝပြီး မြတ်လေးငုံတို့က ရိုးသားသော တောင်သူလယ်သမား မိသားစုဖြစ်ရကား. . မိုးဆွေမိဘများက ခါးခါးသီးသီး ငြင်းကြသဖြင့် ခိုးယူပေါင်းသင်းသည့်အဖြစ်သို့ ရောက်ရသည်သာ။

အဲ့ဒီအချိန်က မိုးဆွေမိဘများ၏သဘောထားကို ကျွန်တော် လုံးဝဘဝင်မကျပါ။ လူလူချင်း မတူဘူး မတန်ဘူးဆိုသော စကားကို မပြောအပ်သောသူမှာ လူဖြစ်ပါသည်။ လူ့ကျင့်ဝတ် လူ့စည်းကမ်းနှင့်မနေသော လူပေါ့လူသွပ် လူအန္တတ္တမျိုးကို ငြင်းသည်ဆိုလျှင်ထား၊ ဆင်းရဲတာတစ်ခုကလွဲ၍ ကိုယ်ကျင့်တရားကောင်းစွာ ရိုးသားကြိုးစားတတ်သောလူမျိုးကိုတော့ မတူမတန် ခြူစူဟန်လေးတောင် မပြကောင်းပေ။

မြတ်လေးငုံက ကရင်တိုင်းရင်းသူလေးဖြစ်ပြီး ကာလ္လနြှေ ကောင်း၊ အဆင်းကြွန်အင် လက္ခဏာကောင်းလေးနှင့် ပညာတတ် မိန်းမပျိုလေး၊ ရုပ်ရည်လည်းတင့်ကာ ပွဲဝင်တင့်သူဖြစ်ရကား ဒါကို သူဌေးမိဘများက ဆင်းရဲလို့ဆိုသော ပြစ်ချက်တစ်ခုတည်းနှင့် ပစ်ပစ်ခါခါ ငြင်းလိုက်၍ ကျွန်တော်နှင့်မိုးဆွေတောင်



www.burmeseclassic.com

www.burmeseclassic.com



စကားများကြရသည်။

မိုးဆွေက မိဘသဘောကို မလွန်ဆန်နိုင်တာကလွဲလို့ မြတ်လေးငုံအား ငုံထားမတတ် ချစ်ပါသည်။ ဒါကို ကျွန်တော်သိသော်လည်း သူ့မိဘတွေကို မကျေနပ်မှုနှင့် . မလိုက်ဘူးကွာ မလိုက်ဘူးကွာဆိုပြီး ပေကပ်ကပ်ပင် လုပ်နေလိုက်သေးသည်။ နောက်ဆုံးတော့ မိုးဆွေတစ်ယောက် အသည်းကွဲ အရက်သမား ဂိုက်ဖမ်းပြီး အိမ်မှာ မူးငို,ငိုလာသဖြင့် ကျွန်တော်မနေသာတော့ဘဲ အထုပ်ဆွဲဖို့ ခါးတောင်းကျိုက်ရလေတော့၏။

ကျွန်တော်တို့ မိန်းမခိုးမစ်ရှင် ထွက်သည့်ရက်က နွေခေါင်ခေါင်ကြီး မိုးရွာချပါသည်။ ကားက မိုးဆွေစီးသော အမိုးဖွင့် ပြိုင်ကားလေးဖြစ်၍ နှစ်ယောက်သား တစ်လမ်းလုံးမိုးမိကာ. . ထောက်ကြန့်လမ်းဆုံသို့ ကြွက်စုတ်ရေနစ်ထားပုံနှင့် ရောက်သွားသည်။

ရှစ်မိုင်မကျော်ခင်ကတည်းက မိုးရွာဖို့ အရိပ်အခြည်မြင်၍ တစ်နေရာရာ မိုးခိုကြဖို့ ကျွန်တော်ပြောသော်လည်း မိုးဆွေ လက်မခံပါ။ အဆိပ်က ငယ်ထိပ်ရောက်နေသောစိတ်နှင့် ကြိတ်မှိတ်မောင်းနှင်လာခဲ့သည်။

ကားတစ်စီးလုံးလည်းရွှဲ၊ လူတွေလည်း. . ဂံဂံ. . ဂံဂံနှင့် မေးရိုက်ကာ ချမ်းတုန်လာတော့မှ ထောက်ကြန့်လမ်းဆုံမှာ တစ်ထောက်နားပါသည်။

နာရီကြည့်တော့ နေ့လည်(၂)နာရီ။ အခြေအနေက ဘာမှန်းမသိ၍ ညနေစာအဖြစ် ထမင်းစားလိုက်ကြပြီး လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ပါသောက်ကာ ဆက်ထွက်လာကြသည်။

မှော်ဘီရောက်တော့ သုံးနာရီခွဲလုပြီ။ ဈေးကိုကျော်လွန်ပြီး ကုန်းမြင့်ထိပ် ညောင်ပင်ကြီးအောက်၌ ဖွင့်ထားသော လက်ဖက်ရည်ဆိုင်ရှေ့ ကားထိုးရပ်ကာ ဆင်းထိုင်လိုက်ကြသည်။

မိုးစိုထားသောအဝတ်တွေ အတော်အတန် ခြောက်လုပြီဖြစ်ကာ ချွေးနှင့်ရောပြီး ချဉ်စော်နံချင်မှုနလေသည်။

"ငါတို့ ဘယ်လိုလုပ်မလဲ ခိုင်မြ"

"ငါစဉ်းစားနေတယ်. . လမ်းက ကားသုံးလို့ရနိုင်တဲ့လမ်းတော့ရှိတယ်၊ ရွာနဲ့အတော်ဝေးတော့ အဲ့ဒီဖက်ထွက်ရမှာ ခက်နေတယ်"

"အဲ့ဒီတော့. . ."

"အဲ့ဒီတော့. . ကားကို ဒီကတစ်နေရာရာမှာ ထားခဲ့ပြီး ငါတို့ လူချည်းပဲခြေလျင်သွားမှ အဆင်ပြေမယ်"

"ဟင်. . . ပြန်လာရင်ကော"

"ပြန်လျှောက်လာရမှာပေ့ါကွ"

"ဟာ. . . မင်းပြောတော့ အဝေးကြီး လျှောက်ရတယ်ဆို"

"အေးလေ. . . ဘာလဲ မင်းမလုပ်နိုင်ရင် နေခဲ့လေ၊ ငါဘာသာ ဖြစ်တဲ့နည်းနဲ့ ခေါ်ထုတ်လာခဲ့မယ်၊ ပွဲပြီးပဲခေါ်ခေါ်. . ထမ်းပြီးပဲခေါ်ခေါ် အနည်းဆုံး ကိုရီးယားမင်းသားတွေလို ကုန်းပိုးပြီး. . ."

"ဟာ. . . တော်တော်. . . ငါလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မပွင့်တပွင့်ရယ်ပြီး မှာထားသောလက်ဖက်ရည် မရောက်သေး၍ လှည့်ကြည့်လိုက်စဉ်. . .

"ဟော့. . . မင်းက ခိုင်မြဲမဟုတ်လား"

ကျွန်တော့်နာမည်ခေါ်ပြီး တစ်ဖက်ခုံကနေ ထလျှောက်လာသောသူကို သေချာကြည့်မိသည်။ အရပ်ပုပု အသားညိုညို ဆိုးတိုတိုနှင့် လွယ်အိတ်စလွယ်သိုင်း လွယ်ထားသော လူရွယ်ကို ရုတ်တရက် မမှတ်မိနိုင်အောင် ရှိနေသဖြင့် ထိုသူက. . .

"ငါ တင်မောင်လေကွာ. . ဥတိုကလေ"

ဥတိုဆိုမှ သူ့စိတ်ထဲ ထိတ်ခနဲဖြစ်ပြီး သေချာထပ်ကြည့်သည်။ ဒါလည်း မသိ။ ထိုအခါ တင်မောင်ဆိုသူကပင် မချင့်မရဲဖြစ်သွားဟန်နှင့်. .

"ယောက်ဖရာ. . . မင်းမေ့တတ်ရန်ကောကွာ၊ ဖထီးဦးစိန် ဆိုးတဲ့နှစ်က နာရေးကို မင်းရောက်လာတယ်လေ၊ ငါက ဦးစိန်တို့ ခေါင်းရင်းအိမ်ကလေ"

ဒီတော့မှ ကျွန်တော်မှတ်မိကာ ဝမ်းသာအားရနှင့်. . .

"ဩော်. . . ဒီနားခဏကိုတင်မောင်"

"ဟားဟားဟား. . မှတ်မိပြီ. . မှတ်မိပြီ၊ အခု ဘယ်လဲ ဘယ်ကိုလာတာလဲ"

"ဥတိုလေ. . အဲ. . အဲ. . ဟို. . ဟုတ်ပါတယ်၊ ဥတိုပါပဲ"

အမှန်တော့ မိန်းမလာခိုးသည့် အခြေအနေတစ်ခုလုံးကို သူနှင့်မိုးဆွေ နှစ်ယောက်ကလွဲ၍ ဘယ်သူမှမသိစေချင်သော စိတ်ကူးကြောင့် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ လွှတ်ခနဲထွက်ပြီးမှ ဖုံးမရဘဲ ဝုန်းချလိုက်ခြင်းကြောင့် တင်မောင် ဘယ်လိုနားလည်သွားသည်မသိ။

"ဟုတ်ပါတယ်ကွ. . ဥတိုပါ၊ ဒီနားဝန်းကျင်မှာ ငါတို့ရွာနာမည်က ခေါ်လို့အလွယ်ဆုံးပဲ၊ မှတ်လို့လည်း လွယ်တယ်လေ ဟဲဟဲဟဲ၊ ကဲ. . . ဒါဆိုလည်း အတူတူသွားကြတာပေါ့၊ ဒါနဲ့ ဟိုတစ်ယောက်က ဘယ်သူလဲ"

မိုးဆွေကို မေးငေါ့မေးခြင်းကြောင့်. . .

"ဒါ ကျွန်တော့်သူငယ်ချင်းပဲလေ၊ မြတ်လေးငုံတို့ ကျွန်တော်တို့က အတူတူကျောင်းတက်ခဲ့ကြလို့ ခင်နေတဲ့ သူငယ်ချင်းပါ၊ သူလည်း ဒေသန္တရဗဟုသုတဖြစ်အောင် လိုက်လည်ချင်တယ်ဆိုလို့လေ. . . အဟဲဟဲဟဲ"

"အာ. . ကောင်းတယ်. . ကောင်းတယ်၊ မိနော်လည်း ရန်ကုန်ကပြန်ရောက်ကတည်းက ရွာမှာ ပညာဒါန လုပ်နေတယ်လေ. . . စာသင်နေတယ်"

"ဟုတ်လား"

"ဟုတ်တယ်. . . ငါ့သမီးအကြီးမလည်း သူ့ဆီပို့ထားတယ်၊ ဖြူဖွေးလေ. . မင်းသိတယ်မဟုတ်လား၊ မင်းရောက်လာတုန်းက ပကျစ်ကလေးပဲ ရှိသေးတယ်"

"ဟုတ်တယ်လေ ကျွန်တော်နဲ့ လက်ဖက်သုတ်တောင်လုစားသေးတယ်၊ ဘာလဲ. . . ဦးဦးရန်ကုန်သား လူပါးဝတယ်ဆိုလား"

"ဟားဟားဟားဟား. . . "



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တင်မောင်နှင့်အဖွဲ့ကျကာ ရှေးဟောင်းနှောင်း ဖြစ်ပြောရင်း အတော်ကြာသွားကာ နေတောင်အတော်စောင်း သွားသည်။

မိုးဆွေလည်း ဖင်တကြွကြွ ဖြစ်နေလေသည်။ ကျွန်တော် ကိုယ်တိုင်လည်း စကားမပြတ်၍ ကိုယ့်ကိစ္စနှင့် အချိန်တွက်ကာ စိတ်မအေးနိုင် ဖြစ်မိသည်။ သို့သော်. . လူရင်းလိုခင်သော ရွာခံ တစ်ယောက် အနားမှာရှိနေပြီဖြစ်သဖြင့် သိပ်မပူတော့ဘဲ ဆက် မျှောနေပါသည်။

"ကိုတင်မောင်ရော. . . အခု ဈေးလာဝယ်တာလား"

ကိုတင်မောင် ရယ်ပါသည်။ ရယ်ပြီးမှ. . .

"မနက်က မစန်းအေးရယ် ရုံးမသွားခင် သူ့စက်ဘီး ချိန်း ညှပ်နေလို့ လုပ်ပေးပါဆိုလို့ ငါသွားလုပ်ပေးတာ ဟိုရောက်တော့ ဝက်အူလှည့်နဲ့ ကလော်ထုတ်ရမှာမို့လို့ တစ်ခြံကျော်က ဖိုးစော အိမ်မှာ ဝက်အူလှည့်သွားငှားတာ မော်ဘီရောက်လာတာလေ"

"ဟာ. . . ဒီမှာလာဝယ်တာလား"

"ဘယ်ဟုတ်မှာလဲ. . . ဖိုးစောက နပွဲ(နွားရောင်းတဲ့ပွဲ) သွားမယ် လိုက်ခဲ့ဆိုလို့ ဝက်အူလှည့်လေး ခါးကြားထိုးပြီး လိုက် လာတာ တစ်နေကုန်ရော ဆိုပါတော့ကွာ၊ နွားလည်း မရပါဘူး၊ ရွာကထွက်ကတည်းက နွားဝယ်မယ့်ပိုက်ဆံနဲ့ တစ်လမ်းလုံးတွေ့ သမျှဆိုင် ဝင်သောက်လာတာ နပွဲရောက်တော့ လူကွဲနေပြီ ပိုက် ဆံလည်း မပြည့်တော့လို့ သူ့မိန်းမစိတ်ဆိုးပြေအောင် ဝက်သား တစ်တွဲဝယ်ပြီး ပြန်ကြမှာလေ. . . ဟဲဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်ရေ. . ထော်မယ်ဟေ့၊ ညစာအတွက် ထော့ညာက မနက်စာဖြစ်တော့မယ်"

တင်မောင် ထိုင်ခဲ့သောဝိုင်းမှလူက လှမ်းအော်ပြောသဖြင့် တင်မောင်လည်း ထိုင်ရာမှထကာ. . .

"သွားကြမယ်လေ"

"အင်း. . သွားမယ်လေ၊ မိုးဆွေ. . ဟိုဖက်ဝိုင်းဖိုးပါ ရှင်းလိုက်ကွာ၊ ဩော်. . . ကိုတင်မောင် ကျွန်တော့်ကို တစ်ခုကူညီဦးဗျ"

"ဘာလဲ. . ပြော"

"ကျွန်တော်တို့ ကားပါလာတယ်၊ အဲ့ဒါ ဘယ်မှာထားခဲ့ရမှန်း မသိလို့"

"ဟိုကားလား"

"ဟုတ်တယ်"

"ကျွတ်. . မီးခြစ်ဖာလောက်ရှိတဲ့ ကားပါကွာ၊ ကောက်ရိုးပုံအောက် ထိုးထားလည်း ဖြစ်ပါတယ်"

"ဗျာ. ."

"ဟဲဟဲဟဲ. . . အလကား စတာ၊ ဒီကနေ မောင်းသွားပြီး လှပဒါးစိုက်ကွင်းထဲကရုံးရှေ့မှာ ရပ်ထားခဲ့၊ အဲ့ဒီက စိုက်ကွင်းမှူးနဲ့ ငါနဲ့ခင်ပါတယ်ကွ"

"ဟုတ်လား. . အိုခေ. . မိုးဆွေရေ ဂွတ်သွားပြီ"

"ငါတို့ပါလိုက်ခဲ့မှာနော်"

"ဟာ. . လိုက်ရမှာပေါ့ဗျာ၊ ကိုတင်မောင်ပါဘဲ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဘီးလိုမ့်ရမှာလဲ"

"ဟဲဟဲဟဲ. . . ဖိုးစောရေ၊ ရှစ်ပက်တစ်ပြားလောက် ဝယ်ပြီး ဖင်ဖိမ်ခံလိုက်ကြရအောင်၊ ငါတို့ ဒီကားလေးနဲ့ စိုက်ကွင်းထဲအထိ ရောက်မှာကွ"

"ဒါဆိုခဏလေး. . ငါပြေးဝယ်လိုက်မယ်၊ ရော့. . ရော့ ထော့ညာ မင်းယူထား"

သို့နှင့် သုံးယောက် ကားပေါ်တက်ကာ စောင့်ကြသည်။ နေဝင်ချိန်လည်း ရောက်လာပြီဖြစ်၍ ကိုယ်ရင်းနှီးကျွမ်းဝင်သော ဒေသ မဟုတ်တာကတစ်ကြောင်း၊ လာရင်းကိစ္စ မရိုးသားတာက တစ်ကြောင်းကြောင့် ကျွန်တော်နှင့်မိုးဆွေ တစ်ယောက်မျက်နှာ တစ်ယောက် အားကိုးကြည့် ကြည့်ကြပြီး စိုးရိမ်မကင်း ဖြစ်နေရလေ၏။

သိပ်မကြာ. . . ဖိုးစောပြန်ရောက်လာပြီး နောက်ခန်း တံခါးတောင် မဖွင့်တော့ဘဲ ကျော်ခွကာ ဝင်ထိုင်တော့၍ မိုးဆွေ ကားစက်နှိုးကာ မောင်းတော့သည်။

"ဒီတည့်တည့်သာမောင်း၊ ဘုရားကြီးမုဒ်ဦးလွန်ရင် လမ်းဆုံတစ်ခု တွေ့မယ်၊ တွေ့ရင် ဘယ်ကိုချိုး"

"ဟုတ်. . ."

ထို့နောက် ကိုတင်မောင်နှင့်ကိုဖိုးစောတို့ တစ်လှည့်စီ မော့ကြသည်။

"မင်းတို့ရော ချမလား"

"ဟာ. . . ကျွန်တော်တို့ မသောက်တတ်ပါဘူးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်. . . ကောင်းတယ်၊ သောက်တတ်ရင် မင်းတို့လည်း ငါ့လို ဒီနားခဏာတင်မောင် ဖြစ်မှာပဲ၊ ဟားဟားဟား ကောင်းလိုက်တဲ့ကား. . ကောင်းလိုက်တဲ့အရက်၊ ဖိုးစောရေ. ."

"ဟော. . ."

"ငါတို့လည်း ဒီလိုအကောင်းစားနဲ့ နေခွင့်ရှိပါတယ်ကွ ဟတ်ဟတ်ဟတ်"

"ငါ ဆင်းတောင်မဆင်းချင်ဘူးကွာ၊ မင်းကောင်တွေကို တစ်ညလုံး မောင်းခိုင်းကြည့်ပါလား၊ ဆီဖိုးငါခံမယ်လေ"

"ဟာ. . မလုပ်ပါနဲ့ကွာ၊ ဒါ ဧည့်သည်တွေဟ"

နောက်ထိုင်ခုံမှာ ကိုတင်မောင်တို့ သူတို့အရှိန်နှင့်သူတို့ ရေပက်မဝင်အောင် ဖြစ်နေကြခိုက် မိုးဆွေက. . .

"ခိုင်မြ. . ဟိုအစ်ကိုနာမည်က ဒီနားခဏာကိုတင်မောင် ဟုတ်လား"

"ဟုတ်တယ်. . . သူက ဒီနားခဏာလို့ ပြောပြီးသွားရင် ခုလိုပဲ တစ်နေကုန်တတ်တယ်၊ သူ့မိန်းမ မမိတင် ပြောပြတာကွ၊ သူတို့ ညားခါစကလင်မယားနှစ်ယောက် ညနေစာစားဖို့ ထမင်း ပြင်နေတုန်း ကိုတင်မောင်က ထမင်းထဲမြုပ်တို့ဖို့ ငြုပ်သီးစိမ်း ဆင်း ခူးတာ လေးလကြာသွားတယ်"

"ဟမ်. . ."

"သူ ငြုပ်သီးခူးနေတုန်း သူ့သူငယ်ချင်းရောက်လာပြီး အ ရေးကြီးလို့ ထန်းတစ်ပင်ဖက် အဖော်လိုက်ခဲ့ပါကွာဆိုလို့ လိုက် သွားတာ၊ ဟိုမှာ လေးလလောက်ကြာပြီးမှ ပြန်လာတာတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . ."

"ဒါဘာဟုတ်သေးလဲ. .၊ သူတို့အိမ်နဲ့ လယ်ပွဲတစ်ပွဲစာ လောက်ပဲခြားတဲ့ တဲကုန်းကနေ တင်မောင်ရေလို့ လှမ်းအော်ခေါ်လို့. . သူက 'ဝေး'လို့ လှမ်းထူးပြီး. . 'မိတင်ရေ ငါ ဟိုဖက်တဲဆီ ခဏ'လို့ ပြောသွားတာ တစ်နှစ်ကြာမှ ပြန်ရောက်လာတယ်တဲ့"

"အဲ. . ."

"တောင်ပေါ် တက်ပြီး ရွှေကျင်ကြမယ်ဆိုလို့ လိုက်သွားတာတဲ့"

"ဩော်. . ."

"အဲ့ဒါကြောင့် သူ့ကို ဒီနားခဏတင်မောင်ဆိုပြီး ခေါ်ကြတာလေကွာ၊ ဟာ. . ဟိုရှေ့မှာ တာဆုံကွ. . ဘယ်ဘက်ကွေ့ရမယ်တဲ့"

သို့နှင့် ဘယ်ကွေ့ကာ ကျောက်ခင်းကတ္တရာလမ်းအတိုင်း အတော်အတန် မောင်းဝင်လာပြီးမှ လှပဒါးသို့ ရောက်လေ၏။

ထို့နောက် စိုက်ကွင်းမြေနီလမ်းကျယ်ကြီးအတိုင်း မောင်းဝင်လာကာ စိုက်ကွင်းရုံးသို့ ရောက်ရှိလေတော့၏။

"ကဲ. . . ခဏစောင့်၊ ငါ စိုက်ကွင်းမှူးကို သွားပြောလိုက်ဦးမယ်"

"နေဦး. . . ငါလည်းလိုက်မယ်၊ မင်းခဏက ပြန်ရောက်မှာမဟုတ်ဘူး"

သို့ဖြင့် ကိုတင်မောင်နှင့်အတူ ကိုဖိုးစောပါ လိုက်သွား၍ ကျွန်တော်နှင့်မိုးဆွေ ကျန်နေခဲ့ကြသည်။

www.burmeseclassic.com




ကားတစ်စီး၊ ဝက်သားတစ်တွဲ၊ လူနှစ်ယောက်. . . ပိန်းပိတ်အောင်မှောင်သော အမှောင်ထုအောက် ကြောက်ကြောက်လန့်လန့်နှင့်ပင် ကိုတင်မောင်တို့ပြန်အလာကို စောင့်နေကြရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(နှစ်)

"ခိုင်မြဲ. . . ဟေ့. . . ခိုင်မြဲ"

ကျွန်တော်လန့်နိုးပြီး မျက်လုံးဖွင့်ကြည့်တော့လည်း ဘာမှမမြင်ရ၍ ခေါင်းရင်းက မီးခလုတ်ကို လှမ်းစမ်းစဉ်. . .

"အား. . ."

"ဗုဒ္ဓေါ. . . ဟာ. . . လန့်လိုက်တာကွာ"

"သေပါပြီကွာ. . . မင်းဘာလုပ်တာလဲ"

"ဆောရီးကွာ. . . ငါ အိမ်မှာအိပ်နေတာထင်လို့ မီးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



တာ. ."

"တော်သေးတာပေါ့. . . မျက်လုံးကွ၊ ချီးပဲ. . . ကျွတ်ကျွတ်"

ယခုမှပင် ကျွန်တော် အိမ်မှာရှိနေတာမဟုတ်ဘဲ မိုးဆွေကိစ္စနှင့် တောမရောက်တောင်မရောက် ဖြစ်နေမှန်းသိကာ. . .

"ဟာ. . . ဟို. . ဟိုလူတွေ ပြန်မလာသေးဘူးလား"

"မလာသေးဘူး. . . မင်းသာ တခူးခူးနဲ့ အိပ်နေတာ၊ ငါ အိပ်မပျော်လို့ ဒီအတိုင်းထိုင်နေတာကွ"

"အခု ဘယ်နှစ်နာရီလဲ"

"သုံးနာရီထိုးတော့မယ်၊ ငါ ဗိုက်တွေ တအားဆာနေပြီကွ"

"ဟော. . . ဒီအချိန်ကြီး ဘယ်ဆိုင်မှာ ဘာရမှာတုန်း"

"ငါတို့ ဒီလိုလုပ်ကြမလား"

"ဘယ်လိုလဲ"

"ဒီဝက်သားတွဲကြီး ရှိတယ်၊ အဲ့ဒါ ကင်စားမယ်"

"ဟမ်"

"လုပ်ကွာ. . . ငါမနေနိုင်တော့ဘူး၊ ငါက ဗိုက်ဆာလာရင် ဗိုက်အောင့်ရင်အောင့်၊ မအောင့်ရင် ခေါင်းမူးတယ်ကွ"

"အေးကွာ. . . လာ"

ဆိုတော့ကာ ကျွန်တော်လည်း ပေါက်တဲ့နဖူး မထူးဘူး ဆိုတာမျိုး ကားပေါ်ကဆင်းကာ အစီအစဉ် လုပ်တော့သည်။ မိုးဆွေက ကားကိုနောက်ပြန်ဆုတ်ကာ. . ရှေ့မီးကြီး ဖွင့်ချထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မီးရောင်နှင့် အတော်ခပ်လှမ်းလှမ်း၌သာ ရုံးအဆောက်အဦငယ်တစ်ခု မြင်ရပြီး အရပ်လေးမျက်နှာဆီ ဘယ်ကြည့်ကြည့် အမှောင်နှင့်မည်းမည်းသာ။

မိုးဆွေ ကားထဲက ဓာတ်မီးလေးနှိုက်ယူကာ ထင်းရှာလေ၏။ ထို့နောက်မှ မီးတွေဘာတွေ မွှေးပြီး. .

ကင်ဆိုလို့သာကင်တာ. .၊ တကယ်လုပ်ရတာ ထင်သလောက်မလွယ်။

ထင်းခြောက်တွေ ဆိုင်ထိုးထားသော မီးတောက်ထဲ ဝက်သားတွဲပစ်ထည့်ပြီး မီးဖုတ်သလို လုပ်လို့ကလည်း မဖြစ်သဖြင့် ကားထဲမှာ ယခင်ယာယီမှတ်ပုံတင်နံပါတ်ပြား လုပ်ဖူးသော သံပြားကို သတိရပြီး. . ဆွဲထုတ်ကာ အနီးအပါးမှ ရှာတွေ့သော မြေကြီးခဲသုံးလုံး ဖိုခနောက်ခံ၍ သံပြားတင်လိုက်သည်။ ထိုအပေါ်မှာမှ ဝက်သားတွဲကို ပစ်တင်ကာ ကင်တော့၏။ မီးရှိန်နှင့် ဝက်ဆီတွေ တရှဲရှဲမြည်ပြီး ထွက်လာတော့မှ မိုးဆွေက. . .

"ဟာ. . . ငါတို့ ဝက်သားကို ရေလည်း မဆေးမိပါလား"

"ဆား,အချိုမှုန့်မှ မလူးနိုင်ပဲကွာ၊ ဒီအတိုင်းလည်း အဆင်ပြေပါတယ်"

သို့နှင့် မှောက်လိုက်လှန်လိုက်လုပ်ကာ ကင်ရင်း မီးထည့်ရင်းနှင့် ဝက်သားတစ်ပိဿာတွဲလည်း အဆီထွက်ပြီး ကျက်သလိုလိုဖြစ်ကာ ခုနစ်ဆယ်သားလောက်ပဲ ကျန်တော့မည် ထင်ပါသည်။ ကျုံ့လည်း အတော်ကျုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီထင်တယ်ခိုင်မြ၊ မွှေးလည်းမွှေးနေပြီ . . ငါစားချင်နေပြီ"

"အေး . . အေး . . နည်းနည်းအအေးခံပြီးရင် . . ."

"ဟော့ . . အဲ့ဒီမှာ မီးမွှေးနေတာ ဘယ်သူတွေလဲကွ၊ ဟားညှော်လိုက်တာကလည်း လွန်ရောပဲ"

မှောင်နေသော လမ်းဖက်ဆီ အော်ဟစ်သံနှင့်အတူ လူလေးငါးယောက် တုတ်တွေ၊ ဓားလှံတွေနှင့် . . အပြေးအလွှားရောက်လာသဖြင့် ကျွန်တော်နှင့်မိုးဆွေ ဝက်သားတွဲပစ်ချကာကျောချင်းကပ်ကုန်ကြသည်။

"မင်းတို့ အတင့်ရဲလှချည်လား၊ ဒါ အစိုးရစိုက်ကွင်းရုံးကွ၊ ဒီထဲမှာ မျိုးစပါးတွေလည်း လှောင်ထားတယ်၊ ဒါတောင်စည်းမဲ့ကမ်းမဲ့ မီးမွှေးရအောင် မင်းတို့ဘာကောင်တွေလဲ"

"ကျွန် . . ကျွန်တော်တို့က ဧည့်သည်တွေပါဗျာ၊ ရန်ကုန်ကပါ . ."

"ဘာကွ . . ဘယ်သူ့ဧည့်သည်လဲ၊ ဘယ်သူ့ဆီ လာတာလဲ"

"ဟို . . . ဥ . . ဥတိုရွာကို သွားဖို့ပါ၊ ကိုတင်မောင်တို့က ဒီမှာ ခဏနေခဲ့ဦးဆိုလို့"

"အဲ့ဒါနဲ့ပဲ မီးမွှေးတယ်ပေါ့၊ ဟော့ . . . ဒီနှစ်ကောင်ကို ဖမ်းချုပ်စမ်း၊ တာဝန်ခံဆီ ခေါ်သွားမယ်"

"ဟာ . . မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ လူကောင်းတွေပါ"

"မသိဘူးကွာ . . ကောင်းလားဆိုးလား ရဲစခန်းကျမှပြော၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့က စိုက်ကွင်းလုံခြုံရေးပဲ၊ မသင်္ကာရင် ဖမ်းစစ်ရမယ့်တာဝန် ရှိတယ်၊ ကြာတယ် . . . ခေါ်ခဲ့ဟေ့၊ ခုခံရင် တွယ်သာတွယ် . .၊ မီးသတ်ဖို့ နှစ်ယောက်နေခဲ့"

အဲ့သလိုလည်း အတွယ်မခံနိုင်တဲ့အတွက် ကျွန်တော်နဲ့ မိုးဆွေ အသာတကြည်ပဲ လိုက်သွားလိုက်သည်။ သိပ်ဝေးလှသည်တော့မဟုတ်၊ ကျွန်တော်တို့ မြေနီလမ်းအတိုင်း မောင်းလာစဉ်က ရုံးသို့မရောက်ခင် ပင်လယ်ကဗွီးပင် အုံ့အုံ့တွေအောက်၌ လမ်းပေါ်မေးတင်ဆောက်ထားသော တဲတန်းလေးဆီဖြစ်သည်။

တဲတစ်လုံးရှေ့ လူတစ်ယောက် ခါးထောက်ရပ်နေရာသို့ ကျွန်တော်တို့နှစ်ယောက်ကို တွန်းပို့လိုက်ပြီး . . .

"ဒီလူတွေပဲ တာဝန်ခံကြီး၊ ဟိုမှာ မီးသတ်ဖို့တော့ ကျွန်တော့်လူနှစ်ယောက် ထားခဲ့တယ်"

ထိုအခိုက်မှာပင် တစ်ဖက်တဲငယ်ရှေ့ ခုံတန်းလျားမှ လူတစ်ယောက် ဒယီးဒယိုင်နှင့် နိုးထလာပြီး လက်နှိပ်မီးတွေ ဆိုင်ထိုးထားသော အလင်းရောင်အောက်သို့ ရောက်လာလေသည်။

"ဟင် . . . ဒါ ဘယ်လိုဖြစ်တာလဲ"

"ဟာ . . . ကိုတင်မောင်၊ လုပ်ပါဦးဗျာ . . . ဒီမှာ"

"ဗျို့ . . . တာဝန်ခံကြီး၊ ဒါ ကျွန်တော့်ဧည့်သည်တွေလေ ဗျာ"

"အဲ့ဒါ ငါဘာလုပ်ရမှာလဲ၊ မင်းဧည့်သည်တွေ ရုံးဘေးမှာ မီးသွားမွှေးနေတယ်ကွ၊ အထဲမှာ မျိုးစပါးတွေနဲ့ . . အဲဒါ မင်းသိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဗျာ. . . ကျုပ်တောင်းပန်ပါတယ်၊ နောက်ထပ် မဖြစ်စေရပါဘူး၊ ကျုပ်ကြောင့် ဒီလိုဖြစ်ရတာပါ၊ အပြစ်ရှိလို့ အရေးယူလည်း ကျုပ်ကိုပဲယူပါ၊ ညက သူတို့ကားလေးကို အပ်ထားခဲ့ချင်လို့ စိုက်ကွင်းမှူးဆီ ခွင့်သွားတောင်းတာ ဟိုမရောက်ဘဲ ဒီမှာဝိုင်းတွေ့တာနဲ့ ဝင်သောက်ရင်း အိပ်ပျော်သွားလို့ပါ၊ တောင်းပန်ပါတယ် တာဝန်ခံကြီးရယ်"

"ဘာ. . . ဘာတွေဖြစ်နေတာလဲ. . ."

ပုဆိုးကွင်းသိုင်းပြီး ယိုင်တိုင်တိုင်နှင့် ထပ်ရောက်လာသော ကိုဖိုးစောကြောင့် တာဝန်ခံကြီးလည်း စိတ်ညစ်သွားပုံရပါသည်။ ကိုတင်မောင်နှင့် ကိုဖိုးစောက တာဝန်ခံကြီးနှင့် ရင်းနှီးသော ဖထီးဦးမြအေးနှင့် ဦးပိုက်ကြီး၏ တူတော်မောင်တွေဆိုတာလည်း သိနေသဖြင့်. . .

"တောက်. . . ကဲ. . . မင်းတို့လူတွေ မင်းတို့ခေါ်သွားတော့. . မင်းတို့လည်းလစ်တော့. . ၊ သက်သက်မဲ့ အိပ်ရေးပျက်အောင် လုပ်တဲ့ကောင်တွေ"

"ကျေးဇူးပါ. . ဆရာ၊ ကျွန်တော်တို့ကားလည်း ဆရာတို့ဆီမှာ အပ်ထားခဲ့ပါရစေ"

"အလုပ်ကရှုပ်ပြန်ပြီ၊ ထားရင် လမ်းလွတ်အောင်ထားခဲ့"

"ဟုတ်ကဲ့ပါဆရာ. . . ကျေးဇူးတင်ပါတယ်"

မည်သို့ဆိုစေ. . တာဝန်ခံကြီး သဘောကောင်း၍သာ တော်တော့သည်။

ယခုမှပင် ကျွန်တော်တို့နှစ်ယောက် ဟင်းချနိုင်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ကားကို နေရာရွှေ့ထားခဲ့ကာ အံမော့င်ထုထဲ ယိုင်ဆွဲယိုင်ဆွဲနှင့် လျှောက်နေကြသော ကိုတင်မောင်တို့နောက်မှ ခါတ်မီးလေး အားကိုးနှင့် လိုက်ခဲ့ရတော့သည်။

"ဗိုက်ဆာသေးလား မိုးဆွေ"

"အသေပဲ ခံချင်တော့တယ်ကွာ"

ထိုစဉ်. . ရှေ့ကလျှောက်နေသောနှစ်ယောက် ရပ်သွားပြီး. . .

"ဟ. . တင်မောင်. . ထော့ညာ. . ထော့ညာ၊ ငါ့ထော့ညာ ကျန်ခဲ့ပြီ"

"အေး. . . ပြန်ယူလေ၊ ကားထဲမှာ မဟုတ်လား"

"အေးလေ"

"ဒါဆို မင်းနဲ့ဧည့်သည်တွေသွားနှင့်. . . ငါခဏပြန်ပြီး"

ခဏဆိုသောအသံ ကြားလိုက်သည်နှင့် ကျွန်တော်လန့်သွားကာ. . .

"တော်ပါတော့ ကိုတင်မောင်၊ ကျွန်တော် ခင်ဗျားခဏကို ကြောက်သွားပါပြီ၊ ခင်ဗျားတို့ပြောတဲ့ ထော့ညာဆိုတာ ဝက်သား တွဲ မဟုတ်လား"

"အေး"

"မရှိတော့ဘူး. . . ကျွန်တော်တို့ ဗိုက်ဆာလို့ ကင်စား မယ်လုပ်တုန်း ဟိုလူတွေ လာဖမ်းလို့ ကင်ထားတဲ့ ဝက်သားတွဲ လည်း သူတို့ဆီမှာကျန်ခဲ့ပြီ၊ ခုလောက်ဆို စားပြီးလောက်ပြီ"

"ဟေ. . . ကောင်းရောဟ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ရွာရောက်မှပဲ ငါ့ဝက်တစ်ကောင် ပေါ်လိုက်တော့ကွာဖိုးစော. . . သွားကြမယ်"

"ပေါ်တာဟုတ်တယ်၊ တော်ကြာ. . မင်းမိန်းမ မိတင်ပွမ်ပွမ်မြည်နေရင် ဘယ်လိုလုပ်မလဲ"

"ဒီမှာညှော့သည်ပါတယ်၊ ညှော့သည်လာလို့ ဝက်ပေါ်ကျွေးတာ ရတယ်၊ ငါ့မိန်းမက ညှော့သည်ဆိုရင် လုပ်ချင်တာလုပ်ပဲ"

ကျွန်တော်ရော မိုးဆွေပါ ပင့်သက်ရှိုက်ကြသည်။ ထို့နောက် ဒီနားခဏကိုတင်မောင်နှင့် ကိုဖိုးစောတို့ ရှေ့သို့ဆက်ကာ လျှောက်ကြသဖြင့် ကျွန်တော်တို့လည်း ဒရွတ်မဆွဲရုံတမယ် လိုက်ရလေတော့သည်။ အတော်လျှောက်မိမှ. . မိုးဆွေ တိုးတိုးညည်းတွား၏။

"တော်ပါပြီ ခိုင်မြရာ၊ နောက်တစ်ခါ မိန်းမခိုးရမယ်ဆိုရင် မပေါင်းရလည်း နေပါစေတော့"

"အောင်မာ. . မင်းက ဘယ်နှခါခိုးပြီး ဘယ်နှစ်ယောက် ပေါင်းချင်သေးလို့လဲ"

အာရုဏ်တက်ချိန်လောက် ကျွန်တော်တို့ ဥတိုရွာသို့ ရောက်ကြသည်။ ကိုတင်မောင်ကိုယ်တိုင် မြတ်လေးငုံတို့အိမ်သို့ လိုက်ပို့. . နှိုးပေးပြီး အိမ်ပေါ်ရောက်အောင် ပို့ပေးတာတောင် မြတ်လေးငုံ ကျွန်တော်တို့နှစ်ယောက်ကို မမှတ်မိချင်။

အကြောင်းမှာ စိုက်ကွင်းမှ ကျီးပင်ဆိပ်လမ်းအတိုင်းလာရင်း ချောင်းဖြတ်တော့ ကျွန်တော်ရော မိုးဆွေပါ ဟာတားပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကျွံပြီး ချောင်းထဲပြုတ်ကျကုန်ကြသည်။ တံတားက မြင့်သဖြင့်. . အောက်ရေရှိလို့သာ တော်တော့သည်။ ထိုမှတစ ကျီးပင်ဆိပ်ကို ဖြတ်ကာ လှည်းလမ်းအတိုင်း ဖုန်တထောင်းထောင်းနှင့် လျှောက်ကြသည်။ ဥတိုဖက် ကူးတော့. . နွေစပါးစိုက်ခင်းဘောင်တွေမှ လျှောက်ရသဖြင့် မကြာခဏဆိုသလို ရေသွင်းထားသော စပါးခင်းထဲ ချော်ကျလာသဖြင့် မြတ်လေးငုံရှေ့ရောက်တော့ အာဟာရပြတ်နေသော မျောက်နာနှစ်ကောင်ကို ရွှံ့လူးထားသလို ဖြစ်နေလေတော့၏။

"ငါက ဘုရားစူး ခိုင်မြဲပါ မြတ်လေးငုံရယ်၊ ဒါ မိုးဆွေလေ ငါ့မမှတ်မိရင်တောင် ဒီကောင့်တော့. . ."

"သိပြီ. . . ငါသိပြီဟဲ့၊ ငါအံ့သြလွန်းလို့ ကြောင်အ,နေတာ၊ ဘယ်လိုဖြစ်လာကြတာလဲဟာ"

"နောက်မှမေးတော့၊ ငါတို့ ရေချိုးချင်တယ်. . ဗိုက်ဆာတယ်. . အိပ်ချင်တယ်"

"အေး. . အေး. . ရမယ်၊ ကိုတင်မောင်ရေ. . . သူတို့ကို ရေတွင်းဆီ ခေါ်သွားပေးပါဦး၊ တွင်းထဲလည်း ပြုတ်ကျနေဦးမယ်၊ ငါထမင်းချက်ဦးမယ်"

"ရတယ် မိနော်၊ လုပ်. . လုပ်. . နင် လုပ်စရာရှိတာလုပ်"

မိုးဆွေ၏ အဝတ်အစားအိတ်တစ်လုံး ပါလာ၍သာ တော်တော့သည်။ မဟုတ်လျှင် ကျွန်တော်လည်း ကြီးစွာသော ဒုက္ခနှင့် မုချရင်ဆိုင်ရပေမည်။ ဒါတောင် ချောင်းထဲပြုတ်ကျတုန်း

www.burmeseclassic.com

www.burmeseclassic.com



က ရေနည်းနည်းစိုသွားသည်။ ရွံ့ဗွက်လူးနေရတာနှင့် နှိုင်းစာလျှင်တော့ တော်သေးသည်။

ကျွန်တော်တို့ ရေမိုးချိုးစားသောက်ပြီး အိပ်ယာထဲရောက်မှ သက်ပြင်းကိုယ်စီ ရှိုက်ကြသည်။ ဘ၀မှာ ဤမျှခက်ခဲပင်ပန်းပြီး စိတ်ဆင်းရဲစရာ၊ စိတ်လှုပ်ရှားစရာကောင်းသောအလုပ်ကို ပထမဦးဆုံးအကြိမ် နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရခြင်းအတွက် အလွန်မှသစ်လွင်သော အတွေ့အကြုံအဖြစ် ကျွန်တော်လက်ခံကာ ပျော်ပါသည်။ မိုးဆွေကတော့ သူ့အရပ်နှင့် မမီသောလွှာချင်းစောင်တိုလေးအား မျက်နှာအုပ်ကာ လှုပ်တောင်မလှုပ်တော့ပြီ။

၂၂၂၂



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်နေ့ နေ့လည်ခင်း မြတ်လေးငုံကိုယ်တိုင် လာနှိုးမှပဲ ကျွန်တော်တို့နိုးကြသည်။ မျက်နှာသစ်ပြီး နေ့လည်စာ ထမင်းဝိုင်း ဆက်ဝင်လိုက်ရသည်။ မြတ်လေးငုံ၏မိခင် ဒေါ်လေး ဖောက ကျွန်တော်ရောက်လာ၍ ပျော်မဆုံး တပြုံးပြုံးနှင့် ဝက် သားဟင်းတွေ ခပ်ကာထည့်ပေးသည်။

"စားကြ ဖိုးခွားတို့၊ ထော့ညာက ခြေရင်းခြံက တင်မောင် လာပို့တာလေ၊ ငါတို့တောက ဧည့်သည်လာမှ ဟင်းကောင်းစား ရတာ. . စားကြ၊ အားပါးတရစား"

ကိုတင်မောင်တော့ ကျွန်တော်တို့ကို အကြောင်းပြုပြီး သူ့ခြံထဲကဝက်တစ်ကောင် ထုပစ်လိုက်ပြီဆိုတာသိပြီး ကျွန်တော် ရောမိုးဆွေပါ မြိုမကျနိုင်အောင် ဖြစ်သွားသည်။

ငါတို့သာရောက်မလာရင် ဒီဝက်ကလေး အသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာဟု တွေးဖြစ်သွားသည်။ အတွေးကိုဖယ်ပြီး လွှေးကြည့်တော့လည်း အရသာရှိလှသည်။ ဝါးရင်းဝါးရင်း ခံတွင်းတွေ့ကာကိုယ်ချင်းစာတာတွေဘာတွေ မေ့ကာသွားသည်။ ဩော်. . .လူတွေများ။ ကျွန်တော် ထပ်တွေးမိကာ ပြုံးမိလေ၏။

"နင်တို့ ဘာစိတ်ကူးနဲ့ လာကြတာလဲဟယ်. . . အံ့ပါရဲ့"

နင့်ကို လာခိုးတာလို့ စိတ်ထဲကပြောပြီး. . ကျွန်တော်တို့အချင်းချင်းကြည့်ကာ ပြုံးကြ၏။ ထမင်းစားသောက်ပြီး. . အိမ်အောက်မြေထပ်က တန်းလျားရှည်နှင့် စားပွဲဝိုင်းမှာ ရေနွေးသောက်ရင်း စကားပြောကြခြင်း ဖြစ်ပါသည်။ အနားမှာ ဒေါ်လေးဖောလည်း ရှိနေသဖြင့် ဟိုဟာဒီဟာတော့ မပြောဖြစ်ကြ။

"ဘာရယ်မဟုတ်ပါဘူးဟာ. . . အလုပ်မဝင်ခင် အချိန်လည်းရ. . သတိလည်းရတာနဲ့ လာလည်တာ၊ နင် စာသင်နေတယ်ဆို"

"အင်း. . ပညာဒါနပါ၊ လောလောဆယ် ရှိတဲ့လယ်တွေလည်း အစ်ကိုကြီးက ဦးစီးပြီးထည့်လုပ်ပေးနေတော့ ငါတို့သားအမိ စားစရိတ် မပူရတာကြောင့်ပါ"

"ဖိုးခွားမိဘတွေရော စီးပွားကောင်းကြလား"

"ဟုတ်. . . ကောင်းပါတယ်၊ အဖေနဲ့အမေကတော့နေပြည်တော်မှာပဲ၊ အိမ်မှာ ကျွန်တော်တစ်ယောက်တည်းလေ"

"အေး. . . မြို့ကြီးသားလည်းဖြစ်၊ စီးပွားလည်း ခိုင်မာတော့ အဆင်ပြေတာပေါ့၊ အမိုးတို့တောမှာ ဖင်ထဲ့ဝင်မှ ထမင်းစားရတာကွဲ့၊ ကဲ. . . မောင်နှမတွေ စကားပြောရစ်ကြဦး၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



တောင်ဖက်အိမ်က မင်္ဂလာကိစ္စ သွားလိုက်ဦးမယ်. . မနက်က တည်းက လာခေါ်နေတာလေ"

ဒေါ်လေးဖော့ ထွက်သွားတော့မှ ကျွန်တော်နှင့်မိုးဆွေ တို့ မျက်စပစ်ကြသည်။ ထို့နောက် ကျွန်တော်ပဲ ရှောင်ထွက်လာ ပြီး ဒီဖက်ခြံက ကိုတင်မောင်ဆီ လျှောက်လာခဲ့တော့သည်။

ခြံထဲမှာ. . မမိတင်တစ်ယောက်တည်း ကလေးကို ပိုး သဘက်နှင့် လွယ်ပိုးထားပြီး နွားစာစဉ်းနေရာမှ ကျွန်တော့်ကို မြင်သွားသည်။

"ခိုင်မြရေ. . . နင် ငါတို့ရွာကို မမေ့ဘူးပေါ့လေ"

"ဟာ. . . ဘယ်မေ့မလဲ အစ်မရာ၊ ကိုယ့်အမျိုးတွေပဲ ဥစ္စာ"

"ဟုတ်ရဲ့လား. . . မြတ်လေးငုံနဲ့ငါတို့က ဘာမှမတော် ဘူးနော်"

"ဗျာ. . ."

မမိတင်စကားကြောင့် ကျွန်တော်လန့်ပြီး ဟိုဟိုဒီဒီ တွေး မိသွားခိုက် မမိတင် လုပ်လက်စအလုပ်ကို ချထားခဲ့ကာ အိမ် အောက်ထပ်မှာ ရေနွေးသောက်ဖို့ ခေါ်သဖြင့် အတွေးဖြတ်ကာ လိုက်သွားသည်။ ဒေသခံတွေ၏ အိမ်ပုံစံအားလုံးလိုလို တစ်ပုံစံ တည်းလားဟုပင် သတိထားမိစရာ ကောင်းပါသည်။

တစ်ရွာလုံးလိုလို အိမ်ကို ခြေတံရှည် ဆောက်ထားကြ ကာ အိမ်အောက်မြေညီထပ်ပင် အနည်းဆုံး ဆယ်ပေလောက် မြင့် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာထိုင်. . . ရေနွေးသောက်၊ နင်တို့ လာမလားလို့ မြေပဲကြော်ပြီး စောင့်နေတာ၊ ဒီမှာ မြေပဲကြော်"

"ကောင်းတယ်ဗျာ. . . ကျွန်တော်လည်း မမိတင်ရဲ့မြေပဲကြော်ကို လွမ်းနေတာနဲ့ အတော်ပဲ"

"ဟုတ်ရဲ့လား. . အဟင်းဟင်း. . ငါထင်တာတော့"

ကျွန်တော် စောစောကတည်းက တစ်ခုခု လွဲနေပြီဆိုတာကို သဘောပေါက်နေသောကြောင့် မမိတင်စကားကို ဖြတ်ကာ. . .

"ဒါနဲ့ အစ်မတို့ရွာက အိမ်တွေအားလုံး ပုံစံတူကြတယ်နော်၊ ဒီလိုခြေတံရှည်နဲ့ အောက်ထပ် ဒီလောက်အမြင့်မျိုးထားတာကအစပေါ့"

"အဲ့ဒါ ငါ့အဘိုးအဘွားတွေခေတ်က အိမ်တိုင်းလိုလို ဆင်တွေရှိတယ်ဟဲ့၊ ဒီမှာ ဆင်သိပ်၊ အပေါ်မှာ လူအိပ်ပေါ့"

"ဩော်. . . ဟုတ်လား၊ ဆင်တောင် ကိုယ်ပိုင်မွေးထားနိုင်တယ်ဆိုတော့ အတော်ချမ်းသာကြမှာပဲနော်"

"ချမ်းသာလား မသာလား ငါလည်းမသိဘူး၊ အဲ့ဒီခေတ်က အခု ငါတို့ နွားနဲ့အလုပ်လုပ်စားရသလိုပဲ အဖိုးတို့လည်း ဆင်နဲ့ အလုပ်လုပ်စားရတာပေါ့"

"မိုးမိုး. . "

ငါးနှစ်အရွယ်ကလေးမလေး ပြေးဝင်လာကာ မမိတင် ဘေးနား ဝင်ကပ်ပြီး ကျွန်တော့်ကိုလှမ်းကြည့်သဖြင့် သူ့အမေက. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ဦးဦးလေ. . . သမီးမှတ်မိလား"

"ဟင့်အင်း. ."

"သမီးနဲ့တောင် ဟိုဖက်က ဆရာမတို့အိမ်မှာ လက်ဖက်သုတ် လုစားကြသေးတယ်လေ"

"ဟင့်အင်း. ."

"အဲ့ဒါ ဖြူဖွေးလား မမိတင်"

"ဟုတ်တယ်လေ. . . ဒါက ထပ်မွေးတာ၊ ယောက်ျားလေး"

"ဩော. . . ဖြူဖွေးက မောင်လေးတွေဘာတွေတောင် ရနေပြီပေါ့၊ မောင်လေးနာမည် ဘယ်လိုခေါ်လဲ ဖြူဖွေး"

"အာ. . . ရီး"

"အိုး. . . နာမည်က ရှယ်ပါလား၊ ဟားဟားဟား. . . အာရီးတဲ့လား"

"သူ့မောင်လေးငိုရင် တအားအော်လို့ အာရီးတဲ့. . . အဟာင်းဟင်း၊ ဖြူဖွေး. . . မေးကြည့်စမ်း၊ ဦးဦးနဲ့သမီးဆရာမနဲ့ ဘယ်တော့မင်္ဂလာဆောင်မှာလဲလို့"

ကျွန်တော့်စိတ်ထဲ ဒုန်းခနဲပင် မြည်ကာဆောင့်ကာသွားသည်။ မမိတင်ကလည်း ကရင်အမျိုးသမီးပီပီ ဒဲ့ကြီးတောချယိုက်၍ ကျွန်တော် အိုးနင်းခွက်နင်း ဖြစ်ကုန်ကာ. . .

"ဒီ. . ဒီလို မမိတင်. . ဟို. . . အဲ့. . အဲ့ဒီကိစ္စက"

"အမလေး. . . ရှက်မနေပါနဲ့ ငါ့မောင်ရယ်၊ ဟိုတို့တောကလူတွေ ရိုးပေမယ့် ဒီလောက်တော့ သိပြီးသားပါနော်၊ ဒီကိစ္စမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် ယောက်ျားလေးနဲ့မိန်းကလေး ဒီလောက်အဝေးကြီး ဘာလာလုပ်လဲ. . . အဟင်းဟင်း၊ အမိုးကြီးလေးဖော့တောင် စောစောကပဲ ပြောသွားတယ်၊ တောင်ဖက်အိမ်က မင်္ဂလာဆောင်က ငါတို့အိမ်ဖက် မီးပွားကျပြီး ထင်တယ်တဲ့၊ ငါ့သမက်လောင်းတော့ အိမ်ပေါ်ရောက်နေပြီတဲ့. . . ကဲ. . .”

“ဟာ. . . အစ်မ”

ထိုစဉ် နောက်ကနေ ကိုတင်မောင် ဝင်လာပြီး. . .

“အစ်မတွေ အစ်ကိုတွေ လုပ်မနေနဲ့၊ ငါတို့ရွာက ကာလသားတွေက အစဉ်အလာကြီးတယ်နော် ခိုင်မြ”

“ခင်. . ခင်ဗျာ. . . ဘာကိုလဲ”

ကိုတင်မောင် ပြုံးပြုံး,ပြုံးပြုံးနှင့် ဝင်ထိုင်ရင်း. . .

“တစ်ရွာသားက ငါတို့ရွာကအပျိုကို လိုချင်ရင် ကာလသားခေါင်းကို တစ်ပိုင်းထောင်ပေးပြီး အကြောင်းကြားရတယ်၊ ကာလသားတွေက ကျေနပ်မှ အပျိုနဲ့ တွေ့ခွင့်လည်းရှိပြီး ရွာကိုလည်း ဝင်ထွက်ခွင့်ရတယ်၊ အဲ့လိုမဟုတ်ဘဲ ခပ်တည်တည် ဝင်နှိုက်လို့ကတော့ ငါတို့လည်း ခပ်တည်တည် ဝင်ရိုက်ပစ်တာပဲ”

ကြားရတာနှင့်ပင်. . ကျွန်တော်ကျောစိမ့်ကာ အာခေါင်ခြောက်သွားသည်။ ဒီလူတွေ ပြောရင်ပြောသလို လုပ်တတ်တာကြီးက ငြင်းစရာမရှိ၊ ကျောင်းတုန်းက ကျွန်တော်နှင့် မေဂျာတူအတန်းတူ ကရင်သူငယ်ချင်းတစ်ယောက် ရှိသည်။ ဧရာဝတီတိုင်းသားဖြစ်သည်။ ထူးဟုခေါ်ပြီး ဧရာဝတီတိုင်းသားဖြစ်သည်။

‘ငါတို့ကရင်တွေက စကားတစ်ခွန်းပဲ ပြောတယ်၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဇလုံပဲ စားတယ်၊ ချေးတစ်တုံးပဲ ပါတယ်ကွ၊ အီးပေါက်ရင် တောင် တစ်ဘူပဲ. . ပတစ် ပစ်တွေ မပါဘူး. . 'ဟု ပြောပါသည်။

တကယ်လည်း ဟုတ်လေသည်. .။ တခြားမေဂျာက ကောင်မလေးကို သူကြိုက်၍ ရည်းစားစကား လိုက်ပြောသည်။ 'နင် ငါ့ကိုယူမလား'ဟု မေးလိုက်၍ မော်ကွန်းထိန်းရုံးခန်း ရောက်သွားသည်။ ကြက်လျှာစွန်းဆိုင်မှာ ဒန်ပေါက်သွားစားတုန်းက စောလယ်ထူး အဆောင်ကနေ ထမင်းဇလုံ ထည့်ယူလာပြီး ဆိုင်ရောက်တော့ ပြင်ပေးတဲ့ ပုံစံပန်းကန်ထမင်းပွဲအား ဇလုံထဲပြောင်း ထည့်ပြီး ဇလုံမပြည့်သဖြင့် လိုက်ပွဲနှစ်ပွဲ ထပ်မှာကာ ပေါင်းထည့်ပြီး အားပါးတရ စားပါသည်။ ဇလုံကလည်း အတော်ကြီးသည်။ ကျွန်တာတော့ မိုးဆွေပြောမှ သိရသည်။

ကျွန်တော်တို့ မေဂျာအဆောင်က သန့်စင်ခန်းမှာ မိုးဆွေနှင့် စောလယ်ထူးတို့ ဆုံကြသည်။ အခန်းကလည်း တစ်ခန်းတည်းအားပြီး နှစ်ယောက်စလုံး အရေးပေါ်အခြေအနေ ဖြစ်နေခိုက် စောလယ်ထူးက. . .

"ငါဝင်လိုက်မယ် ယောက်ဖ၊ မင်း နားထောင်နေ. . ပလုံခနဲ အသံကြားရင် ပြီးပြီ"

မိုးဆွေ လုဝ လည်း စောလယ်ထူး၏ဗလကို မလှန်နိုင်သဖြင့် ကျန်ခဲ့ကာ [ ]တ်မိုတ်စောင့်ကာ နေရသည်။ သန့်စင်ခန်းက ရိုးရိုးရေလောင်းအိမ်သာဖြစ်ကာ ကျလျှင် ကျတဲ့အသံ ကြားပါသည်။ စောလယ်ထူးစကား မှန်လေ၏။ ပလုံခနဲအသံကြားရပြီးသည်နှင့် စောလယ်ထူး ခုန်ထွက်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော် ရွံ့ကာ ယခုပြဿနာ အမြန်ရှင်းနိုင်ရန် အပြေးအလွှား စဉ်းစားနေရသည်။ ကျွန်တော် မဟုတ်ဘူး၊ မိုးဆွေပါလို့ ပြောလို့ကလည်း မဖြစ်သေး။ ဟုတ်တယ်လို့လည်း ဝန်ခံလို့က မရ။ သူတို့ဘက်က ရိုးရိုးတွက်ပြီး ရိုးရိုးအကဲခတ်ချက်က ကွက်တိမှန်ပြီး. . . ဟုတ်တယ်ဗျာ. . . ဒါကဒီလိုဟု ပြောင်ဖွင့်ပြောလျှင်တောင် ပေးစားကြမှာ သေချာသည်။

ခက်တာက. . မိုးဆွေဘက်က သဘောမတူ။ မင်္ဂလာဆောင်ဟော့ဆို ပြဿနာ။ မပြောမဆိုနဲ့ ဒီကောင်တွေ နယ်ကျော်ပြီး ပြောင်လာနိုက်တာပဲလို့ ထင်သွားရင်လည်း အခက်။

ကျွန်တော် စဉ်းစားရင်းနှင့် အသက်ရှူမဝနိုင် ဖြစ်လာတာ. . ထပြန်ရန်အတွက် နှုတ်ဆက်ဟန်ပြုခိုက် ကိုတင်မောင်က. . .

"မိတင်. . . ငါ သူ့ကို နော်မိုင်တို့ မင်္ဂလာဆောင်အိမ်ကို ခေါ်သွားပြရင် ကောင်းမယ်"

"အေးလေ. . . ကိုယ့်အလှည့်မှာ ဘာလုပ်ရမယ်ဆိုတာ သိအောင်ပေါ့၊ ဒြော်. . . အပါး နင့်ကို ခာတ်မြေသြဇာ သွားတိုက်ပေးဖို့ ခိုင်းထားတယ်နော်"

"အေးပါ. . . ခဏလေးပါ"

"နင့်ခဏက ငါ့သားလူပျိုပေါက်အထိလား"

ကိုတင်မောင် ဘာမှပြန်မပြောဘဲ ပြုံးစိစိနှင့် ကျွန်တော့်ကိုခေါ်ကာ ထွက်တော့သည်။

"သွားမယ် မမိတင်၊ မပြန်ခင် လာလည်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ထမင်းစားလေ. . . ငါလည်း စုံတွဲကျွေးချင်တာ. . . အဟင်းဟင်းဟင်း”

ခက်တော့ ခက်နေပြီ။ အပျက်အပျက်နှင့် ပြင်လို့မရတဲ့ ပြဿနာ ဖြစ်လာတော့မှန်း တွေးမိပြီး ကျွန်တော်ခေါင်းကြီးလာပါသည်။ ဒီလောက် အပိုင်ပြောနိုင်သည့် အခြေအနေ ရောက်လာအောင် ဒီအစ ဘယ်ကထွက်ပါလိမ့်ဟုတွေးရင်း ကျွန်တော့်စိတ်နှင့်ကျွန်တော် နည်းနည်းဝေနေသလို ခံစားရကာ အသက်မပါသော ခန္ဓာကိုယ်နှင့် မညီမညာသော ရွာလည်လမ်းအတိုင်း ခရိုးခရိုင် လျှောက်နေမိတော့သည်။

ခုလောက်ဆို ဟိုနှစ်ကောင်တော့. . .။

အင်း. . . သင်းတို့တော့ အလွမ်းသယ်လို့ ကောင်းနေရောပေ့ါ။ ငါ့မှာတော့. . .၊ ဩော်. . . ငါ့နှယ်. . .။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(သုံး)

ရှုံးပြတ်တောနှင့် ဆော့ကစားခွင့် မရရှာသော လေပြင်းတစ်အုပ်က ငုတ်တုတ်မှေးနေသည့် နွေစပါးခင်းထဲ နင်းဖြတ်ကာသွားသည်။ ဖုံးစလုံးစ . . စပါးပင်တို့ ခါးကိုင်းပေးလိုက်ကြရသည်။ မျက်စိတစ်ဆုံး လယ်ပွဲတွေထဲ ကျီးပင်လို၊ စစ်ပင်လို အပင်ကြီးမျိုးတွေ ဟိုနားတစ်ပင် ဒီနားတစ်ပင် ပေါက်ရောက်နေကြသည်။ မေးကြည့်တော့ ထိုအပင်တွေက သူ့လယ်ပွဲ ကိုယ့်လယ်ပွဲ နယ်နိမိတ် သတ်မှတ်ကြသည့်အပင်တွေဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ချို့လည်း တမင်စိုက်ကြသည်။ အတော်သက်ရင့်နေသည့် အပင်တွေကတော့ ယခင့်ယခင် လယ်ယာမြေထွင်ကတည်းက နယ်မြေသတ်မှတ်ဖို့ မခုတ်ဘဲ ချန်လှပ်ခဲ့ကြသည်။ စစ်ပင်လိုအပင်ကြီးတွေက တစ်မိုးလုံး စိမ်းမှောင်ကာ နေပျောက်မထိုးအောင် အရိပ်ကောင်းလှပြီး နွေရာသီလို အရိပ်တကယ်လိုသည့်အခါ အရိုးပြိုင်းပြိုင်းကျသွားသည်။ ကျီးပင်ကတော့ ပင်ပျိုတက်စ လူတစ်ထိုင် လွတ်ပါပြီဆိုကတည်းက ရာသီမရွေး အေးမြသောအရိပ်ကို ပေးစွမ်းနိုင်လေသည်။

မိုးဆွေနှင့်မြတ်လေးငုံတို့လည်း သူမတို့လယ်ပွဲထဲက ကျီးပင်ရိပ်အောက် ရောက်နေသည်မှာ တစ်နာရီနီးပါး ရှိသွားပြီ။

ရောက်စက ရှေးဟောင်းနှောင်းဖြစ်ပြောရင်း မိုးဆွေမိဘများ၏သဘောထားကို ပြန်ပြောမိရင်း သူမ ငိုလိုက်ရသေးသည်။ မိုးဆွေ အတန်ကြာအောင် တောင်းပန်ရင်း ပြန်ချော့ထားရသည်။ နှစ်ယောက်သား အတော်လေးကြာအောင် စကားသံတိတ်နေပြီးမှ မြတ်လေးငုံက စပြောသည်။

"ငါပြောပြရင်. . နင်အံ့ဩမှာပဲ မိုးဆွေ"

"ဘာလဲ မြတ်လေးငုံ"

"အမိုးက ငါနဲ့ခိုင်မြတ်တို့ ကြိုက်နေကြတာလားလို့ မနက်က မေးတယ်လေ"

"ဟော. . ."

"သူသိတာလည်း ခိုင်မြကိုပဲ သိတာလေ၊ အပျိုကို ဆေးဘူဖို့ ခိုင်မြတ်တို့အိမ်မှာ သွားတည်းတော့ ခိုင်မြကလည်း ဂရုစိုက်


www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား. .၊ အပါး နှာရေးတုန်းကလည်း ခိုင်မြဲဒီမှာ တစ်ပတ်လုံးနေသွားတယ်၊ အခုတစ်ခါ ဘာအကြောင်းကိစ္စမှ မရှိဘဲ ရောက်လာတယ်ဆိုတော့ ခိုင်မြဲကို ငါနဲ့ကြိုက်နေတယ်လို့ ထင်သွားတာပေါ့"

"ဟာ. . . အဲ့ဒါ နင်ဘယ်လိုပြောလိုက်လဲ"

"မဟုတ်ဘူး. . သမီးကြိုက်တာ ဟိုတစ်ယောက်လို့ပြောရင် နင်အနေကြံ့မှာပေါ့၊ ငါလည်း မပြောရဲဘူးလေ၊ အဲ့ဒါကြောင့် ရှိုးရှိုးပဲ ငြင်းလိုက်တယ်"

"လက်ခံသွားလား. . ."

"ဟင့်အင်း. . ပိုတောင်ဆိုးလာသေးတယ်၊ ငါတို့ ဖိုးခွားလေးနဲ့ဆို အမိုးသဘောတူတယ်၊ အခုယူချင်ရင် အခုပေးစားမယ် ပြောနေလို့. .၊ ဟာ. . အမိုးက ဘာတွေလာပြောနေမှန်း မသိဘူးလို့ အော်လိုက်ရသေးတယ်"

နဂိုကမှ အူတိုတိုရှိလှသော မိုးဆွေတစ်ယောက် ခေါင်းတွေကုတ်. . နှာခေါင်းတွေပွတ်ရင်းက. . .

"မထူးတော့ဘူး မြတ်လေးငုံ၊ ကြာရင် ပိုရှုပ်ကုန်လိမ့်မယ်၊ ငါ. . ငါတို့ ဖွင့်ပြောလိုက်ကြရအောင်"

"နင်ထင်သလို မလွယ်ဘူးနော်၊ အမိုးက ခိုင်မြဲကို မြင်နေသရွေ့ ငြင်းမှာပဲ၊ ငါတို့ ကရင်လူမျိုးက မှောက်လိုက်လှန်လိုက် မလုပ်တတ်ဘူး၊ သူတို့စိတ်ထဲ ဒါဆိုဒါပဲ၊ အမိုးက ပညာလည်း နည်းတော့ ပိုဆိုးတယ်"

"ဟား. . . ငါတော့ ရူးချင်တာပဲဟာ၊ အခု ငါတို့ ဘာအ



www.burmeseclassic.com

www.burmeseclassic.com


တွက်ရောက်လာတယ်ဆိုတာ နင်သိလား"

"ဟင့်အင်း"

"နင့်ကို လာခိုးတာ"

"ဗုဒ္ဓေါ. . ."

သူမ တကယ်လန့်သွားပါသည်။ ဒီလိုအကြောင်းနှင့်ဆိုတာကို လုံးဝမျှော်လင့်မထား၍လည်း ဖြစ်သည်။

"ဒါတော့မဖြစ်ဘူး မိုးဆွေ"

"ဟာ. . . ဘာလို့မဖြစ်ရမှာလဲ၊ ငါ့မှာ ကားလည်းပါလာတယ်၊ ငါတို့ တစ်နေရာရာမှာ အခြေချပြီး ငါ့မိဘတွေ ငြင်းလို့မရအောင် လုပ်မယ်ဟာ"

မြတ်လေးငုံ ဖြည်းလေးစွာ ခေါင်းခါပါသည်။

ထို့နောက်မှ. . .

"ငါတို့ရွာမှာ စာမတတ်တဲ့ မိန်းကလေးတောင် ခိုးရာလိုက်ပြေးတဲ့ အလေ့အထမရှိဘူး မိုးဆွေ၊ ငါက ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ပြီး လုပ်ရမလား"

"ဟာ. . ဒါကတော့ အခြေအနေနဲ့ အချိန်အခါလေဟာ"

"နင် စိတ်မစောပါနဲ့၊ ငါ နင့်ကိုပဲချစ်တာပါ၊ အချိန်နည်းနည်းယူပြီး အမိုးနားလည်အောင် ငါပြောပါ့မယ်၊ အမိုးလက်ခံပြီဆိုတာနဲ့ နင့်ဆီဖုန်းဆက်မယ်"

"ငါမစောင့်နိုင်တော့ဘူးဟာ. . နင်လည်း ငါ့အကြောင်းသိတာပဲ၊ ဒါလိုချင်တယ် ဒါလုပ်ချင်တယ်ဆို. . ရမှကျေနပ်တယ်"

မြတ်လေးငုံ ပင့်သက်ရှိုက်ကာ မိုးဆွေရင်ခွင်ထဲ ခေါင်းတိုး


www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်သည်။

"နင် ငါ့ဖက်နည်းနည်းတွေးပေးပါ။ အမိုးနဲ့အပါး ပင်ပန်းမှန်းသိရက်နဲ့ ငါ့ပညာရေးအတွက် အားလုံးကို ကျောခိုင်းခဲ့တာ ဘယ်လောက်ကြာသွားသလဲ၊ အတန်းငယ်တုန်းက မှော်ဘီက ဒေါ်ဒေါ်တို့အိမ်မှာ၊ အတန်းကြီးလာတော့ ရန်ကုန်တက်ပြီး အဆောင်မှာ၊ ငါအိမ်ပြန်မရောက်နိုင်သေးခင် ငါ့အပါးလည်း ဆုံးခဲ့ပြီ၊ အခု ငါကျောင်းပြီးလို့ အိမ်ပြန်ရောက်တာ (၂)နှစ်မပြည့်သေးဘူး၊ တစ်ယောက်တည်းကျန်တော့တဲ့ အမိုးကို ပစ်ထားခဲ့ပြီး နင်နဲ့လိုက်ခဲ့ရမယ်တဲ့လားဟင်"

"ဒါလည်း ခဏပါမြတ်လေးငုံ၊ ငါ့မိဘတွေ လက်ခံပြီး ငါတို့လက်ထပ်ပြီးတာနဲ့ အမိုးကိုပါ ရန်ကုန်ခေါ်ထားမယ်. . . ဘယ့်နှယ့်လဲ. . ."

"ဟင့်အင်း. . အဲ့ဒီအစီအစဉ် ငါသဘောမကျဘူးမိုးဆွေ၊ နင်သတ္တိရှိရင် ဒီည နင် အမိုးကိုဖွင့်ပြော၊ အမိုး သဘောတူလက်ခံရင် နင့်မိဘ,ဘက်က သဘောထားကိုပါ ပြောပြ၊ ဒါလည်း အမိုးကျေနပ်ရင် ငါတို့တတ်နိုင်သလောက်ကလေးနဲ့ ရွာမှာပဲ မင်္ဂလာဆွမ်းကျွေးပြီး လက်ထပ်မယ်"

မိုးဆွေ ပင့်သက်မောကြီး မှုတ်ချကာ အံကိုကြိတ်လိုက်၏။ တခြားနည်းလမ်း မရှိတော့ဘူးဆိုတာ သေချာနေသည့်အတွက် မြတ်လေးငုံပြောသည့်အတိုင်းလုပ်ဖို့ စိုးရိမ်မကင်းစွာ သဘောတူလိုက်တော့၏။

"အေးဟာ. . . မထူးဘူး အဲ့ဒီအတိုင်းပဲ လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"အမိုးငြင်းရင်ကော. . ."

"မပြောပါနဲ့တော့ မြတ်လေးငုံ၊ ငါ အရမ်းမွန်းကြပ်နေပြီ ဟား"

"အေးလေ. . . ငါတို့ ဆုတောင်းကြတာပေါ့"

၂၂၂၂


www.burmeseclassic.com

www.burmeseclassic.com



အခုမှန်တော့ ကျွန်တော်နှင့် ဉတိုရွာက မစိမ်းတော့ဟု ပြောနိုင်သည်။ မြတ်လေးငုံ ဖခင်နာရေးကိစ္စနှင့် ဒီမှာတစ်ပတ်လုံးလုံး နေလာခဲ့၍ ရွာကလူတွေ အတော်များများ မျက်မှန်းတန်းမိနေပါသည်။ သို့သော် ပုံမှန်ထက် အနည်းငယ် ပို၍အလေးပေး ဆက်ဆံကြတာကတော့ သတိထားမိစရာပင်။ ဒေါ်လေးဖောတို့ မြတ်လေးငုံတို့မျက်နှာနှင့် သူတို့ညှော်သည်မိုလို့လား၊ ရန်ကုန်သား သူဌေးသား ပညာတတ်ဆိုသော ဂုဏ်ကြောင့်လား၊ ဘာကြောင့်ပဲဖြစ်ဖြစ် လောလောဆယ်တော့ အနေကြို့စရာ၊ အားနာစရာ ဖြစ်လောက်အောင်ကို ဦးစားပေးကာ ဂရုစိုက်နေကြသည်။

"ဟဲ့. . . ဧည့်သည်ရေနွေးအိုး သွားကြည့်စမ်းပါဦး"

"ကြည့်ထားပါတယ် အမေရဲ့၊ အခုမှ နှစ်ခွက်နဲ့တစ်ငုံပဲ သောက်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမြည်းချထားသော ပဲကြော်ပန်းကန်ထဲ ရောက်နေသော ကျွန်တော့်လက်တွေ ဇွန်းဖျားနားက ပြန်ရုတ်ကာ ရေနွေးပန်းကန်ထဲက ရေနွေးလက်ကျန်လေး မော့သောက်လိုက်ရသည်။ ဒီအတိုင်းဆို ကျွန်တော် ပဲကြော်ဘယ်နှစ်စွန်းနှင့် ဘယ်နှစ်စိစားသည်ဆိုတာကအစ စာရင်းလုပ်ထားပေတော့မည်။

ကိုတင်မောင်ခေါ်လာ၍ မင်္ဂလာဆောင်မည့် သတို့သားအိမ် တက်ထိုင်နေမိခြင်းဖြစ်ကာ. . ကျွန်တော့်အား ရေနွေးနှင့် ညည့်ခံရင်း ကလေးလူကြီး ဝိုင်းပတ်ပိတ်ကာ ထိုင်နေကြတော့၍ ကျွန်တော် ထပြေးလျှင်တောင် လွတ်ဖို့မလွယ်။

လောလောဆယ်တော့. . ထိုင်နေသူ လူကြီးများထဲက ရန်ကုန်အကြောင်းသိကောင်းစရာများ တစ်ယောက်တစ်မျိုး မရိုးရလေအောင် အလှည့်ကျမေးမြန်းနေကြသဖြင့် ကျွန်တော်လည်း သိသမျှအားလုံး မဖုံးမကွယ် ဖြေကာနေရ၏။

ကျွန်တော့်ကို ဒီအိမ်မှာပို့ထားသော ကိုတင်မောင်ကိုဖြင့် အရိပ်အယောင်မျှပင် မတွေ့တော့ပြီ။ သူ့အဖေ ဦးပိုက်ကြီး ခိုင်းထားတာကိုပဲ ပြန်လုပ်နေတာလား၊ အိမ်ဝိုင်းထဲက အရိပ်ပင်တွေအောက် ထိုင်သောက်နေကြသော ဝိုင်းတစ်ဝိုင်းထဲမှာပဲ ရောက်နေပြီလား မဆိုနိုင်ချေ။ ကျွန်တော်လည်း ညမှ တစ်ခေါက်ပြန်လျှောက်လာခဲ့ပါဦးမည်ဟု ကတိပေးပြီး ထပြန်လာခဲ့ပါသည်။

မေးပါများ စကားရသော်လည်း. . ပြောပါများလျှင် မှားတတ်သည်။ ထို့ကြောင့် မမှားခင် ပြန်ခဲ့၏။

"ဟော့. . . သတို့သားလောင်းကြီး"

www.burmeseclassic.com



ဒီအသံက ကျွန်တော့်အတွက်မဟုတ်မှန်း သိပေမယ့် အမှတ်တမဲ့ အသံလာရာဆီ အကြည့်ရောက်မှ ကျွန်တော် နားအုံနားရင်း ကားခနဲဖြစ်ကာ လန့်လေ၏။ တခြားမဟုတ်. . သတို့သားလောင်းကြီးဆိုသည်မှာ ကျွန်တော့်ကိုပင် ရည်ညွှန်းတာဖြစ်ပြီး. . ခေါ်သူက ကိုဖိုးစော ဖြစ်ပါ၏။

ကျွန်တော်ပြန်ဖို့ ခြေဝဖက်အထွက် မအူပင်အရိပ်မှာကြိုတ်နေကြသော ဝိုင်းထဲက. . ကိုဖိုးစော လှမ်းခေါ်နေခြင်းပင်။ ဆိုတော့ကာ ကျွန်တော့်မှာ အားနာပါးနာနှင့် နားကြောတွေပါနာကာ ထိုဝိုင်းသို့ လျှောက်သွားလိုက်ရသည်။

ဘုရား. . ဘုရား. . ကိုတင်မောင် ဒီဝိုင်းမှာပဲကိုး. . ။

သူတို့ဝိုင်းဘေးမှာ အစိတ်ဝင်အိုးတစ်လုံး ရှိနေပြီး ထိုအိုးထဲမှခပ်ကာ သောက်နေသည်မှာ ရေတော့မဖြစ်တန်ရာ။ အနံ့ရမှ အရက်မှန်းသိကာ လန့်မိသည်။ ဝိုင်းအလယ်မှာ ဝါဖျော့ဖျော့ဝက်သားတုံးတွေက ဇလုံတစ်လုံး တည်ထားသည်။ အရက်ခပ်သောက်လိုက် ဝက်သားတစ်တုံး ပစ်ထည့်လိုက်နှင့် ကောင်းနေကြသောသူတွေကြားထဲ. . ကျွန်တော့်မှာ မျက်စိသူငယ် နားသူငယ်။

"ချမလား. . . ဝက်သားနဲ့လေ"

"အာ. . . ချပါဗျာ၊ ကျွန်တော် မသောက်တတ်လို့ပါ"

"မရဘူး. . . တစ်ခွက်တော့သောက်၊ ဒါ မင်္ဂလာအရက်ကွ၊ မင်းရဲ့မင်္ဂလာဆောင်မှာလည်း မင်းကိုယ်တိုင် မင်္ဂလာအရက်သောက်ပြီး ကာလသားတွေကို ဝိုင်းဖွင့်ပေးရမှာ၊ အခုဟာတည်းက

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ထား. ."

"အာ. . . မဖြစ်လို့ပါဗျာ. . . တောင်းပန်ပါတယ်"

ထိုစဉ် ကိုဖိုးစောက. . .

"ကဲပါကွာ. . ဧည့်သည်စိတ်ညစ်အောင် မလုပ်ပါနဲ့၊ သူ မသောက်လည်း သူပြောတာ နားထောင်ရရင်. . ကျေနပ်တယ် မဟုတ်လား"

"ကျေနပ်တယ်. . . ကျေနပ်တယ်"

"ကဲ. . . ခိုင်မြ၊ ဒါ ငါတို့ရွာရဲ့အပိုင်းလိုက် ကာလသား ခေါင်းဆောင်တွေပဲကွ၊ သူတို့က တဆင့်စကားနဲ့ နားစွန်နားဖျား ကြားထားတာပဲ ရှိတယ်၊ အဲ့ဒါကြောင့် ကာယကံရှင်ကိုယ်တိုင် ပြောတာ ကြားချင်တယ်တဲ့ကွာ"

"ဘာများလဲ ကိုဖိုးစော"

"မင်းနဲ့မြတ်လေးငုံကိစ္စလေကွာ"

"ဟာ. . . အဲ့ဒါ လုံးဝမဟုတ်ပါဘူးဗျာ၊ တကယ်ဘုရားစူး ပါ၊ ဒါပေမယ့်. . ဟုတ်တယ်ဗျ ဒီလို"

"တွေ့လား. . . ကြားလား. . . ဟုတ်တယ်တဲ့ကွ"

"အာ. . ကိုတင်မောင်၊ ဟုတ်တယ်ဆိုတာက ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော့်သူငယ်ချင်း မိုးဆွေပါ၊ ကျောင်းပြီးကတည်း က မတွေ့ရတော့လို့ အဲ့ဒါလာတွေ့ရင်း အခြေအနေပေးရင် ဒေါ် လေးဖောကိုလည်း ဖွင့်ပြောခွင့်တောင်းရင်းနဲ့ လာကြတာဗျ"

"လုံးဝသဘောမတူဘူးကွ"

အိုးခနဲ မြည်အောင် ထအော်ပစ်လိုက်သော. . တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြောင့် ကျွန်တော်လည်း လန့်ကာ ထရပ်သည်။ အားလုံးလိုလို မိုးတိုးမတ်တတ် ဖြစ်ကုန်ကြစဉ် စောဇစာကလူက. .

"ဒီမှာ. . ယောက်ဖ၊ ငါက ဒီရွာရဲ့ကာလသားဂိုဏ်းချုပ် လူပျိုကြီးစောထီးပဲ၊ ငါသိသလောက် မင်းက ငါတို့ဖထီး ဆေးကုဖို့ ရန်ကုန်သွားတော့ အားလုံးကူညီခဲ့ဖူးတယ်၊ ဖထီးနာရေးတုန်းကလည်း မင်းပဲလာဟူညီတယ်၊ မင်းတို့ ရန်ကုန်သား ဖင်ပွပွတွေ ငါတို့ ကြည့်မရပေမယ့် မင်းကိုတော့ လေးစားတယ်၊ အဲဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ ဖထီးသမီးကို မင်းနဲ့သဘောတူတာ. . ရှင်းပြီလား၊ ဟိုကောင်က ဘာလုပ်လဲ. . ဘာမှလည်း မကူညီဘူး၊ မြင်လည်း မမြင်ဖူးဘူး၊ အခုမှ ပေါ်လာပြီး. . ငါတို့ ဖိုးမူလေးကို ယူမယ်ဆိုတော့ လုံးဝမရဘူးကွ. . မှတ်ထား၊ ငါ့စကားနဲ့ဓားနဲ့ အတူတူပဲနော်၊ ပြောပြီးရင် ပြတ်တယ်"

ကိုတင်မောင် ပျာပျာသလဲနှင့် ရှေ့တိုးလာကာ. .

"ကျွန်တော်သိတယ် အစ်ကိုကြီး၊ စိတ်ချ. . . အားလုံး စိတ်ချမ်းသာစေရမယ်၊ လာ. . လာ. . ခိုင်မြ"

ကျွန်တော် ခြံပြင်ရောက်မှပဲ ပင့်သက်ရော သက်ပြင်းရော မောထုတ်ကာ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်သွားသည်။

"ဖိုးစောက မြွေကွာ. . ၊ မခေါ်နဲ့လို့ ထပ်ပြောတာတောင် လှမ်းခေါ်တယ်၊ စောထီးမူးလာရင် မမြင်တော့ဘူးဟ. . ခွကျတာပဲ၊ မင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"ဟာ. . . အစ်ကို၊ အဲ့ဒါ အမှန်ပဲလေ"

"ဟော. . "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တကယ်ပြောနေတာ ကိုတင်မောင်၊ ခုလို ပြောတာတောင် အတော်စဉ်းစားချင့်ချိန်ပြီးမှ ပြောတာ၊ မပြော ရင် ကြာလာတာနဲ့ ရှုပ်ကုန်တော့မယ်၊ ကျွန်တော်လည်း မြတ် လေးငုံကိုမကြိုက်ဘူး၊ မြတ်လေးငုံကလည်း ကျွန်တော့်ကိုမကြိုက် ဘူး၊ သူတို့ချင်း ကြိုက်နေကြတာ လေးနှစ်လောက်ရှိသွားပြီ၊ ဒုက္ခ တော့ ရောက်ပြီဗျ. . ."

ကိုတင်မောင်လည်း ဘာဆက်ပြောရမှန်း မသိ၍ နဖူး တွေချည်း လွတ်ကုတ်တော့၏။ ခဏကြာမှ. . .

"ဟာ. . . ဒါဆို ငါတို့အတွက်လွဲပြီပေါ့ကွ၊ အဲ့ဒါ. . မင်း ယောက္ခမ. . အဲ. . အဲ. . လေးဖောက စပြီးလွဲတာ၊ သူက မင်းပဲ ထင်နေတာ"

"မဟုတ်ဘူးဗျာ. . ဘယ်လိုရှင်းရမှန်းတောင် မသိတော့ ဘူး"

သို့သော် ထိုပြဿနာကို ရှင်းချင်သူက ရှင်းနှင့်လေပြီ။ ရှင်းခွင့်ကြုံသွားတယ်ပဲ ပြောရမလား။ ဒေါ်လေးဖော သတို့သမီး အိမ်ကပြန်အလာ ခြံဝရောက်မှ ဖိုးစောတို့ လယ်ပွဲအစပ်ကနေ လျှောက်ပြန်လာကြသော မိုးဆွေနှင့်မြတ်လေးငုံကို တွေ့မြင်သွား ခြင်း ဖြစ်လေသည်။

ပထမတော့ ခိုင်မြနှင့်ဟုထင်ပြီး ဒေါ်လေးဖော ပြုံးကာ လှမ်းကြည့်နေရင်းက သေချာကြည့်မှ ခိုင်မြမဟုတ်ဘဲ ဒေါ်လာ သော အဖော်တစ်ယောက်ဖြစ်နေ၍. . မဲ့ကာ ရပ်စောင့်နေလေ သည်။ မိုးဆွေတို့လည်း ကိုတွတ်ပီလက်ချက်နှင့် အံသက်ထွက်ရ



www.burmeseclassic.com

www.burmeseclassic.com



ရှာသော ငှက်တစ်ကောင်လို. . ,ရှောင်ကာမှ ထိလေတော့သဖြင့် အိုးတိုးအန်းတန်းဖြစ်ကာ ရောက်လာကြသည်။

ဒေါ်လေးဖောက မြတ်လေးငုံကို ကရင်ဘာသာနှင့် ခတ်ငေါက်ငေါက်လေး ပြောလိုက်သည်။ မြတ်လေးငုံက ခတ်ဖော့ဖော့လေး ပြန်ဖြေပါသည်။ ဒါကို ဒေါ်လေးဖော ကျေနပ်ပုံမရဘဲ ဒဲ့ကြီးချဲတော့၏။

"ဘယ်လိုပဲဖြစ်ဖြစ် နင်တို့တွေ ဒီလိုတွဲပြီး လျှောက်သွားနေတာ ဖိုးခွားလေးမြင်ရင် ကောင်းမလား၊ နင်တို့ ပညာတတ်တွေဖြစ်ပြီး မတွေးတတ်ဘူးလား".

ဖိုးခွားလေးဆိုတာ သွားကိုက်မပျောက်ဆေး ကြော်ငြာတာ မဟုတ်ဘဲ. . ခိုင်မြဲကို ရည်ညွှန်းမှန်း မိုးဆွေသိသဖြင့် ရင်ထဲကြပ်နေမှု ဒီမှာပဲဖြတ်ပြီး အန်ချဖို့ ပြင်လေသည်။

"ကျွန်တော်ပြောတာ သည်းခံပြီး နားလည်ပေးပါ အမိုး"

"မိုးဆွေ"

မြတ်လေးငုံ တားသော်လည်း မရတော့ပါ။ မိုးဆွေ ဒီထက်ပိုပြီး လွယ်မထားနိုင်တော့ဘူး ထင်ပါသည်။

"ကျွန်တော်နဲ့မြတ်လေးငုံက ကျောင်းတက်နေစဉ်ကတည်းက မေတ္တာမျှ နကြတာပါ အမိုး၊ ခိုင်မြဲနဲ့ မဟုတ်ပါဘူး"

ဒေါ်လေးဖောက လန့်ကာ သူ့သမီးကို မျက်လုံးပြူးပြီး လှမ်းကြည့်သည်။ မြတ်လေးငုံလည်း မထူးတော့ပြီမို့လို့ ထိတ်ထိတ်လန့်လန့်နှင့်ပင် ခေါင်းညိတ်ပြလေသည်။

"ဟင်. . . နင်. . နင်တို့တွေ ငါ့ကိုအရှက်ခွဲပြီပေါ့၊ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ. . ငါက ဖိုးခွားနဲ့ပဲလို့ထင်ပြီး ပြောမိလို့ တစ်ရွာလုံး သိနေပြီဟဲ့၊ ဩော်. . . ငါ့နှယ် သေချင်တော့တာပဲ၊ နေပါဦး နင်က ဘယ်ကန် ကတက်ပြီး ငါ့လယ်ပွဲထဲ ရောက်လာတာလဲ"

"ဗျာ"

မိုးဆွေ အူလည်လည်ဖြစ်သွားစဉ် ထိုစကားကို နောက် ကနေရောက်လာသော ခိုင်မြနှင့်ကိုတင်မောင် ကြားပြီး ကိုတင် မောင်က ဝင်ရှင်းသည်။

"မင်းက ဘယ်ဇာတိလဲ၊ ဒီရွာကို ဘာကိစ္စနဲ့ လာတာလဲ လို့ ဒေါ်လေးဖောက ပြောနေတာ"

ကျွန်တော်ဆိုလည်း နားလည်မည် မထင်။ လယ်မြေနှင့် ပတ်သက်လို့ ကျွန်တော်တို့ ကြားဖူးတာ လယ်ကွင်း၊ လယ်တော စသည်ဖြင့် ရှိသော်လည်း ဒီနယ်မှာတော့ လယ်ပွဲဟု ခေါ်ပါ သည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပေကိုး။

လောလောဆယ်တော့ ဒေါ်လေးဖော ဘာ့ဂါထာတွေ ရွတ်ပြီး ဘယ်လိုဆန်းတာတွေ ပြောနေသည်ဆိုတာ ကျွန်တော် မသိ၍ နားစွင့်ထားလိုက်သည်။ ထိုစဉ်မှာပင် ဒေါ်လေးဖောက ကျွန်တော့်ကို ကြည့်ပြီး. . .

"ဖိုးခွား"

"ဗျာ"

"နင်နဲ့မြတ်လေးငုံ့ မကြိုက်တာ ဟုတ်သလား"

ကျွန်တော် ရုတ်တရက် မဖြေနိုင်ပေမယ့် အခြေအနေကို ချက်ချင်းသိပြီး ကပျာကသီ ခေါင်းညိတ်ချလိုက်သည်။ ဒေါ်လေး

www.burmeseclassic.com

www.burmeseclassic.com



ဖောမျက်နှာ ချက်ချင်းပင် ခက်ထန်လာကာ. . .

"အေး. . . ငါနားလည်ပြီ၊ ငါတို့ထုံးစံအရတော့ သမီးပျို ရှိတဲ့အိမ်မှာ သတို့သားလောင်းပဲ တည်းခွင့်နေခွင့် ရှိတယ်၊ အဲ့ဒီတော့ ငါသဘောတူတဲ့ သတို့သားပဲ အိပ်ရမယ်၊ ဖိုးခွား. . နင်ကိုယ်တိုင်က ငါနဲ့သဘောမတိုက်ဆိုင်ရင် နင်လည်း လာမအိပ်နဲ့၊ နင့်ကိုလည်း နားမထောင်တော့ဘူး၊ ကဲ. . လာ. . မြတ်လေးငုံ၊ ဟဲ့. . တင်မောင် နင့်အကောင်တွေ နင်ခေါ်သွားပြီး စဉ်းစားခိုင်း. . ဒါပဲ"

"အမိုး. . . အမိုး. . . အဲ့သလို မလုပ်ပါနဲ့. .၊ သူတို့က အဝေးကလာတဲ့ဧည့်သည်တွေပါ"

"ဖိုးမူ. . . နင့်ပါးစပ်ပိတ်ထား၊ ငါမကျေနပ်ရင် စောထီး လက်ထဲ အပ်လိုက်မှာနော်"

စောထီးဆိုတာနှင့် မြတ်လေးငုံလည်း ရေမငုံဘဲ နှုတ်ပိတ်ကာသွားသည်။ ကျွန်တော်လည်း မိုးဆွေကိုပခုံးဖက်ကာ ခပ်စိုက်စိုက်ထွက်သွားသော. . ကိုတင်မောင်နောက်မှ လိုက်လာခဲ့လေသည်။ ဘာမှမသိသော မိုးဆွေက ယက်ကန်ယက်ကန် လုပ်ချင်နေသော်လည်း 'ငါ့စကားက မားနဲ့အတူတူပဲကွ၊ ပြောပြီးရင် ပြတ်တယ်' ဆိုသောအသံကို ကျွန်တော်ကြားယောင်နေပြီး သက်ပြန်ပင် မရှူဝံ့ပါချေ။

ရိုးသားသော တောသူတောင်သားတို့ ဓလေ့စရိုက်ကို ကျွန်တော် သိတန်သလောက်သိသလို ကြုံတန်သလောက်လည်း ကြုံဖူးပါသည်။ အဖေ နေပြည်တော်ကနေ ခဏပြန်ဆင်းလာစဉ်



www.burmeseclassic.com

www.burmeseclassic.com



က အမေနှင့်အတူ အညာဒေသက အလုပ်သမားနှစ်ယောက် ပါလာပါသည်။ အိမ်က အဖေ့အလုပ်ခန်းထဲက ပစ္စည်းအချို့ သယ်ယူဖို့နှင့် မန္တလေးရုံးခွဲအတွက် အခြားလိုအပ်သောပစ္စည်း များ ပေးပို့နိုင်ရန် ခေါ်လာခြင်းဖြစ်သည်။ နှစ်ယောက်စလုံး စီးလာသောဖိနပ်တွေ သိပ်မကောင်းကြ။

တစ်ယောက်ဆို ဖင်နောက်မြီးပါးကာ ခွက်နေသဖြင့်. . ကျွန်တော် မစီးဖြစ်တော့သောဖိနပ်တွေကိုထုတ်ကာ ကြိုက်တာ ရွေးစီးဖို့ ပေးလိုက်သည်။ သူတို့ခြေဖဝါးဆိုဒ်နှင့် ကျွန်တော့်ဆိုဒ် က ကံကောင်းထောက်မစွာပင် တူနေ၍ အဆင်ပြေနိုင်ပါသည်။ သို့သော်. . တစ်ယောက်မျှမယူပါချေ။ သူတို့စီးထားသော ဆင် ကြယ်မြင်းကြယ်ဖိနပ်တွေနှင့် နှိုင်းစာလျှင် အနိမ့်ဆုံး နှစ်သောင်း ဝန်းကျင်တန်ဖိုးရှိသော ကျွန်တော့်ဖိနပ်များအား မငြင်းသင့်ပါ ချေ။ သို့တိုင်. . ငြင်းလေ၏။

မေးကြည့်တော့ တစ်ယောက်က ဒီဖိနပ်တစ်မျိုးတည်း အနေကြာ အစီးကြာလာ၍ တစ်ခြားဖိနပ်ကို မစီးတတ်ပါဟု ဆို ပါသည်။

နောက်တစ်ယောက်က ပိုလှသည်။ ရွာမှာကျန်ခဲ့သော ချစ်သူက ဝယ်ပေးထားသောဖိနပ်ဖြစ်၍ ပြတ်လျှင်တောင် သိမ်း ထားမှာဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်လည်း ပေးချင်စိတ် က မကုန်သေးသဖြင့် မဝတ်ဖြစ်တော့သော အဝတ်အစားများကို ပေးပါသည်။ တစ်ယောက်ကို သုံးစုံစီလောက် ရသွားကြပါသည်။ ဒါတော့ လက်ခံသည်မို့ ကျွန်တော်လည်း ဝမ်းသာပြီး နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်တစ်နှစ်. . အဖေ ရန်ကုန်ဆင်းလာတော့ ကျွန်တော်မေးသည်ပေါ့။ အဖေ ကျွန်တော်ပေးလိုက်တဲ့ အဝတ်တွေ သူတို့ဝတ်လားဆိုတော့ အဖေက ရယ်ပြီး. . .

"မဝတ်ဘူး သားရေ၊ အဖေကတောင် ဘာလို့မဝတ်တာလဲ. . ဝတ်ကြလေဆိုတာ သူတို့ကပြောတယ်ကွ၊ 'မင်းတု,တုရင် ခွေးသေ,သေတယ်လို့ လူကြီးတွေက ဆုံးမလို့ပါ ဆရာ'တဲ့၊ 'အခုဟာက သူဌေးသားလေး အဝတ်အထည်တွေဆိုတော့ ခွေးသေ,သေမှာစိုးလို့ မဝတ်ရဲတာပါ'တဲ့၊ ဒါပေမယ့်. . 'ကိုယ့်ကျေးဇူးရှင် ပစ္စည်းလက်ဆောင်မို့လို့ ရွာပြန်ပို့ပြီး အမေ့ကို သိမ်းခိုင်းထားပါတယ်'တဲ့. . . အဲ့သလိုဟေ့. . ."

ကိုင်း. . . မခက်ပေဘူးလား၊ လှေနံဓားထစ်ပြီး ချစ်စရာကောင်းသော သူတို့စရိုက်ကို ကျွန်တော်ဘယ်သောအခါမျှ အပြစ်မမြင်ပါ။ သူတို့ဉာဏ်မီသလောက် သတ်မှတ်ထားသောစည်းကမ်းနှင့် အရပ်သုံးစလေ့ကို အသေခံပြီး စွဲမှတ်ကျင့်သုံးနေတာလေးတစ်ခုနှင့်ပင် လေးစားစရာကောင်းလှသည်။ ကျွန်တော်တို့ ကိုရွှေမြို့သားများကတော့ ထိုသို့မဟုတ်ပါ၊ ပညာကလည်းတတ် အမြင်ကလည်းကျယ်၊ သုတကလည်းကြွယ်ဆိုတော့ကာ ဥပဒေကို လက်တစ်လုံးခြားလေး လုပ်စားတတ်ကြသည်။

"ရိုးရိုးကျင့် မြင့်မြင့်ကြံ"ဆိုသော ဆုံးမစကားအား ပြောင်းပြန်လှန်ကာ "ရသလောက်ကုပ်၊ ယုတ်သလောက်ဂွင်"ကာ နေကြတော့သဖြင့် ဘယ်သူကမှ ဘယ်သူ့ကို မယုံနိုင်သလို ဂျီအီးဂျီ

www.burmeseclassic.com



လန့်ရသည့်အဖြစ်နှင့် ကြုံတော့သည်။

ငါ့ကို ဘယ်သူလာလိမ်မလဲ၊ ဒီလူနဲ့ အလုပ်လုပ်ရတာ စိတ်ချရပါ့မလား၊ ဘတ်သွားရင်ကော၊ ဟိုကောင်ဆင်းနေပြီ. . ဘီးတပ်လွတ်လိုက်ရင် မြန်မြန်ကျမယ်ထင်တယ်၊ သပ်လျှိုပြီး အချွန်နဲ့ မ,လိုက်ရင် ကားသွားပြီ၊ ဒီကောင်က ဘာမို့လို့ ငါ့ထက်သာနေတာလဲ. . ဖွဲ့ကွာ. . .။

စသည်ဖြင့် ရင်နင့်အောင် ညစ်နွမ်းလှသော စာရိတ္တများ မဏ္ဍိုင်ကျိုးကာ ဆိုးမှုဆိုးရာတွေနှင့်ပဲ တစ်နေကုန်ရ၏။

ဒီမှာတော့ တစ်ဖက်လူ၏ဒေါသကို မြင်နေရပြီး ကိုယ့်အတွက် အန္တရာယ်ရှိ၍ ကြောက်စိတ်ဝင်နေတာတောင် ချစ်ခင်နှစ်သက်စိတ်က မပြယ်ချင်။ သေလျှင်တောင် တန်တယ်ဟု. . မပြောကောင်း၍ သာ။

ကိုတင်မောင်တို့ ဆင်ဝင်အောက်(အိပ်အောက်ထပ်)သို့ ရောက်လာကြပြီး သိပ်မကြာ. . ။ မြတ်လေးငုံ မျက်ရည်တွေနှင့် မိုးဆွေ ခရီးဆောင်အိတ်ကြီးပွေ့ပြီး ရောက်လာပါသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ ငါပြောတယ်. . အမိုးက မရဘူးဆိုတာ မိုးဆွေ ငါ့စကားကို နားမထောင်ဘူးဟာ၊ အခုတော့ ခက်ကုန်ပြီ"

ကျွန်တော် မနေတတ်မထိုင်တတ်ဖြင့် အာချောင်ရပြန်သည်။

"ကဲ. . . ဖြစ်ပြီးမှတော့ မတတ်နိုင်ဘူး၊ မေးခွန်းမှန်ရင် အဖြေရှိတယ်၊ ငါတို့ စိတ်ရှည်ရှည်နဲ့ ခေါင်းအေးအေးထားဖို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



လိုတယ်"

"အေးပေါ့. . . မင်းက စင်ပေါ်ကဆိုတော့ ပြောအားရှိတာပေါ့"

"ဘာ. . ."

မိုးဆွေထံမှ ဤမျှကလေးဆန်သောစကားမျိုး ပြောထွက်တာပင် အံ့စရာကောင်းနေသည်။ ကျွန်တော် ဒေါသလည်းထွက်သွားသည်။

"မင်းဘာပြောချင်တာလဲ မိုးဆွေ"

"မင်းမသိလို့ မေးနေတာလား ခိုင်မြ၊ အခု ငါတို့ ဘာလာလုပ်တာလဲ၊ ငါက ဘယ်နေရာမှာ ရောက်နေလဲ"

"တောက်. . ."

ကျွန်တော် တောက်ခတ်ပြီး ဝုန်းခနဲ ထရပ်ပစ်လို့ ကိုတင်မောင်က. . .

"ဟော့. . ဟော့. . မင်းတို့ မဟုတ်သေးဘူး၊ တော်ကြစမ်း"

ထိုအခိုက်မှာပင် မိုးဆွေက မြတ်လေးငုံကို လက်ဆွဲကာ အိမ်ရှေ့မှ ထွက်သွားပြီး. . .

"ငါ ဒီည နေ့ခင်းကထိုင်ခဲ့တဲ့ ကျီးပင်အောက်က စောင့်မယ်၊ နင် ဘာပစ္စည်းမှမယူဘဲ ထွက်လာခဲ့ဟာ၊ ငါတို့ ပဂိုး(ပဲခူး)မှာ ခဏလောက်သွားရှောင်နေလိုက်မယ်၊ အချိန်တစ်လအတွင်းမှာ အားလုံးအဆင်ပြေစေရမယ်လို့ ငါကတိပေးတယ်"

"ငါ နင့်ကို ယုံကြည်ပြီးလိုက်ခဲ့ဖို့ကို စဉ်းစားရတော့မယ် မိုးဆွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

မိုးဆွေတစ်ကိုယ်လုံး တုန်ခါသွားသော်လည်း သူမ အမူအယာက အေးစက်စွာ။

"နင်စဉ်းစားကြည့်လေ. . အခုလို ဘာမဟုတ်တဲ့ အခက်အခဲလေးတစ်ခုကိုတောင် ကလေးဆန်တဲ့စိတ်နဲ့ မထွေးနိုင် မအန်နိုင်ဖြစ်နေတာ၊ တစ်ဘဝစာလုံးအတွက် နင်ဘယ်လိုတာဝန်ယူမလဲ၊ ငါ့ဒူးခေါင်းက မျက်ရည်သုတ်ဖို့ မဟုတ်ဘူးနော်"

"မြတ်လေးငုံ. . . နင်. . နင်. . ဟိုကောင့်ကို စိတ်ယိုင်"

"ဖတ်. ."

"အ. ."

ဆော်ပဟလို့. . ကိုတင်မောင် ခပ်တိုးတိုး ညည်းသော်လည်း သွားမဆွဲရဲသလို ရပ်ကာကြည့်နေသည်။ ကျွန်တော်လည်း နောက်တစ်ခါ အစော်ကားမခံရအောင် နှာစေးနေပါသည်။ ဘာတွေပြောလို့ ဘာတွေဖြစ်ကုန်မှန်း မသိပါ။ ခဏကြာတော့ မြတ်လေးငုံ မျက်ရည်တွေနှင့် တစ်ဖက်ခြံသို့ ပြေးထွက်သွားတော့၏။ ဒီတော့မှ ကျွန်တော် မိုးဆွေဆီ လျှောက်သွားစဉ်အနားရောက်သည်နှင့် မိုးဆွေ ကျွန်တော့်မျက်နှာကို လက်သီးတစ်လုံး ပစ်သွင်းလိုက်တော့၏။

"ဂွပ်. . ."



www.burmeseclassic.com

www.burmeseclassic.com



အချစ်အကြောင်း
ပြောကောင်းကောင်းနှင့်
ပြောပေါင်းများလှ
နားရည်ဝ၏။

လောကလူ့ဘုံ
တကျော့ခံဝယ်
ချစ်ပုံဘယ်နည်း
ချစ်ခရီးဘယ်လို
ချစ်လိုကဘာ
ချစ်ပညာကား
စုံစွာစီသွန်း
ထုံထုံမွှမ်း၍
ချစ်လွန်းမက

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(လေး)

မိုးဆွေ ပြန်သွားပါသည်။ သူ့အိတ်သူ စိတ်ဆိုးမာန်ဆိုးနှင့်ဆောင့်ဆွဲသဖြင့် ဆွဲကိုင်းပြုတ်သွားကာ ပခုံးနှင့်ထမ်း၍ ထွက်သွားသည်။ ကျွန်တော် မနေနိုင်ပါ။ ပြေးလိုက်သွားတာမျိုးလည်း မလုပ်ပါ။

"ကိုတင်မောင် လိုက်ပို့ပေးလိုက်ပါဗျာ၊ ဒီကောင် သူ့အိမ်ဆီ ပြန်ရောက်မှာမဟုတ်ဘူး"

"သွားပစေကွာ. . . ငါတောင် တီးချင်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(လေး)

ပိုးခွေ ပြန်သွားပါသည်။ သူ့အိတ်သူ စိတ်ဆိုးမာန်ဆိုးနှင့်ဆောင့်ဆွဲသဖြင့် ဆွဲကိုင်းပြုတ်သွားကာ ပခုံးနှင့်ထမ်း၍ ထွက်သွားသည်။ ကျွန်တော် မနေနိုင်ပါ။ ပြေးလိုက်သွားတာမျိုးလည်း မလုပ်ပါ။

"ကိုတင်မောင် လိုက်ပို့ပေးလိုက်ပါဗျာ၊ ဒီကောင် သူ့အိမ်ဆီ ပြန်ရောက်မှာမဟုတ်ဘူး"

"သွားပစေကွာ. . . ငါတောင် တီးချင်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မလုပ်ပါနဲ့ဗျာ၊ သူက ဒီလိုပါပဲ၊ စိတ်ဆိုးတုန်းခဏပါ၊ လုပ်ပါဗျာ. . . အကူအညီတောင်းတာပါ"

ဆိုတော့လည်း ကိုတင်မောင် ငေါက်ခနဲထကာ လိုက်သွားသည်။ ကျွန်တော်နှင့် မမိတင်တို့သားအမိပဲ ကျန်တော့မှ တစ်ဖက်ခြံက ဒေါ်လေးဖော ရောက်လာပါသည်။

"နင့်နှမတော့ ငိုနေပြီ ဖိုးခွားရေ၊ ငါလည်း စိတ်ဆင်းရဲပါတယ်"

"ဒါဆိုလည်း သူတို့လူငယ်ချင်း မေတ္တာရှိနေကြတာ သဘောတူလိုက်ပါလား ဒေါ်လေးဖောရာ"

"ဟိုး. . . အဲ့ဒီကောင်ဆို ငါနားမထောင်ဘူး၊ ဒီမှာဖိုးခွား နင်ဘာလို့မကြိုက်တာလဲ. . ငါ့သမီးက မလှလို့လား၊ ဆင်းရဲလို့လား. ."

ကျွန်တော် စိတ်ညစ်ကာ ခေါင်းကုတ်မိသည်။ သူတို့သဘော နားထောင်အောင်. . (ကျွန်တော်တို့စကားနဲ့ နားလည်အောင်)ဘယ်လိုပြောရပါ့လို့တွေးကာ ကြိုးစားကြည့်မိသည်။

"ကျွန်တော်တို့နှစ်ယောက်က ဖူးစာမပါတာပါ ဒေါ်လေးဖော၊ စတွေ့ကတည်းက မောင်နှမသံယောဇဉ်ထက်ပိုတဲ့စိတ်မျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးတာပါ၊ မိုးဆွေနဲ့က အဲ့သလိုမဟုတ်ဘူး၊ သူတို့ချင်းတွေ့ပြီး ဘာမှမကြာဘဲ ကြိုက်သွားကြတာ၊ အခုဆို သူတို့ရည်းစားဖြစ်တဲ့သက်တမ်းက လေးနှစ်လောက်ရှိနေပြီ၊ ဒါဆို ကျွန်တော်က ဘယ်လိုစိတ်နဲ့ ဖြတ်ခုတ်မှာလဲ ဒေါ်လေးဖောရယ်. . . စဉ်းစားကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် မမိတင်ဆီက ဟင်းခနဲ သက်ပြင်းချသံ ကြားရကာ စကားပြောလာပါသည်။

"သူပြောတော့လည်း ဟုတ်သလိုပဲ အမိုးကြီးရယ်. .၊ ငါလေ. . . အမိုးတို့ အပါးတို့ မြန်းပေးတဲ့လူနဲ့ ငါ့တင်မောင်ကို ပေါသလို ယှဉ်ကြည့်တာ တစ်ခြားစီပဲ၊ ဟိုလူက အသားလည်း ဖွေး၊ ရုပ်လည်းဖြောင့်၊ ပိုက်ဆံလည်း တော်တော်ရှိတယ်၊ အင်းစိန် ကလေ. .၊ အလုပ်အကိုင်တော့ ငါမသိဘူး၊ အသောက်အစား မရှိဘူး၊ ငါ့တင်မောင်က အမိုးကြီး မြင်တဲ့အတိုင်းပဲ. .၊ သူ့အဖေ ကိုဖိုးပိုက်ကြီးကို ယူရင်တောင် ဒီလောက်ပင်ပန်းမှာ မဟုတ်ဘူး၊

ဒါပေမယ့်လေ. . ငါလေ. . တင်မောင်ကို ဘယ်လိုချစ် မှန်းကို မသိဘူး၊ ဒင်းမကောင်းမှန်းသိလည်း ချစ်နေတာပဲ၊ ချစ် တယ်ဆိုတာကြီးက နားမထောင်လို့မရဘူး အမိုးကြီးရဲ့၊ ငါတို့ နတ်ကျသလိုပဲ. . အချိန်ကျလို့ မသုံးရရင် နေမထိတော့ဘူး"

"ကဲ. . ကဲ. . တော်ပြီ မိတင်၊ ငါက ထွေးပြီးအန်ပြီး ပြန် မမြိုဘူး. . ဒါဆိုဒါပဲ၊ ဖိုးခွားလည်းစဉ်းစား. . ငါပေးစားချင်တယ်၊ မယူချင်ရင် အိမ်ပေါ်မတက်နဲ့တော့၊ နင့်ကျေးဇူးကို ငါမမေ့ဘူး၊ ငါ့သဘောလည်းမပြင်ဘူး၊ နင်နားလည်ရင်လွယ်တယ်၊ နင့်ကျေး ဇူးနဲ့ ငါ့သဘောက အတူတူပဲ၊ နင်တို့ ပညာတတ်တွေ တွေးကြည့် သိတယ်"

ဒေါ်လေးဖော စကားဖြတ်ပြီး ဟိုဟိုဒီဒီ ရှာသလို ကြည့် ရင်းက. .

"ဟိုအကောင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်သွားပြီ အမိုးကြီး"

"အေး. . . ကောင်းတယ်၊ ငါနဲ့လည်း ရေစက်ကန်းတယ် ဟဲ့၊ သူ့မျက်နှာကို ဘယ်လိုမှ နားထောင်လို့မရဘူး၊ သူလည်း ဖိုးခွားလို သူ့ဌွေးတွေပဲလား"

"အာ. . သူက ကျွန်တော့်ထက်တောင် ပိုချမ်းသာသေး တယ်"

"ကမ္ဘာကြီး ပိုင်ထားလည်း ငါနားမထောင်ဘူး၊ ငါ့စိတ်ထဲ မှာ နင်ပဲ. . . အဲ့ဒါပဲ"

ပြောပြီး ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိပြီး ပါးစောင်ခဲ ကာ ထွက်သွားလေတော့၏။ ကျွန်တော်နဲ့မမိတင်လည်း ရေနင် သလိုနင်ပြီး အင့်ကာကျန်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညအဖို့ ကျွန်တော် ကိုတင်မောင့်အိမ်မှာပဲ အိပ်ဖို့ ဆုံးဖြတ်ရတော့သည်။ ပြဿနာက မိုးဆွေကိုလိုက်ပို့သော ကိုတင်မောင် ပြန်ရောက်မလာသေးသဖြင့် ယောကျ်ားသားမရှိသောအိမ်တွင် အိပ်လို့မသင့်မှန်း တွေးကာ. . .

“မမိတင်. . . ကျွန်တော် မင်္ဂလာဆောင်အိမ်ဖက် ခဏလျှောက်ဦးမယ်”

“အေး. . အေး. . တင်မောင်တော့ ဘယ်မှာ ဖင်ထောင်နေပြန်ပြီလဲ မသိဘူးဟော့၊ လာရင် အဲ့ဒီဘက်လွှတ်လိုက်မယ်”

ကျွန်တော် မြတ်လေးငုံတို့ခြံရှေ့က ဖြတ်လျှောက်တော့ သူမကို အရိပ်အယောင်မျှပင် မတွေ့ပါချေ။ မင်္ဂလာဆောင်မည့်အိမ်ကတော့ အဘယ်မျှအသက်ဝင်ကာ စိတ်လှုပ်ရှား စည်ကားနေမည်ဆိုတာ ဆောင်းဘောက်သံ တဒုန်းဒုန်းကို အဝေးကပင်



www.burmeseclassic.com

www.burmeseclassic.com



ကြားနေနိုင်ပါသည်။ ရောက်သွားတော့ ပိုလို့တောင် ပျော်ရွှင်မိသေးသည်။

သတို့သမီးနှင့် သတို့သားအိမ်က. . ဟိုဘက်ခြံ ဒီဖက်ခြံ ဆက်စပ်နေသောကြောင့် အိမ်နှစ်အိမ်ကြား တကယ်ပင်ရွှေလမ်း ငွေလမ်း ပေါက်လို့နေတော့သည်။

ကျွန်တော်တို့မြို့က မင်္ဂလာဆောင်နှင့်. . ဒီကမင်္ဂလာဆောင် ကွာခြားချက်ကို ကြုံလို့ပြောပြချင်ပါတယ်။

ဇနီးမောင်နှံအသစ်တို့ ရိုးရာကန်တော့တာ စုံဖက်အပ်နှင်းတာက အရပ်ဒေသနှင့် မျိုးနွယ်ကိုလိုက်၍ အနည်းငယ်သာ ကွဲပြားမှုရှိသော်လည်း ကြွရောက်ချီးမြှင့်သူတွေကို ကျွေးမွေးဧည့်ခံပုံက အလွန်မှ ထူးခြားကွဲပြားပါသည်။

မနက်ဖြန် မင်္ဂလာရက်ဆိုသည်နှင့် ဒီနေ့လို မနက်ခင်းကတည်းက. . ရွာခံကာလသားများ၊ သာရေးနာရေးလူကြီးများ ရောက်လာပြီး တာဝန်ခွဲဝေကာ ယူကြသည်။

မဏ္ဍပ်ကိုတော့ သတို့သမီးအိမ်မှာ ပြင်ဆင်ပြီး အကျွေးအမွေးရေးနေရာအား နှစ်အိမ်ကြား တလင်းပြင်(သို့မဟုတ်)မြေကွက်လပ် အခင်းအပြန့်ကောင်းသောနေရာကို ရွေးပါသည်။

သတို့သားအိမ်ကား ရပ်ဝေးမှရောက်လာသော နှစ်ဖက်ဧည့်မိတ်များ ညအိပ်တည်းခိုရန်ဖြစ်သည်။

ဤသို့ဖြင့် မနက်ခင်းကတည်းက အချိန်တစ်ခုနီးပါး ထွက်သော ဝက်တစ်ကောင်လုံးပေါ်ကာ ခုတ်ထစ်တုံးတစ်ပြီး မိုးပြဒယ်ကြီးများနှင့် ထည့်ပြုတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကြိုတင်စုဆောင်းထားသောထင်းအား မီးဆိုက်ရန် အသင့်ဖြစ်အောင် ခွဲသူခွဲ၊ ပေါက်သူပေါက်၊ ရေခပ်သူခပ်နှင့် ရှိနေခိုက် အမျိုးသမီးများကလည်း ဆန်ပြာဆန်ရွေးလုပ်ကြ၊ ဟင်းရွက်သင်သူ၊ ငြုပ်သီးဆားထောင်း ထောင်းသူတွေနှင့် ထောင့်စေ့နေကြပြီး လုပ်အားပေးသူများ စားသောက်နိုင်ဖို့ ချက်ပြုတ်သူက ချက်လေသည်။

ဤသို့ . နေ့လည်ခင်းမှာ . ဗာဟီရအလုပ်များ ပြီးသလောက်ဖြစ်သွားကာ လုပ်အားကူသော အမျိုးသမီးများ ကိုယ့်အိမ်ကိုယ်ပြန်သွားကြသည်။ ကိုရွှေအမျိုးသားများကတော့ ထိုအချိန်မှစတင်၍ သောက်ပွဲကျင်းပလေ၏။

သတို့သားက စုဆောင်းထားသော အရက်အိုးများထုတ်ပေးပြီး တစ်ခွက်သောက်ကာ ဝိုင်းဖွင့်ပေးလိုက်သည်။ မနက်ကတည်းက ပြုတ်ထားသော ဝက်သားအိုးကြီးတွေလည်း ဘယ်အိုးဖွင့်ဖွင့် နူးအိနေပြီဖြစ်ကာ မီးလျှော့၍ထားလိုက်ပြီး. . အရက်အတွက် အမြည်းဟင်းလည်း ဖြစ်လာလေတော့သည်။

ထိုသို့သောက်ရင်းစားရင်း နားနေကာ. . ညနေစောင်းသွားသည်။ မီးစက်လည်း နိုးပြီဖြစ်၍ မနက်ခင်းကတည်းက မင်္ဂလာဆောင်မှာ ကာရာအိုကေဆိုဖို့ စာရင်းပေးထားကြသူများ ဝတ်ကောင်းစားလှဝတ်ကာ ဟိုမှသည်မှ ထွက်ပေါ်လာကြသည်။

ခြေထောက်မှာ ဖိနပ်တော့ မပါပါချေ။ အားလုံးတော့ မဟုတ်။ တစ်ချို့တော့ ဖိနပ်စီးကြသည်။ တစ်ချို့လည်း ဖိနပ်ခါးကြားထိုးကာ ပါအောင်သယ်လာတတ်ပါသည်။ သို့ဖြင့် ဆိုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတစ်ပုဒ် ကိုယ်တစ်ပုဒ်နှင့် နားပုပ်အောင် ဆိုကြကာ ညဥ့်နက်တိုင်အောင် ထိုအစီအစဉ်နှင့် ဆွဲခေါ်လာခဲ့သည်။ ကာလသားပေါက်ကလေးများလည်း မခေပါ။

ဒီဖက်ခြံက အရက်အိုးဆီ ပြေးမော့လိုက်၊ ဟိုဘက်ခြံကို ပြေးအော်လိုက်နှင့် ယနေ့ခေတ် ဟာစ်ဟော့၊ ဟာစ်ပေါ့ါသ်၊ ရော့ခ် သီချင်းများအား အသံအားကောင်းကောင်းနှင့် အော်ဟစ်နိုင်သည့်အပြင် နယ်ကြိုက် တွံတေးသိန်းတန်နှင့် ဗညားဟန်သီချင်းတွေပါ သီဆိုနိုင်ကြသည်။

ဆိုရင်းအော်ရင်း မန်ဒါလီလည်ပင်း လှည်းနင်းထားသည့် အသံမျိုး ထွက်လာမှပင် ဆိုပျော်ကီစွ ရပ်လိုက်ကြကာ အစီအစဉ် ပြောင်းပါသည်။

တီဗီကို နှစ်ခြံကြားရှိ တလင်းပြင်ကနေ ကြည့်မြင်သာအောင် နေရာရွှေ့ကာ ထုတ်ကြသည်။ ဆိုလို့ဝ၍ တော်လိုက်ကြသော အဆိုတော်ကာလသားလေးများက အရက်အိုးနား ခေါင်းစိုက်နေသော ကာလသားကြီးများကို နှိုးကာ တစ်ချို့လည်း တွဲ၍ခေါ်ကာ သတို့သားအိမ်ပေါ် ဆွဲတင်လိုက်ကြသည်။

စောင်မလို၊ ခြင်ထောင်ခေါင်းအုံးတွေ မလိုဘဲ အိမ်လုံးပြည့် ခင်းထားသောဖျာပေါ်က လွတ်သောနေရာမှာ ဝင်ခွေပြီး ခါးမှာလိမ်စည်းထားသည့် ပုဆိုးကိုခြုံကာ အိပ်ပါသည်။

မဏ္ဍပ်အပြင်ထုတ်ထားသောတီဗီမှာ. . ဇာတ်ကားခွေ စတင်ထိုး၍ပြချေပြီ။ အခွေကြည့်ဖို့ စောင့်နေသော ကလေးများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် လူကြီးတစ်ချို့ တီဗီရှေ့ အပြေးအလွှား နေရာယူကာ ကြည့်ကြစဉ် တစ်ရွာလုံးရှိ မိန်းမပျိုလေးများ ဟိုမှသည်မှ ပေါ်ထွက်လာကြသည်။

သူတို့အားလုံးလိုလို ကိုယ်စီထမင်းအိုးလေးတွေ ပါလာကြသည်။ ကိုယ့်အိမ်မှာရှိတဲ့အိုးကို ဆွဲယူလာကြ၍ လေးလုံးဝင်၊ တစ်ပြည်ဝင်၊ တစ်ချို့လည်း နှစ်လုံးဝင် အိုးလေးတွေ ကိုယ်စီကိုင်ကာ တလင်းပြင်ကို ဗဟိုထားပြီး တီဗီရှိသောဖက်သို့ ပစောက်ပုံဖွင့်ပြီး ဝိုင်းထိုင်လိုက်ကြသည်။ ပေနှစ်ဆယ်ပတ်လည်လောက်တော့ ရှိခြိမ့်မည်။

မိန်းကလေးအဖွဲ့ ရောက်လာသည်နှင့် ညဉ့်နက်တာဝန်ယူထားပုံရသော ကာလသားလေးများက မိန်းကလေးတစ်ဦးချင်းစီရှေ့မှာ ဖိုခနောက်လုပ်ဖို့ အုတ်ခဲနှစ်လုံး၊ ထင်း၊ ရေပုံး၊ ဆန်ကို စိတ်တောင်းခွဲတောင်းတွေနှင့် သယ်ယူချပေးကာ ထမင်းရည်ငှဲ့ဖို့ ရေအိုးထောင်လေးတွေပါ အစီအရီ ပို့ပေးကြတော့သည်။

မိန်းကလေးများကလည်း ပစ္စည်းစုံသည်နှင့် မီးထိုးကာ ချက်လေသည်။ ထိုးပြထားသော ဗီဒီယိုဇာတ်ကားကြည့်ရင်း ကိုယ်ယူလာသောအိုးနှင့် တစ်အိုးပြီးတစ်အိုး မီးထိုးကာ ငှဲ့ကာ ချက်ကြသည်။

ကာလသားလေးများက ထမင်းတောင်းတစ်တောင်းနှင့် ချက်ပြီးသား ထမင်းများကို လှည့်ကာယူပါသည်။ ရေလိုလျှင်ရေဖြည့်၊ ဆန်လိုလျှင်ဆန်ဖြည့်၊ ထင်းဆိုထင်း၊ ထမင်းရည်ပြည့်လျှင် ယူပြီးသွန်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းရည်ကို မြေကျင်းကြီးတစ်ကျင်း တူးထားပြီး အထဲမှာ ပလတ်စတစ်ခင်းကာ လောင်းသွန်ထည့်ပါသည်။ ဝက်စာလိုသူတို့က လာခပ်ယူနိုင်ရန်ဖြစ်သည်။

ဤဖြင့် မနက်လေးနာရီ ထိုးသောအခါ အခွေအတော်အသင့် ပြသနိုင်ပြီး ထိုင်ရာမထ ချက်ပြုတ်သူများလည်း ထမင်းတောင်းကြီး. ငါးတောင်းလောက် အမောက်ချက်ပြုတ်လို့ ပြီးစီးသွားလေ၏။ သို့မှ တီဗီလည်းပိတ်ကာ ထိုင်ကြည့်သူတို့ ပြန်ကြသည်။

လုပ်အားကူသူတို့ ထမင်းပူပူ ဖြုပ်သီးဆားထောင်း၊ ဝက်သားပြုတ်နှင့် ထိုင်တုတ်နေကြပြီး ပြန်အိပ်လေတော့သည်။

ကာလသားလေးများကလည်း စားသောက်သိမ်းဆည်းပြီး သူတို့တာဝန်ပြီးပြီမို့လို့ တက်ခွေနေကြသော ကာလသားကြီးများကိုနှိုးကာ တာဝန်ချိန်းကြသည်။

နိုးထလာသော ကာလသားကြီးများနေရာမှာ ကာလသားလေးများ ဝင်ခွေကြသည်။ တစ်ချို့ကလည်း အိမ်ပြန်အိပ်ကြသည်။

အိပ်မှုန်ထလာသော ကာလသားကြီးများ မျက်နှာသစ်တာ ကျွန်တော်မတွေ့ပါ။ မှောင်နေလို့လား မဆိုနိုင်။ သို့သော် အိမ်အောက်ရောက်သည်နှင့် အရက်တစ်ခွက်မော့၊ ဝက်သားတစ်ဖတ် ကောက်ဝါးကာ သူတို့လုပ်ရမည့်အလုပ်ကို စတင်လေတော့သည်။

ထမင်းချက်သွားသော တလင်းပြင်နေရာကို ရေဖြန်းကာ

www.burmeseclassic.com



ပြောင်စင်နေအောင် လှည်းကျင်းကြသည်။ ပြီးမှ ပေလေးဆယ် ပတ်လည်လောက် တိုင်တွေစိုက်ကာ ခါးစောင်းလောက်ရှိသော ဝါးထရံများကို ပတ်၍ကာပါသည်။ အထဲမှာ လူသွားလမ်းတွေ ချန်ပြီး ကောက်ရိုးတွေ ဖြန့်ကာခင်းကြသည်။ ပြီးမှ သတို့သမီး အိမ်အောက် စုကာထပ်ထားသော ထမင်းစားပွဲများကို ချခင်းလေ တော့သည်။

တစ်ဖွဲ့က ထိုသို့လုပ်ကိုင်နေခိုက် တစ်ဖွဲ့က ဟင်းအိုးကို မီးထိုးပြီး ပြုတ်ထားသောဝက်သားများကို လုံးချက်,ချက်ကြ သည်။ သင်ပြီးသား ချဉ်ပေါင်ရွက်တွေ ရေဆေးပြီး ငါးဆယ်အိုး ကြီးနှင့် ချဉ်ပေါင်ဟင်းရည် ချက်ပါသည်။

သူတို့တတွေ အစီအစဉ်တကျ လုပ်ကိုင်ပြီးချိန်မှာ မိုး လင်းကာသွားသည်။ လင်းကြက်က အောက်အီးအီးအွတ်လို့ပင် မပြီးသေးခင်. . မင်္ဂလာဆောင်လာသော ဧည့်သည်များ တဖွဲဖွဲ ရောက်လာလေတော့သည်။ တစ်ချို့လည်း ခြေလျင်၊ တစ်ချို့ လည်း လှည်းတွေနှင့် ကလေးလူကြီးစုံစွာ တစ်အုံတစ်မကြီး လာ ပါသည်။

ဧည့်ခံရေးအတွက် တာဝန်ယူထားသော အမျိုးသမီးကြီး တွေလည်း လူစုံပြီဖြစ်၍ ကာလသားကြီးများအား လုပ်အားဖြည့် ကာ စားပွဲများပြင်ဆင်လိုက်ကြသည်။ စားပွဲအလယ်မှာ ဝက်သား ဇလုံ၊ ချဉ်ပေါင်ဟင်းရည်ဇလုံ၊ ငြုပ်သီးထောင်းဇလုံတည်ကာ . ထမင်းတောင်းတွေကို အတွင်းဖက်ကပ်၍ စီရီကာထားသဖြင့် အကြိုက်အောနိုင်ကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသော ဧည့်ပရိသတ်များက သတို့သမီး အိမ်ဖက် တန်းကာသွားပြီး လက်ဖွဲ့ကမ်းရင်း သတို့သား သတို့သမီးကို ငမ်းကြသည်။

ပြီးမှ ပြန်လျှောက်လာကာ ကျွေးမွေးရေး ဝင်းထဲဝင်ကာ ကြိတ်တော့သည်။ ငြုပ်သီးကလည်း ငန်ငန်စပ်စပ်၊ ဟင်းရည်ကလည်း ချဉ်ချဉ်၊ ဝက်သားကလည်း အိအိထွေးထွေး၊ ဗိုက်ပူပူလေး ပွတ်ကာပွတ်ကာနှင့် ပြန်ထွက်လာကြသောသူတွေ ကိုကြည့်ပြီး ကျွန်တော် ပီတိဖြစ်ရသည်။

ယိုင်ပတ်ကာပြီး ကျွေးသည့်သဘောက ကြည့်ရင်းနှင့်မှ သဘောပေါက်လာပါသည်။ ရွာမှာက ဘယ်သူမှ ဝက်တွေကြက်တွေ ခြံနှင့်မွေးလေ့မွေးထ မရှိကြ။ ဒီအတိုင်း လွှတ်ကျောင်းမွေးမြူသဖြင့် ထမင်းနံ့ဟင်းနံ့ရတော့ ဝက်တွေရော ကြက်တွေပါ ကျွေးမွေးသည့်နေရာသို့. . အိအိ. . အွပ်အွပ်. . ကိကိ. . ကွပ်ကွပ်နှင့် ရောက်၍လာကြသည်။ ယိုင်ပတ်သာမရှိလျှင် သူတို့လည်း ဝင်အောမှာ အသေအချာပင်။ ဆိုတော့ကာ. . ကျွန်တော့်မှာ. . သြော. . . ဒါကြောင့်ကိုးဟု မှတ်ချက်ချပါသည်။

မည်သို့ဆိုစေ ပင်ကိုယ်စေတနာသဒ္ဓါအားကောင်းသော တိုင်းရင်းသားပီပီ အောလပုံ၊ အော့မေပီးယားစေသည့် မင်္ဂလာပွဲသည် ကင်းဗရစ်မြို့စားကြီး ဇနီးမောင်နှံဖြစ်သွားသော တော်ဝင်မင်းသား ဝီလျှံနှင့် ကိတ်တို့၏ မင်္ဂလာလက်ထပ်ပွဲထက်ပင် သာသည်ဟု ကျွန်တော်ထင်ပါသည်။

နေရာချင်း မတူပေမယ့် စေတနာအရင်းတော့ ယှဉ်ဆို့

www.burmeseclassic.com



မရ။ မခမ်းနားသော်လည်း ဆန်းပြားသည့် ထိုမြင်ကွင်းကို ကျွန်တော် ဘယ်သောအခါမျှ မေ့မည်မဟုတ်ပါချေ။

ဤကား ကျွန်တော်ရလိုက်သော သန္တရသအကြောင်းဖြစ်ပြီး ထိုနေ့ည ကာရာအိုကေ ဆိုနေကြချိန် ကျွန်တော်ရလိုက်သောရသမှာ ဟာသလား၊ ကရုဏာလား၊ ဝိဘစ္ဆရသလား. . ဆိုတာ ကျွန်တော့်ဘာသာ မသေချာဖြစ်ကာ မူးပြီးရောက်လာသော မိုးဆွေနှင့်ကိုတင်မောင်ကို မေးကြည့်ရပေတော့မည်။

ဆက်ပြီး ရှုပါကုန်. . .။

ဒီလိုပြန်ရောက်လာလိမ့်မည်ဟု မျှော်လင့်မထားတာထက်. . သူတို့လိုပဲ အတော်ကောင်းနေပြီဖြစ်သော စောထီးတို့လူစုကြောင့် စိတ်ပူသွားမိသည်။

"ကိုတင်မောင်. . . ကျွန်တော်တို့ ပြန်ကြရအောင်"

"နေဦးလေ. . . မင်္ဂလာအရက်ကလေး နည်းနည်းထပ်ပက်ပြီးမှ ပြန်တာပေါ့"

"ဟုတ်တယ် ခိုင်မြ၊ ငါလည်း ကောင်းနေပြီကွ၊ ဂစ်. . . အေ့. . နည်းနည်းလောက် ထပ်ကောင်းလိုက်ရင် ပိုဂွတ်တယ်"

"ဟုတ်တယ်. . . ဟုတ်တယ်"

"ဟုတ်တယ်လုပ်မနေနဲ့ ကိုတင်မောင်၊ နေ့ခင်းက ကိုစောထီးပြောတာ ခင်ဗျားလည်း ကြားတယ်မဟုတ်လား. .၊ မကောင်းပဲ အလောင်းပိုက်ပြီး ပြန်နေရမယ်. . . . လာ"

ဒီနှစ်ယောက် ချစ်သမျှ လိုက်နွဲ့နေ၍မဖြစ်မှန်းသိကာ ဇွတ်ဆွဲခေါ်လာခဲ့သည်။ ဒါတောင် မြတ်လေးငုံတို့အိမ်ရှေ့ရောက်



www.burmeseclassic.com

www.burmeseclassic.com



မှ. . .

"ခ. . ခဏလေး"

"ဘာလဲ မိုးဆွေ"

"ငါရင်ခံရတာလေး ရှင်းချင်တယ်ကွာ၊ သူ ငါ့ကို တကယ် လမ်းခွဲနိုင်သလား မေးချင်တယ်"

"မင်း ဒီထက်ပိုရစ်လာရင်တော့ မင်းခေါင်းကိုငါ တကယ် ရိုက်ခွဲနိုင်တယ် မိုးဆွေ၊ မင်း အိပ်လိုက်တော့"

ကျွန်တော် အဲ့သလို အံကြိတ်သံနှင့်ပြောပြီး မိုးဆွေကို လက်မောင်းအရင်းကနေ ခပ်ကြမ်းကြမ်း ဆုပ်ကိုင် ဆွဲခေါ်လာရသည်။

ဘယ်တုန်းကမှ မသောက်ဖူးသော အူရိုင်းနှင့်. . ကျွဲ သောက်နွားသောက် သောက်လာ၍ ပါးစပ်ကသာပေါက်ပေါက် ဖောက်နေတာ ခြေထောက်တွေက မပါချင်။

ကိုတင်မောင်တို့ အိမ်ဝိုင်းဖက်တောင် မကူးနိုင်တော့ဘဲ ကိုတင်မောင့်အဖေ ဦးပိုက်ကြီးအိမ်အောက်မှာ တဝေါဝေါ ထိုး အန်၍ အိမ်ပေါ်မှာ အိပ်နေသော ဦးပိုက်ကြီး နိုးလာပြီး. . .

"အောက်မှာ ဘယ်သူရှိလဲဟေ့"

"ကျွန်တော်ရှိတယ် အဖေ"

"တင်မောင်လား"

"ဟုတ်"

"အေး. . . နွားအန်နေတယ်ကွ၊ လေထတာ ထင်တယ်၊ ဆားနည်းနည်းလောက် ရေဖျော်ပြီး တိုက်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဖေ" ;

ပြီးမှ ကိုတင်မောင် ကျွန်တော့်ကိုလက်တို့ကာ တခိခိ ရယ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

သေချာတယ်လေ

အချစ်ကို ချိုလို့သာ..ချစ်ကြတာ...

ခါးသာ ခါးကြည့်ပါလား...........။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

မိုး ဆွေနှင့်ကိုတင်မောင်တို့ ဦးပိုက်ကြီး အိမ်အောက်ထပ်မှာပင် မူးမူးနှင့်အိပ်ပျော်ကုန်ကြသဖြင့် ကျွန်တော်ထားခဲ့ကာ မင်္ဂလာဆောင်ရှိရာသို့ တစ်ခေါက်ပြန်လာခဲ့ပါသည်။ ရှေ့ကဖော်ပြခဲ့သည့်အတိုင်း ရိုးရှင်းချစ်ခင်ဖွယ်ကောင်းလှသော ဒေသဓလေ့နှင့် မင်္ဂလာပွဲအား မိုးလင်းသည့်တိုင် ကျွန်တော် အားပေးကြည့်ရှုပြီး ဧည့်ခံပွဲစသည်နှင့် လက်ဖွဲ့ငွေချီးမြှင့်ကာ အားပါးတရ ဝင်ရှုစားသောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝက်သားအချိုနှစ်၊ ချင်ပေါင်ဟင်းချို၊ ငရုတ်သီးဆားထောင်း။ ထိုသုံးခုပေါင်း ဘယ်ဟာကောင်းလို့ ကောင်းမှန်းမသိဘဲ လေးပန်းကန်တိတိ စားမိသော ကျွန်တော့်ကိုယ်ကျွန်တော်ပင် အံ့ဩယူရသည်။ ဒါတောင် အကြောင်းတစ်ခုကြောင့် ကျွန်တော် ရပ်လိုက်လို့သာ . . . ။

အကြောင်းတစ်ခုဆိုသည်မှာ ကျွန်တော်ထိုင်သော စားပွဲဝိုင်းတွင် ဝင်ထိုင်စားကြသော မိသားစုတစ်စုကြောင့် ဖြစ်သည်။ အဘယ်အရပ်က လာသည်တော့မသိ၊ ကလေးငါးယောက် လူကြီးနှစ်ယောက်ပါပြီး တစ်ယောက်မှ ဖိနပ်မပါ။

ကလေးငါးယောက်ထဲ အပျိုပေါက်လေးနှစ်ယောက်ပါပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင်လောက်ကနေ ထိုသူမလေးများ၏မိခင်နှင့် ယှဉ်လျက်ထိုင်ကြသည်။ ကျွန်တော့်ညာဘက်က သူတို့၏ဖခင်ဖြစ်ပုံရပြီး ဘယ်ဘက်မှာ နှပ်ချေးတွဲလောင်းနှင့် ချာတိတ်ကလေးတွေ ရှိနေလေသည်။ ဖိနပ်မစီးသော်လည်း အဝတ်အစားများက သစ်လွင်တောက်ပြောင်ကာ မိန်းကလေးအားလုံး ရွှေထည်နားကပ်၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များ ကိုယ်စီ ဝတ်၍ထားကြသည်။

စားသောက်ကြသည့်အခါလည်း ဟန်ဆောင်မှု၊ ရှက်ရွံ့တုန်လှုပ်မှု လုံးဝရှိမနေဘဲ လွတ်လပ်ပေ့ါပါးစွာပင် စားကြသည်။

ကိုယ့်အိမ်မှာ ကိုယ်စားသလိုကို စားနေကြ၍ ကျွန်တော်လည်းအားပါးတရ စားပါသည်။ အလယ်မှာတင်ထားသော ဝက်သားဇလုံကား တစ်လုတ်တစ်တို့နှုန်း တို့သလား ထင်ရ

www.burmeseclassic.com



အောင် ပြုတ်ပြုတ်ပြုန်းသွား၍ ဟင်းလိုက်ပေးသော အစ်မကြီးက "အော. . . အော. . . စိတ်ကြိုက်သာအော" ဟု ပြောပြီး ဝက်သားဟင်းတွေ ထပ်ဖြည့်သည်။ တွယ်ကြပြန်လေသည်။ မြန်လိုက်တဲ့လက်တွေ။ ဝန်ခံပါသည်။ သူတို့လက်ကို ကျွန်တော်မမီ၊ ထိုစဉ်ကျွန်တော့်ဘေးက ချာတိတ်က. . .

"မိုးမိုး. . . နပ်. . . နပ်. . . တွေ ထွက်ကျနေပြီ"

ကျွန်တော်လှည့်ကြည့်တော့. . . ဟုတ်သည်၊ နှပ်ရည်တွေ နှာခေါင်းနှစ်ပေါက်ကနေ ပျစ်တွဲကျလာပြီး ပါးစပ်ထဲတောင် ဝင်တော့မည်။ သို့နှင့်မိခင်ဖြစ်သူက သူတို့ဘာသာစကားနှင့် ခတ်ငေါက်ငေါက်ကလေး မြည်တွန်ပြီးထလာကာ. . . သူမလုံချည်အောက်ဖျားလေး မ,၍ သုတ်ပေးလေသည်။

ကျွန်တော့်ဘက်ကနေ မဝင်ဘဲ သူ့သားနှစ်ယောက်ကြားမှဝင်ကာ သုတ်သဖြင့် ကျွန်တော့်မျက်လုံးကို ပန်းကန်ထဲ ကပျာကသီ ပြန်ချခိုင်းရ၏။ သို့သော် နှပ်သုတ်ပေးသော မိခင်ဖြစ်သူ သူ့ထမင်းပွဲဆီ ပြန်မရောက်ခင်မှာပင် ချာတိတ်ကလေး နှာချေလေတော့၏။

"ဟပ်. . . ဟပ်. . . ဟပ်. . . ဖလူး"

"ဓ. . . . . ဓ. . . . . ဓ. . . "

ကျွန်တော်နားမလည်သော ဘာသာစကားသံများ အတော်ဆူညံသွားပါသည်။ ပါးစပ်ထဲ ထမင်းငုံထားလျက်နဲ့ နှာချေချလိုက်၍ ချာတိတ်ကလေးပါးစပ်မှ ထမင်းလုံးများ ဗုံးကွဲသလို တစ်ဝိုင်းလုံး ဖွာလန်ကျဲသွားသည်။ ထိုစဉ်မှာပင် ခွက်တစ်ချို့



www.burmeseclassic.com

www.burmeseclassic.com



နှာချေပြန်ပါသည်။

"ဟပ် . . ဟပ် . . ဟပ် . . ဖလူး"

လက်ကျန်ထပ်ရှင်းသလို ထပ်ထွက်လာပြန်သဖြင့် ငါးပွဲ မြောက်ထပ်ဆွဲဖို့ ထည့်ထားသော ကျွန်တော့်ပန်းကန်ထဲမှာ လည်း အတော်ပလဲသွားသည်။ စားထားသော ဝက်သားက အခုမှ အီသလို ခံစားလာရပြီး ကျွန်တော်ဆက်မစားတော့ဘဲ ထပြန်လာခဲ့ပါတော့သည်။

မည်သို့ဆိုစေ အဲ့လိုမင်္ဂလာပွဲမျိုး နောက်တစ်ကြိမ် ကြုံ ရလျှင် . . ဒီထက်များများလက်ဖွဲ့ပြီး များများကြိတ်ချင်ပါသေး သည်။ အကြိုက် . . အောပစ်မည်။ ကျွန်တော်ကြုံဆုံဖူးသော မင်္ဂလာပွဲများအနက် ဟန်ဆောင်မှုကင်းကင်း ဂုဏ်တုဂုဏ်ပြိုင် ရှင်းလင်းစွာ အဖြူစင်ဆုံး မင်္ဂလာပွဲအဖြစ် မှတ်သားမိနေလေ တော့၏။

ကျွန်တော် မင်္ဂလာပွဲမှ ပြန်ရောက်လာချိန်၌ ကိုတင် မောင်နှင့်မိုးဆွေတို့ အိပ်ယာနိုးနှင့်ကာ ရေနွေးတစ်ဇန်းနှင့် ထိုင်နေ ကြလေသည်။ မိုးဆွေကတော့ အခြေအနေ ကောင်းပုံမရပါ . . ။ ငုတ်တုတ်ထိုင်နေသော်လည်း မျက်နှာကိုရှုံ့မဲ့ထားပါသည်။

"မင်းမျက်နှာက ဘာဖြစ်နေတာလဲ"

"ခေါင်းတွေကိုက်လို့ကွ"

"သေသွား . . အေးတာပဲ"

ကျွန်တော် ခပ်ရွဲ့ရွဲ့ပြန်ပြောပြီး သူတို့နှစ်ယောက် အနံ့ တွေ လုံးကျန်နေသေးသော ကွပ်ပျစ်ပေါ်မှာ ဝင်လှဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သွားတာလဲ"

"မင်္ဂလာဆောင်က ပြန်လာတာကွ၊ တစ်ညလုံး မအိပ်ရသေးဘူး၊ ဗိုက်လည်း အင့်သွားပြီ. . . အိပ်တော့မယ်"

"ဟာ. . . နေစမ်းပါဦးကွာ၊ နောက်မှအိပ်. . . ခဏထစမ်းပါဦး"

ကျွန်တော် စိတ်မပါသလို ထထိုင်လိုက်မှ ကိုတင်မောင်က. . .

"မိနော်ကို နှောကုန်းဖက် သွားပို့တော့မယ်တဲ့ကွ၊ မင်းတို့ကိစ္စက ဘယ်လိုလုပ်ကြမှာလဲ"

"ဘယ်. . ဘယ်လို ကိုတင်မောင်၊ ဘယ်ကိုပို့မှာ"

"နှောကုန်းရွာလေကွာ. . . မင်းတို့ မသိပါဘူး၊ အဲဒီမှာ မိနော်ရဲ့အဖေညီအစ်ကိုတစ်ယောက် ရှိတယ်၊ လောလောဆယ် အဲဒီမှာ သွားထားမယ်လို့ ပြောတာပဲ"

"ကိုတင်မောင်တို့က ဘယ်ကကြားတာလဲ"

"မိတင်ပဲ ခုမနက်ပြောသွားတာ"

"အဲဒါ ဘယ်လိုလုပ်ကြမလဲ ခိုင်မြ၊ နည်းနည်းကြံစမ်းပါဦးကွာ. . ငါတော့ ရှုးပြီထင်တယ်"

တကယ်ရှူးချင်သွားတာက ကျွန်တော်ဖြစ်လေသည်. . ။ ဘယ်လိုပဲစဉ်းစားစဉ်းစား မဖြစ်နိုင်တော့သော အခြေအနေဆိုးကြီးအား ကျော်ခိုင်းပြန်သွားလိုက်တာထက် ပိုကောင်းနိုင်စရာ ဘာမှမရှိသဖြင့်. . .

"ငါတို့ပြန်ကြရအောင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဟော့ကောင်၊ အေး. . . ရတယ်. . . မင်းပြန်၊ ငါကတော့ မြတ်လေးငုံမပါဘဲ မပြန်ဘူးကွာ. . . ရှင်းလား"

ကျွန်တော် ခေါင်းတွေကုတ်ပစ်ပြီး ပြန်လှဲအိပ်ကာ မျက်လုံးအစုံပါ မှိတ်ချထားလိုက်သည်။ ဒီကောင်နဲ့တော့ ခက်ပြီ။

ထိုအခိုက်မှာပင် ကိုတင်မောင်က. . .

"ငါ အကြံတစ်ခုပေးရင် မင်းတို့ လက်ခံမလား"

"အင်း. . . ပြော. . . ကိုတင်မောင်"

မိုးဆွေ မဆိုင်းမတွလက်ခံ၍ ကျွန်တော်လည်း အိပ်လျက်နှင့် နားစွင့်နေလိုက်သည်။ ထို့နောက် ကိုတင်မောင် ဆက်ပြောပါသည်။

"ဒေါ်လေးဖောက ခိုင်မြနဲ့ဆို ပေးစားမှာပဲ၊ လောလောဆယ် မိန္နောင်းလေးကို နှောကုန်းမပို့နိုင်အောင် ခိုင်မြက ဒေါ်လေးဖောကို သွားပြောပြီး အချိန်ဆွဲသင့်တယ်၊ ကျန်တာ နောက်ထပ်စီစဉ်ပေါ့"

ကျွန်တော် ဆက်မှိန်းနေလို့ မရတော့ဘဲ ငေါက်ခနဲ ထထိုင်ကာ. . .

"ကျွန်တော်က ဘာသွားပြောရမှာလဲ"

"လွယ်ပါတယ်. . . မြတ်လေးငုံကို ကျွန်တော်ယူမယ်လို့ ပြောလိုက်ပေါ့ကွ"

မိုးဆွေ ဆတ်ခနဲ တွန့်သွားတာကို ကျွန်တော် မြင်လိုက်ရ၍ လှမ်းကြည့်သည်။ မိုးဆွေလည်း နာလိုခံခက်သော မျက်လုံးတွေနှင့် ကျွန်တော့်ကို ပြန်ကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဘယ်လိုလဲ"

ကိုတင်မောင့် အမေးစကား ကြားရပြီး သိပ်မကြာ. . မိုးဆွေ ခေါင်းညိတ်သဘောတူသဖြင့် ကျွန်တော့်မှာ ခေါင်းခဲရပြန်လေ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



သလောက်အဆုံးမှာ လူမှုရေး ဆုံးရှုံးတာကလွဲ၍ ဘာမှမရေ ရာ. . .။

ထို့အပြင် ရိုးသားသောသူတွေကို မလိမ့်တပတ် လုပ်ရမည့်အရေးဖြစ်၍ ကျွန်တော် ပို၍စိတ်မပါတာလည်း ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော် အမျိုးမျိုးအကြောင်းပြကာ ငြင်းခဲ့သည်။ မိုးဆွေကလည်း အမျိုးမျိုး ဂျီကျကာ တိုက်တွန်းပါသည်။ ကိုတင်မောင်ကလည်း ဒီနည်းလမ်းအပြင် အခြားမရှိဟု တောင့်ခံပေးထားသည်။

ဆိုတော့ကာ. . . ကျွန်တော့်မှာ တစ်ညလုံး မအိပ်ရသေးသည့်မျက်လုံးတွေနှင့် မထိတ်သာမလန့်သာစိတ်ကို အဖော်လုပ်ပြီး ဒေါ်လေးဖောအိမ်ပေါ် တက်လာရတော့သည်။

ကျွန်တော်ဝင်ထိုင်သည်နှင့် အမိုးကြီးဒေါ်လေးဖောက

"နင့်ကို မလာနဲ့လို့ ငါပြောထားတာ၊ အခု ဘာလာလုပ်တာလဲ"

"ကျွန်တော်. . မြတ်လေးငုံကို လက်ထပ်မယ်"

"ဘာရယ်. . ."

ထို့ထက်ပို၍ မပြောတတ်လို့တော့ မဟုတ်. .။ ပြောကို မပြောချင်၍ မိုးဆွေအတွက် တစ်ခုတည်းသော အထောက်အကူ ဖြစ်စေနိုင်သည့် စကားတစ်ခွန်းတည်းကိုသာ တည့်တည့်ပြော ချလိုက်ခြင်းဖြစ်သည်။ နည်းနည်းအာယားပြီး. . မျက်နှာလည်း ထူတူတူကြီး ဖြစ်သွား၍. . ယောင်နနနှင့် ရေနွေးတစ်ခွက် ငှဲ့သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သလောက်အဆုံးမှာ လူမှုရေး ဆုံးရှုံးတာကလွဲ၍ ဘာမှမရေ ရာ. . .။

ထို့အပြင် ရိုးသားသောသူတွေကို မလိမ့်တပတ် လုပ်ရမည့်အရေးဖြစ်၍ ကျွန်တော် ပိုပြီးစိတ်မပါတာလည်း ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော် အမျိုးမျိုးအကြောင်းပြကာ ငြင်းခဲ့သည်။ မိုးဆွေကလည်း အမျိုးမျိုး ဂျီကျကာ တိုက်တွန်းပါသည်။ ကိုတင်မောင်ကလည်း ဒီနည်းလမ်းအပြင် အခြားမရှိဟု တောင့်ခံပေးထားသည်။

ဆိုတော့ကာ. . . ကျွန်တော့်မှာ တစ်ညလုံး မအိပ်ရသေးသည့်မျက်လုံးတွေနှင့် မထိတ်သာမလန့်သာစိတ်ကို အဖော်လုပ်ပြီး ဒေါ်လေးဖောအိမ်ပေါ် တက်လာရတော့သည်။

ကျွန်တော်ဝင်ထိုင်သည်နှင့် အမိုးကြီးဒေါ်လေးဖောက

"နင့်ကို မလာနဲ့လို့ ငါပြောထားတာ၊ အခု ဘာလာလုပ်တာလဲ"

"ကျွန်တော်. . မြတ်လေးငုံကို လက်ထပ်မယ်"

"ဘာရယ်. . ."

ထို့ထက်ပိုပြီး မပြောတတ်လို့တော့ မဟုတ်. . ။ ပြောကိုမပြောချင်၍ မိုးဆွေအတွက် တင်ခုတည်းသော အထောက်အကူ ဖြစ်စေနိုင်သည့် စကားတစ်ခွန်းတည်းကိုသာ တည့်တည့်ပြောချလိုက်ခြင်းဖြစ်သည်။ နည်းနည်းအာယားပြီး. . မျက်နှာလည်း ထူတူတူကြီး ဖြစ်သွား၍. . ယောင်နနနှင့် ရေနွေးတစ်ခွက် ငှဲ့သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် မြတ်လေးငုံ. . ငိုထားသည့်မျက်နှာနှင့် အခန်းထဲက ထွက်လာပြီး. . .

"နင် ဘာစကားပြောတာလဲ ခိုင်မြ"

"သူပြောတာ နင်နားမလည်ဘူးလား၊ ကဲ. . အခု ငါပြော ပြီ၊ ဒီမှာ အထုပ်လည်း ပြင်ထားပြီ၊ နှောကုန်းက နင့်တီးတီတို့အိမ် သွားမလား၊ ငါ့ ဖိုးခွားကိုယူမလား၊ ညည်းကြိုက်တာ ရွေးပေ တော့"

ကျွန်တော်အားနာ၍ သူမကို မကြည့်မိအောင် ကြိုးစား နေခိုက် သူမ ထိုင်နေရာမှ ထလာပြီး ကျွန်တော့်ရှေ့တည့်တည့် ရောက်လာကာ ကျွန်တော့်မျက်လုံးကို ကြည့်တော့သည်။

"နင် မော့စမ်း"

"ဘာလဲဟ"

"မော့စမ်းပါဆို. . . ငါ့မျက်နှာကို သေချာကြည့်နော်"

"အေး. . အေးပါ၊ ကဲ. . ကြည့်ဟယ်. . ဘာဖြစ်လဲ"

"နင်လိမ်တယ်"

"ဟမ်. ."

"အမိုး. . ဒီကောင် လာလိမ်နေတာ၊ သမီးကို နှောကုန်း ပို့မယ်ဆိုလို့ မပို့ဖြစ်အောင် အမိုးကို လာလှိမ့်နေတာ"

"ဟာ. . . မြတ်လေးငုံ. . . နင်. ."

"ဟုတ်သလား ဖိုးခွား"

"အာ. . . မဟုတ်ဘူး အမိုး"

"ဒါဆို နင် တကယ်ယူမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်. . . အဲ. . အဲ. . ဟုတ်. . ဟုတ်ကဲ့ အမိုး"

"ကောင်းပြီ ဖိုးမူ၊ နင်ရော ဘယ်လိုလဲ၊ နင်ခေါင်းညိတ်ရင် ငါ အခုပေးစားမှာ"

မြတ်လေးငုံ ကျွန်တော့်ကို လှည့်ကြည့်သည်။ ပြီးမှ ကျွန်တော့်မျက်နှာပေါ်မှာ ဘယ်လောက်သချာနေတယ်ဆိုတာကို ရှာဖွေကြည့်မြင်လိုက်ရသလို ညစ်ကျယ်ကျယ်ပြုံး၍. . .

"သမီးလက်ခံတယ်. ."

"အေး. . . ဟုတ်ပြီ၊ အဲ့ဒါဆို ဖိုးခွားကို အိမ်ပေါ်ကနေ ခြေတစ်လှမ်း မရွှေ့စေနဲ့၊ ငါ အခုပဲ လူကြီးတွေသွားခေါ်ပြီး နားဖောက်မယ်"

ပြောပြီး ဒေါ်လေးဖော ထရပ်သဖြင့် ကျွန်တော့်မှာ ခြေသလုံးပဲ ပြေးဖက်ရမလို. . ထွက်ပဲ ပြေးရတော့မလို ဖြစ်ကာ. . .

"အ. . အမိုး. . ခ. . ခဏလေး. . ဟို. . ဟိုလေ. ."

"ဟဲ့. . . ဖိုးခွား၊ ယောကျ်ားဆိုတာ ဆိုခဲစေ မြဲစေပဲ. . . ထိုင်နေ"

ထို့နောက် ဒေါ်လေးဖော အိမ်ပေါ်ကနေ ခုန်မဆင်းရုံတမယ်ဆင်းကာ ထွက်သွားလေတော့သည်။

"ဒုက္ခပဲ မြတ်လေးငုံရာ၊ တကယ်ဖြစ်ကုန်ရင် ဘယ်လို လုပ်မလဲ"

"ညားရုံပေါ့. . ."

"ဟ. . . ငါ လာပြောတာ မိုးဆွေအတွက် ကိုဟောင်မောင်က အကြံပေးလို့ဟ၊ နင် နွားကုန်းကို မသွားရအောင် ထိန်းတဲ့သ

www.burmeseclassic.com

www.burmeseclassic.com



ဘောနဲ့"

"ငါသိသားပဲ"

"အဲ့ဒါနဲ့များဟာ"

"ဘာပဲဖြစ်ဖြစ် နင့်သူငယ်ချင်းအတွက် နင် ဒီလောက်တော့ လုပ်ရမှာပဲ၊ ငါကရော ငြင်းလို့ရမလား၊ အမိုးမေးတာကို ငါခေါင်းခါရင် နွားကုန်းကိုသွားရုံပဲ ရှိတော့တယ်၊ အဲ့ဒီမှာ သွားနေမယ့်အစား ငါ့ကိုယ်ငါပဲ သတ်သေလိုက်ချင်တယ်. . သိလား"

"ဟေ. . . ဟိုမှာ နင့်ဦးလေး ရှိတယ်ဆို"

"ဦးလေးရှိပေမယ့် ဦးလေးမိန်းမဖက်က ပါတဲ့သားက ငါနဲ့အသက်တူတူပဲ၊ အဲ့ဒီကောင် အရမ်း,ရမ်းကားတယ်၊ အဲ့ဒါတောင် အမိုးက သွားပို့မယ်လုပ်နေလို့ ငါ တစ်ညလုံး ထိုင်ငိုနေတာ"

"ဒါ. . ဒါဆို. . အမိုး လူကြီးတွေ ခေါ်လာရင် ငါတို့က တကယ်လို ဟန်ဆောင်ရမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . အဲ့ဒါကို နင့်အကောင်ကရော လက်ခံမှာလား၊ မိုးဆွေက တအားအူတိုတယ်နော်"

"ဒါတော့မတတ်နိုင်ဘူးဟာ၊ ငါ အမျိုးမျိုးငြင်းတာတောင် အိမ်ပေါ် ရောက်လာအောင် ဒီကောင် တွန်းလွှတ်တာ၊ အဲ့ဒါမှ အူတိုမယ်ဆိုလည်း တိုတဲ့အူ တုတ်ထိုးလုပ်စားပစ်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



၈

မိုး ဆွေကား ဆွေ့ဆွေ့ခုန်၍နေလေ၏။

ကိုတင်မောင်လည်း သူ့ဒုက္ခနှင့်သူ မိုးဆွေဘေးမှ မခွာနိုင်ဘဲ ဖြစ်ပေါ်လာမည့်အခြေအနေပေါ်မှာ အကြံဉာဏ်ပေးရန် စောင့်ကြည့်နေရသည်။

"ဘယ်လိုကြီးလဲ ကိုတင်မောင်၊ အမိုးထွက်သွားတော့ အိမ်ပေါ်မှာ ခိုင်မြိန့် မြတ်လေးငုံနဲ့ နှစ်ယောက်ထဲဗျ"

"အေးလေ. . . မင်းက ဘယ်နှစ်ယောက် ထင်နေလို့လဲ"

"နှစ်ယောက်ထဲလေ. . ."

"အေးလေ. . . ဘာဖြစ်လဲ"

မိုးဆွေ ဟိုကုတ်ဒီပွတ်နှင့် မြတ်လေးငုံတို့အိမ်ဖက် လှမ်းလှမ်းကြည့်ပြီး မရိုးမရွ ဖြစ်နေကာ. . .

"ကိုတင်မောင်. . ကျွန်တော်တို့ ခဏလောက်သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရအောင်"

"ဟာ. . . ဒေါ်လေးဖော ပြန်ရောက်လာရင် မီးလောင်မယ်ကွ. . ချီးပဲ၊ ခဏလေး. . ငါ အနောက်ပိုင်းသွားပြီး မီးပေါင်မြှင့်ချင်တယ်ကွာ"

"အာ. . တော်တော်. . ခင်ဗျားခဏလေးကို ကျွန်တော်ကြောက်တယ်"

"ဒါဆို မင်းပါလိုက်ခဲ့လေ"

"ဖြစ်မလားဗျ. . . ဟိုမှာနှစ်ယောက်ထဲ"

"ဟော. . ဟိုမှာ ဒေါ်လေးဖော ပြန်လာပြီ"

ကိုတင်မောင်ပြော၍ မိုးဆွေလှမ်းကြည့်ပြီး လေသံနှင့်. . .

"အဲ့ဒါ ဘယ်သူတွေလဲဗျ"

"ဟိုက်. . . ရွာကလူကြီးတွေ သွားခေါ်လာတာပဲဟ. . မိုးဆွေရ"

"ဟုတ်လား. . . ဘာလုပ်ဖို့လဲ"

"ဘယ်သိမှာလဲကွ. . . ခိုင်မြ အိမ်ပေါ်တက်သွားလို့ ဖမ်းဖို့လားမှ မသိတာ"

"ဟင်. ."

ဆိုတော့လည်း မိုးဆွေ စိတ်ပူသွားကာ. . .

"ဖြစ်ချင်ရာဖြစ်ဗျာ. . . ခိုင်မြကိုတော့ ဒုက္ခအရောက်မခံနိုင်ဘူး"

ပြောပြီး မိုးဆွေ ထွက်သွား၍ ကိုတင်မောင် ထလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

"ဟော့ကောင်. . . မင်းစွတ်မလုပ်နဲ့၊ အခြေအနေ ကြည့်ဦးကွ"

ဌ ဌ ဌ ဌ

www.burmeseclassic.com

www.burmeseclassic.com



အမိုးဒေါ်လေးဖော တကယ်ကို အတည်လုပ်နေတော့၍ ကျွန်တော့်မှာ ရင်တုန်ပန်းတုန်ဖြစ်ကာ ထိုင်နေရသည်။ မြတ်လေးငုံလည်း ကျွန်တော်နှင့် ယှဉ်လျက်ထိုင်ပြီး ခေါင်းငုံ့ချကာ ဘာတွေတွေးသည်မသိ။ သေချာတာကတော့ သူမလည်း ကျွန်တော့်နည်းတူ ကြောက်ရွံ့စိတ်မျိုး ရှိကောင်းရှိနေနိုင်ပါသည်။

ရိုးရိုးသားသားမှ မဟုတ်ဘဲကိုနော်. . ။

ကျွန်တော့်အထင်ပြောရလျှင် သူမမိခင်အား စိတ်ထဲက တောင်းပန်နေတာလဲ ဖြစ်လိမ့်မည်။ ဒါ. . . အမိုးသမက်အစစ် မဟုတ်ဘူး အမိုးရယ်၊ မဟုတ်မဟပ် ကြံစည်မိလို့. . အမိုးကို တောင်းပန်ပါတယ်၊ ဒီတစ်ခါပဲ ခွင့်လွှတ်ပေးပါ ဘာညာပေါ့. . ။ ရှပ်ရှင်သာဆို စိတ်ခံစားမှုအသံလေး ကြားရမှာပါ။

ယခုမူ ရှပ်ရှင်ရိုက်နေတာ မဟုတ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . လေးဖော၊ နင့်အကြောင်ကို သေချာမေးဦးလေ၊ ငါတို့လည်း နားထောင်ကြည့်တာပေါ့"

ခေါင်းရင်းဘက်အခြမ်း သွားထိုင်နေသော လူကြီးများထဲက မျက်မှန်ထူ ကွမ်းတမြုံ့မြုံ့နှင့်လူကြီးက စကားစလိုက်သဖြင့် ဒေါ်လေးဖောက. . .

"ကဲ. . . ဖိုးခွား၊ လူကြီးတွေ မေးနေပြီ၊ မင်းဘာပြောချင်သလဲ. . . ပြော"

"ဟုတ်ကဲ့. . . ကျွန်တော် ဘာမှမပြောချင်တော့ပါဘူး ခင်ဗျာ"

"ဟော. ."

ကျွန်တော့်စကားကြောင့် လူကြီးတွေ မျက်လုံးကျယ်ကုန်ပြီး ကြည့်ကြသည်။ ဒေါ်လေးဖော်လည်း ထိုင်ရမလို ထရမလို ဖြစ်ကာ. . .

"ဟဲ့. . . ဖိုးခွားရဲ့၊ နင် ငါ့ကို ပြောတဲ့စကား ပြန်ပြောခိုင်းတာလေ"

"ဩော်. . . အဲ့ဒါလား၊ ဟုတ်. . ကျွန်တော်. . ကျွန်တော် မြတ်လေးငုံကို လက်ထပ်ချင်တယ်လို့ ပြောတာပါ"

ဒီတော့မှ လူကြီးမင်းများအချင်းချင်း ဒေသခံဘာသာစကားနှင့် ပြောဆိုကြပြီးမှ တစ်ယောက်က. .

"အေး. . . ဟုတ်ပြီကွာ၊ လက်ထပ်မယ်ဆိုတော့ ခင်းမိဘတွေ သဘောကရော"

"ကျွန်တော်. . လူ. . လူကြီးတွေနဲ့ နောက်တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ရမှာပါ၊ အခုတော့ ကြိုပြီးအသိပေးတဲ့သဘောပါ"

"နေပါဦး. . . မင်းတို့ချင်းရော မေတ္တာရှိကြရဲ့လား"

ဆိုတော့ကာ ကျွန်တော် သူမကို လှည့်ကြည့်မိသွားပါသည်။ သူမလည်း ငုံ့နေရာမှ ဘတ်ခနဲ လှည့်ကြည့်ကာ ချာခနဲ ပြန်ငုံ့ကျသွားသည်။

"ဟဲ့. . . ဖြေကြလေ"

ဒေါ်လေးဖောဲ အားမလိုအားမရ လှမ်းပြောသဖြင့်. . ကျွန်တော် သူမကိုလက်တို့၍ လေသံနှင့် အကူအညီတောင်းမိသည်။

"နင်. . နင်ပြောလိုက်ဟာ"

"ဟာ. . . ကိုယ့်ဘာသာ ပြောပါလား"

"ငါ့ပါးစပ်ကြီး အာလောက်လောက် ဖြစ်နေလို့ဟ. . . လုပ်စမ်းပါ"

"မသိဘူး"

"ဟဲ့. . . နင်တို့လူကြီးတွေရှေ့မှာ ဘာဖြစ်နေကြတာလဲ"

ဒေါ်လေးဖောအသံက ဒေါသံမောသံမျိုး ဖြစ်လာ၍. . နောက်ဆုံးတော့ ကျွန်တော်ပဲ ကြိတ်မှိတ်ကာ ပြောချလိုက်တော့၏။

"ကျွန်တော်တို့ချင်း ချစ်နေကြတာ ကြာပါပြီ၊ အခု. . အဲ့ဒါ. . ဟုတ်ကဲ့. . အဲ့ဒါပါခင်ဗျ"

"အေး. . အေး. . ဟုတ်ပြီ. . ဟုတ်ပြီ၊ အဲ. . ဖဲ့. . လေးဖော၊ နင် အောက်မှာ နွားတွေချည်ထားလား"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးကလည်း လာနောက်နေပြန်ပြီ၊ ကျုပ်မှာ ဘယ်က နွားရှိလို့တုန်း"

"ဟုတ်လား. . ဩော်. . မရှိပြီးရော၊ ငါ့ဖင်အောက်က နွားခေါင်းဆောင့်သလားလို့"

၂. ၂. ၂. ၂.

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မိုးဆွေခေါင်းနှင့် ထိုးဆောင့်မိခြင်းဖြစ်လေ၏။ တင်မောင့်ပခုံးပေါ်မှ မိုးဆွေ. . ကြမ်းပေါက်ချောင်း၍ နားထောင်နေခြင်းဖြစ်ရကာ တင်မောင် ပခုံးညောင်း၍ ပခုံးပေါ်က မိုးဆွေကို ဆတ်ခနဲဆပြီး နေရာအလွှဲ ခေါင်းနှင့် ဆောင့်မိသွားကာ အသာထိုင်ချလိုက်ကြသည်။ မိုးဆွေက လေသံနှင့်. . .

"ကိုတင်မောင်. . . ကျွန်တော်တော့. . သွားပြီဗျ"

"ဟ. . ဘယ်က. . ဘယ်ကို သွားရမှာတုန်း"

"အပေါ်မှာ ရွာလူကြီးတွေနဲ့ တကယ်နားဖောက်နေကြပြီ၊ ဟိုကောင်ကလည်း သူတို့ချင်း ချစ်နေကြတာ ကြာပြီတဲ့. . တောက်. . . ဒါ သက်သက်မဲ့ ပွဲလန့်တုန်း ဖျာခင်းတာ"

မိုးဆွေအသံက လေသံကနေ ရေသံလို ကျယ်လာ၍. . တင်မောင် ပါးစပ်လှမ်းပိတ်ကာ ဒီဖက်ခြံသို့ ဆွဲထုတ်လာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးပိုက်ကြီး အိမ်အောက်ရောက်မှ. . .

"မင်းကွာ. . . ရွာက လူကြီးတွေရှေ့မှာ သွားကျယ်နေတယ်၊ ထိပ်တုံးခတ်ခံရမယ်. . . ဘာမှတ်နေလဲ၊ မင်းလိုကောင်လောက် မပြောနဲ့၊ စောထီးလိုလူမိုက်တောင် ထိပ်တုံးနဲ့တွေ့ရင် မျက်ရည်တွေ နွှားလဗို့လောက်ကျတာ. . . ရှင်းလား"

"အင်းပါ. . . ကျွန်တော်သိတယ်၊ အခု ဘယ်လိုလုပ်ကြမလဲ၊ မြလေးငုံနဲ့ဟိုကောင်နဲ့ တကယ်ညားပြီဗျ. . ဟီး. . အီး. . ရှုတ်"

"ဟာ. . . ဒုက္ခပါပဲကွာ၊ အခြေအနေကို နည်းနည်းစောင့်ကြည့်ပါဦးလား. . .၊ လောင်းမလား ခိုင်မြက မင်းထင်သလို လူစားမျိုး မဟုတ်ဘူးဆိုတာ"

အရူးတစ်ပိုင်းလိုဖြစ်နေတဲ့ မိုးဆွေ မော့ကြည့်ပြီး. . .

"ကျွန်တော်သိတာပေါ့ဗျ ကျွန်တော့်သူငယ်ချင်းပဲ. .၊ ဟိ. . အိ. . ရှုတ်. . အခုဟာက တမင်ယုတ်မာတာ မဟုတ်မှန်း သိသားပဲ. . . ရှုတ်. . ဗျူး"

"ဟ. . ဟ. . မင်း နှပ်ချေးပက်တာက ကြည့်ပက်ကွ"





www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို ဖောဖောသီသီ ချစ်ခွင့်ရသော လူတစ်ယောက်သည်...

အချစ်၏တန်ဖိုးအား နားမလည်နိုင်ချေ...။

ထို့အတူ မချစ်တတ်သောသူတစ်ယောက်၏

စိတ်သဘာဝအား နားလည်မပေးနိုင်ပါချေ....။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(ခြောက်)

ကျွန်တော်လည်း ဖြစ်ချင်ရာသာ ဖြစ်တော့ကွာဟု စိတ်ကိုပစ်ချပြီး မေးသ မျှဖြေ၊ ထားသလိုနေကာ အစ္စတ်တိုက်ကြီး လိုက်သွားမှပဲ သက်သာရာရတော့သည်။ ဒေါ်လေးဖောလည်း အခုမှ ဟင်းချနိုင်တော့သည် ထင်ပါသည်။ လူကြီးတွေကို မြို့အပြင်ဖက်အထိ လိုက်ပို့ပြီး ကပျာကသီ ပြန်တက်လာတော့. . .

"ကဲ. . . ဖိုးခွား၊ နင် အခုချိန်ကစပြီး ငါ့သားဖြစ်သွားပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီညကစပြီး မပြန်ခင်အချိန်ထိ ငါ့အိမ်မှာပဲ အိပ်ရမယ်"

"ဗျာ. . ."

"ဗျာမနေနဲ့. . . နင်တို့ ငါ့ကို ပတ်တီးချမယ် မကြံနဲ့၊ ငါ သဘောတူတဲ့သူနဲ့ ငါပေးစားလို့ ငါ့ဖက်က ငါတာဝန်ယူတယ်၊ အဲ့ဒီတော့ နင်တို့လင်မယား အတွင်းခန်းမှာ အိပ်ကြ၊ ငါ အပြင်ဖက်ခန်းမှာ အိပ်မယ်"

"ဟမ်. ."

"အမိုး. . ."

ကျွန်တော်ရော မြတ်လေးငုံပါ ထမခုန်ရုံတမယ် လန့်ဖျပ်ကုန်ပြီး မြတ်လေးငုံက. . .

"အမိုး ဘယ်လိုတွေ ပြောနေတာလဲ၊ သမီးတို့ မင်္ဂလာမဆောင်ရသေးဘူးလေ"

"ငါသိတယ်. . လျှာမရှည်နဲ့. .၊ ငါတို့က ဆင်းရဲတော့ ဖိုးခွားမိဘတွေက သဘောတူချင်မှ တူလိမ့်မယ်၊ အဲ့ဒီတော့ မင်္ဂလာဆောင်တဲ့အထိကိစ္စက သိပ်မသေချာဘူး၊ အဲ့ဒါကြောင့် သေချာအောင် ငါ့ရွာက ငါ့လူကြီးတွေနဲ့ တစ်ခါတည်း အသိအမှတ်ပြုပေးလိုက်တာ"

"အမိုး. . ကျွန်. . . ကျွန်တော် နည်းနည်းပြောပါရစေ"

"မပြောနဲ့တော့ ဖိုးခွား၊ ငါက နင့်ကိုပဲချစ်တာ၊ နင့်ဥစ္စာပစ္စည်းတွေ မချစ်ဘူး၊ နင်က ငါတို့ ကရင်စိတ်ဓါတ်ပဲ၊ ရိုးသားတယ်. . ဖြူစင်တယ်၊ သူတစ်ပါးကို ကူညီချင်တဲ့စိတ် ရှိတယ်. .၊

ငါ့သမီးအတွက် လိုအပ်တဲ့ယောကျ်ားဟာ အဲ့ဒီစိတ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပဲ၊ ခုချိန်ကစပြီး နင် မပြန်ချင်လည်း ဖြစ်တယ်၊ ငါ့မှာ လယ်နဲ့ချောင်းနဲ့ နွားနှစ်ရှဉ်းလည်း ရှိတယ်၊ နင်တို့လင်မယား အေးအေးလူလူ လုပ်စား”

“ဒါတော့မဖြစ်ဘူး အမိုး”

ကျွန်တော် ဖွတ်ဖြတ်ဝင်ကာ ပြောလိုက်၍ . . ဒေါ်လေး ဖော မျက်လုံးတွေပြူးကျယ်ကာ ကြည့်ပါသည်။

“ကျွန်တော်က မြို့ပေါ်မှာပဲ ကြီးပြင်းလာတာဆိုတော့ လယ်တွေ ချောင်းတွေနဲ့ မလုပ်စားတတ်ဘူး အမိုး၊ အဲ့ဒါကြောင့် ကျွန်တော်ပြန်မယ်၊ မြတ်လေးငုံကိုလည်း ခေါ်သွားမယ်၊

အဖေတို့ အမေတို့ကို အခြေအနေအားလုံး ပြောပြမယ်၊ သူတို့လက်မခံရင် ကျွန်တော် ဒီကိုအပြီးပြန်လာခဲ့မယ်၊ လက်ခံရင်လည်း ပြန်လာပြီး ဒီမှာမင်္ဂလာဆောင်မယ်၊ အဲ့ဒါကိုတော့ . . အမိုးခွင့်ပြုပေးပါ”

ဆိုတော့ကာ ဒေါ်လေးဖော ကျယ်နေတဲ့မျက်လုံးတွေ ကျဉ်းလာပြီး စဉ်းစားသည်။ ရှေ့သို့ ကိုယ်ကို အနည်းငယ်ကိုင်းကာ ဆေးလိပ်ပန်းကန် လှမ်းဆွဲသည်။ ထို့နောက် သူ၏ဘော့တိုကြီးအား မီးညှိကာ တဖွားဖွားနှင့် ဖွာဆုတ်လေ၏။

ထိုအခြေအနေအားလုံးကို ကျွန်တော်နှင့် မြတ်လေးငုံတို့ အသက်မရှူဘဲ စောင့်ကြည့်နေကြရလေသည်။ စောစောက ကျွန်တော် အားနာနာနှင့် ပြောလိုက်ရသော်လည်း စကား၏ တကယ့်အဓိပ္ပါယ်ရင်းကိုမူ မြတ်လေးငုံ နားလည်လိမ့်မည် ထင်ပါသည်။ နင် နားလည်ရဲ့လားဟုတော့ မမေးမိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . ဒေါ်လေးဖောက ဆေးလိပ်ချပြီး . .

"အေးလေ . . . အဲ့ဒီကိစ္စ ငါခွင့်ပြုတယ်၊ နင်တို့ ဘယ်တော့ သွားမလဲ"

"မနက်ဖြန်"

"ဟဲ့ . . . မြန်လှချည်လား"

"မြန်လေကောင်းလေပဲ အမိုး၊ ဒါမှ အမိုးတို့သားအမိစိတ်အေးနိုင်မှာ"

"အေး . . အေး . . ပြီးရော၊ ဒီညတော့ နင်တို့ အတွင်းခန်းမှာပဲအိပ်ကြ"

ရှောင်နေသည့်ကြား တည့်တည့်တိုးနေသော ထိုကိစ္စကြီးအား ကျွန်တော်တို့ ရင်ဆိုင်ရုံကလွဲပြီ အခြားမရှိတော့။ ကျွန်တော်လည်း သူမကို မကြည့်ရဲတော့။ တစ်ကိုယ်လုံးလည်း ဇောချွေးတွေနှင့် နစ်နေ၍ . . .

"ဒါဆို ကျွန်တော် ဟိုဖက်ခဏသွားလိုက်ဦးမယ်"

"ဟဲ့ . . . ဘယ်လဲ"

"ရေချိုးပြီး အဝတ်အစားလဲမလို့ပါ အမိုးရဲ့၊ အဝတ်အစားအိတ်က ကိုတင်မောင်တို့အိမ်မှာလေ"

"အေး . သွား . နင့်အကောင်တော့ ခေါ်မလာနဲ့နော်ဒါပဲ"

"ဟုတ် . . . ဟုတ်ကဲ့"

ကျွန်တော် အိမ်ပေါ်က ဆင်းလာမှပဲ အသက်ကို အားပါးတရ ရှူသွင်းကာ လေပူတွေလည်း မှုတ်ထုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံတို့ ခြံဘေးကနေ ကိုတင်မောင်တို့ အိမ်ဖက် ဖြတ်အလျှောက်၊ ဦးပိုက်ကြီးအိမ် ဆင်ဝင်အောက်မှ မိုးဆွေ စုတ်သပ်၍ လှမ်းခေါ်လေတော့၏။

ကျွန်တော်ရောက်သွားသည်နှင့် ကွပ်ပျစ်ပေါ် မှောက်အိပ်နေသော ကိုတင်မောင်ပါ ထပြီးထိုင်တော့သည်။

"အခြေအနေ ဘယ်လိုလဲ ခိုင်မြ. . . ဘာတွေဖြစ်ကုန်ပြီလဲ"

"လောလောဆယ် ငါလက်ထပ်မယ်လို့ အယုံသွင်းရတာပေ့ါကွာ၊ မနက်ဖြန် မိဘတွေကို သွားတွေ့ဖို့ . မြတ်လေးငုံကို ရန်ကုန်ခေါ်သွားမယ်လို့ ခွင့်တောင်းလိုက်တယ်၊ မနက်ဖြန် ရွာကနေထွက်ပြီးနောက်ပိုင်း မင်းနဲ့မြတ်လေးငုံတို့သဘောပဲ၊ ငါ့တာဝန်ကုန်ပြီ. . ."

ထိုအခါ ကိုတင်မောင်က. . .

"ကဲ. . . ငါမပြောဘူးလား၊ အဲ့ဒါကြောင့် မင်းကို မလောနဲ့ စောင့်ကြည့်ဦးလို့ ငါပြောတာ"

"အေးပါဗျာ. . . ကျွန်တော် အားလုံးကို ကျေးဇူးတင်ပါတယ်၊ အခုမှပဲ ရင်ထဲကအလုံးကြီး ကျတော့မယ်"

"အဲ့ဒီအလုံးက မနက်ဖြန်မှကျကွ၊ ဒီည. . ပြဿနာ ငါ ဘယ်လိုလုပ်ရမှန်း မသိဘူး"

"ဘာဖြစ်လို့လဲ"

"အမိုးက ငါတို့ကို ဒီည အတွင်းခန်းသွားအိပ်ခိုင်းတဲ့"

"ဟမ်. . . "



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေ၏အာမေဋိတ် အသံကြီး အတော်ကျယ်သွား၍. . .

"ဟား. . . မင်းအသံကြီးကကွာ. . . ချိုးမှပဲ"

ကျွန်တော် အဲ့သလို ခပ်တိုးတိုး သတိပေးမှ မိုးဆွေကတုန်ကယင်နှင့် အသံဖျော့ပြီး. . .

"ဒါ. . ဒါ. . ဘယ်လိုဖြစ်နိုင်မှာလဲကွ၊ အဓိပ္ပါယ်မှ မရှိတာ"

"ငါလည်း သိတာပေါ့ကွာ၊ လောလောဆယ် ငါ ရေချိုးချင်တယ်ကွာ၊ အဝတ်အစားအိတ် ဘယ်မှာလဲ"

"မရှိတော့ဘူး"

"ဟေ. . ."

"ဟိုညက မူးပြီး ဘယ်ကျန်ခဲ့မှန်း မသိဘူး၊ ပြန်လည်းမရှာချင်တော့ဘူးကွာ"

"ကောင်းကွာ မိုးဆွေရာ၊ ငါလည်း ချဉ်ပတ်စော်နံနေပြီကွ"

ထိုအခါ ကိုခင်မောင်က. . .

"ဒါများကွာ. . . လာ. . သွားမယ်၊ ရေချိုးမယ်"

ကျွန်တော့်အထင် ကိုတင်မောင် သူ့အဝတ်အစားတွေ ထုတ်ပေးလိမ့်မည်ပေါ့။ တကယ့်တကယ်ကား. . သူ့အိမ်ဖက်သို့ ခြေဦးလေးတောင် မလှည့်ဘဲ ဦးပိုက်ကြီးခြံအနောက်ဖက် ခြေါ် ထွက်လာ၍ ကျွန်တော်နှင့်မိုးဆွေတို့ အူတိအူကြောင်နှင့် လိုက်လာခဲ့ကြသည်။ အတော်အတန်လေး လျှောက်မိမှ ရေကြည်

www.burmeseclassic.com



ကြည်လေး သွင်သွင်စီးဆင်းနေသော ချောင်းရိုးလေးဘေးသို့ ရောက်သွားလေသည်။ ထိုအခါမှ ကိုတင်မောင်က. . .

"မင်းတို့ ငါလုပ်သလို လိုက်လုပ်ကြကွာ"

"ဗျာ. ."

"ဗျာမနေနဲ့. . . ချွတ်ကြ၊ ချွေးစော်နံနေတဲ့အဝတ်တွေ ဟောဒီမှာ ဖြန့်လှန်းထားခဲ့ကြ၊ လူကတော့ ချောင်းထဲ ခုန်ဆင်းကွာ၊ ပြန်တက်လာတော့ ရေလည်း ချိုးပြီး အဝတ်လည်း အနံ့ ပျောက်ပြီးသားပဲ"

ကိုတင်မောင်ကတော့ သူ့စကားအတိုင်း သူ့ဘာသာ တစ်လှာချင်း ခွာချကာ လှန်းထားခဲ့ပြီး ချောင်းထဲ ပလုံခနဲ ခုန်ဆင်းသွားလေသည်။

ကျွန်တော်နှင့် မိုးဆွေတို့ ရယ်ရခက် ငိုရခက်စွာဖြင့် ချောင်းကမ်းဘေးမှာပင် ပစ်လှဲမိတော့၏. . .။

ငါ့နှယ်ကွာ. . .။

၉ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မောင်ကတော့ ရေချိုးလိုက်ရ၍ အတော်လန်းသွားပုံရပြီး ကျွန်တော်တို့နှစ်ယောက်ကတော့ လေသလပ်ခံကာ ပြန်လာခဲ့ကြသည်။ မနက်ဖြန် ရန်ကုန်ရောက်မှပဲ ရေစိမ်ချိုးတော့မည်ဟု ဆုံးဖြတ်ကာ နံနံစော်စော်နှင့်ပင် တစ်နေကုန်လိုက်ကြရသည်။ တစ်ညလုံး အိပ်ရေးပျက်ထား၍ ကျွန်တော်အိပ်ချင်သော်လည်း အိပ်ခွင့်မရ။ လေးလံပိကျနေသော မျက်ခွံတွေနှင့် မိုးဆွေဂျိကျမှုအား မရှုမလှခံကာ အဖြေတစ်ခုရအောင် စဉ်းစားနေရသည်။

တခြားမဟုတ်။ ဒီည မြတ်လေးငုံအခန်းမှာ သွားအိပ်ဖို့ကိစ္စ သူခွင့်ပြုနိုင်လောက်သည့် အခြေအနေတစ်ခုဖြစ်အောင် စဉ်းစားနေရခြင်းဖြစ်သည်။ ကိုတင်မောင်ကတော့ ချောင်းထဲက ပြန်တက်လာပြီးကတည်းက ရွာထဲခဏဟုဆိုကာ ထွက်သွားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော့်ဦးခေါင်းတွေ ပေါက်ထွက်မတတ် စဉ်းစားကြည့်ရင်း တစ်နေကုန်သွားသည်။ ညနေစောင်းမှာ ကိုတင်မောင်နှင့်အတူ ဖိုးစောပါလာပြီး နှစ်ယောက်စလုံး ထွေတေတေ ဖြစ်၍လာကြသည်။ ဖိုးစောနှင့်အတူ ကြိုးထုံးနှစ်ထုံးလည်း ပါလာ၍မေးကြည့်တော့ မနေ့ကတည်းက နွားချည်တဲ့ကြိုး မြို့တက်ဝယ်တာ ဒီညနေမှပဲ ပြန်ရောက်သတဲ့။ သူလည်း ကိုတင်မောင်နှင့်ပေါင်းပြီး "ခဏ" တတ်နေပြီထင်ပါသည်။

ထိုအခိုက် ကိုဖိုးစောက. . .

"မင်းကောင်နှစ်ကောင် ဘာဖြစ်နေကြပြန်ပြီလဲ"

ထိုအခါ ကိုတင်မောင်က သူသိထားသော ကျွန်တော်တို့ပြဿနာကို ပြောပြလိုက်သဖြင့် ကိုဖိုးစောက ကြိုးထုံးနှစ်ထုံးအားကျွန်တော်တို့ရှေ့ ချပေးပြီး. . .

"လွယ်လွန်းလို့ကွာ. . ၊ ဟေ့ကောင်. . မင်း ဒီကောင့်ကိုစိတ်မချရင် ဒီကောင့်လက်တွေ ခြေထောက်တွေ ကြိုးနဲ့တုတ်ပြီးကြမ်းပေါက်ကြားကဖြစ်ဖြစ် ပြတင်းပေါက်ကဖြစ်ဖြစ် ကြိုးစကိုအောက်ချခိုင်းထားလိုက်၊ မင်း မသက်သာတဲ့အချိန် ထဆွဲကြည့်ကွာ"

"အေး. . . အဲ့ဒီအကြံ အကောင်းဆုံးပဲ"

ကိုတင်မောင်ကပါ ထပ်ပြီးထောက်ခံပေးသဖြင့် မိုးဆွေကျေနပ်ကာ ထိုအစီအစဉ်အတိုင်း လုပ်မယ်ဟု သဘောတူလိုက်လေသည်။ ကျွန်တော်လည်း ဒီတစ်ည ဒုက္ခခံပြီးရင် ဒီဝဋ်ကကျွတ်ပြီဟုတွေးကာ. . . လုပ်ကွာဟုပြောပြီး မျက်လုံးအစုံကို မှိတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။ သို့သော် အိပ်လို့မရပါချေ။

"ခိုင်မြ . . . အမိုး ခေါင်းခိုင်းလိုက်တယ်၊ ထမင်းစားမယ်တဲ့"

မြတ်လေးငုံကိုယ်တိုင် လာခေါ်၍ မိုးဆွေ ရင်ခံကာ ခတ်ခွေခွေ ဖြစ်သွားသည်။ ထို့နောက် . . .

"မြတ်လေးငုံ . . . ဒီကောင် ဒီည နင့်အခန်းမှာ အိပ်ဖို့ ငါတို့ ဒီပုံစံမျိုး သဘောတူထားတယ်၊ အဲ့ဒါ နင်ကိုယ်တိုင် လုပ်ပေးဟာ"

"ငါက ဘာလုပ်ရမှာလဲ"

သို့ဖြင့် မိုးဆွေက ကြိုးချည်ထားမည့် အစီအစဉ်ကို အကျဉ်းချုံးကာ ပြောပြလိုက်၍ . . .

"နင် . . ငါနဲ့ခိုင်မြရဲ့ကိုယ်ကျင့်သိက္ခာကို စော်ကားတာများနေပြီ၊ ငါ စိတ်ကုန်ချင်လာပြီ သိလား"

မိုးဆွေမျက်နှာ ပြာခနဲ ဖြစ်သွား၍ ကျွန်တော် ငြိမ်နေလို့ မရတော့ဘဲ မြတ်လေးငုံအား . .

"လုပ်ပေးလိုက်ပါ မြတ်လေးငုံ . . ငါသဘောတူပါတယ်၊ သူ့အရမ်းချစ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့အိပ်ခန်းမှာ . . သူမဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက် တစ်ညလုံး ရှိနေမယ့်ကိစ္စ ငါဆိုရင်လည်း တစ်နည်းနည်းတော့ ကြံမိမှာပဲဟ၊ ကဲ . . ကြာနေလို့ အမိုး လှမ်းအော်နေဦးမယ်၊ တို့ . . မနက်(၆)နာရီလောက် ထွက်ကြမယ်၊ ကိုတင်မောင် လိုက်ပို့ပေးဦးမည်ဟာ . . မေ့လို့ . . ကြိုး . . ကြိုးတွေပေး"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှပဲ မိုးဆွေမျက်နှာ ညိုရော်ရော်ကနေ ဖြူရော်ရော်လေး ဖြစ်သွားပါသည်။ ကျွန်တော့်အဖို့မူ ပေါက်တဲ့နဖူး သိပ်မထူးတော့ပြီမို့လို့ ဟက်တက်ပဲကွဲကွဲ ဆက်ကာန္တဲ့ရပေဦးမည်။

"ဟင်း. . . မလွှယ်ပါလား"

"ဟဲ့. . . မိနော်"

"လာပြီ အမိုးရဲ့. . . ဒီမှာရောက်နေပြီ"

ဋ ဋ ဋ ဋ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ပြီးသည်နှင့် မနက်ခရီးသွားရမှာမို့လို့ စောစောအိပ်ယာဝင်ကြဟု ဒေါ်လေးဖောကပြောသဖြင့် ကျွန်တော်ပျော်ပြီး အခန်းထဲဝင်ခဲ့သည်။ နည်းနည်းလေးမှ အားနာမှုမရှိဘဲ အခန်းထဲ ရှေ့ဆုံးကဝင်နှင့်သော ကျွန်တော့်ကို မြတ်လေးငုံပင် အံ့အားသင့်သွားသည်။

အမှန်တော့ ကျွန်တော်ဟန်မဆောင်နိုင်လောက်အောင် အိပ်ချင်နေပေပြီ။ ကျွန်တော့်စိတ်ထဲ အားပါးတရ အိပ်ပစ်ချင်စိတ်တစ်ခုကလွဲလို့ ဘာမှမသိချင်တော့စွာ အသင့်ခင်းထားသော အိပ်ယာထဲပစ်လှဲကာ အိပ်တော့၏။ ကြိုးချည်သည့်ကိစ္စ သူမဘာသာ ကြည့်စီစဉ်ပေတော့။

"လေးဖောရေ"

"ဝေး. . ဘယ်သူတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါပါ . . ဖိုးပိုက်ပါ"

"ဟင် . . . ဒီအချိန်ကြီး ဘယ်ကပြန်လာတာတုန်း"

"မြအေးတို့ဆီရောက်လို့ ဟိုမှာပို့ထားတဲ့နွားတွေ ဆွဲပြန်လာခဲ့တာ"

"အပေါ်တက်ဦးမလား"

"မတက်တော့ဘူး . . . ငါ့နွားနှစ်ကောင် နင့်အိမ်အောက် ချည်ထားခဲ့မယ်၊ အိမ်က (၃)ကောင်နဲ့ ဒီကောင်တွေက မတည့်ဘူးဟ"

"အင်း . . . ထားခဲ့လေ"

"အေး . . အေး . . "

နွားနှစ်ကောင်နှင့် အိမ်အောက်ဝင်သွားသော ဦးဖိုးပိုက်ကြောင့် ကိုတင်မောင်နှင့်မိုးဆွေတို့ ရှေ့မတိုးရဲတော့ဘဲ ခြံအစပ်မှာပင် ပုကာ ဝပ်နေကြရသည်။

"ဟာ . . . သွားပြီ မိုးဆွေရေ"

ကိုတင်မောင် လေသံနှင့် လက်တို့ပြော၍ မိုးဆွေလည်း အမူအယာနှင့် ပြန်မေးသည်။

"ငါ့အဖေ . . ကြမ်းပေါက်ကြားကနေ တွဲလောင်းချထားတဲ့ကြိုးတွေနဲ့ နွားချည်ထားလိုက်ပြီဟ"

"ဟင် . . . "

ထိုအခိုက်မှာပင် နွားက လည်ပင်းတစ်ချက် ခါပစ်လိုက်သဖြင့် ကြိုးကိုဆောင့်ဆွဲသလိုဖြစ်ကာ . . .

"အား . . . "



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုက်ကြီး အိမ်အောက်ကထွက်လာပြီးမှ . . အော်သံကြောင့် ပြန်လည်ကာ လှည့်ကြည့်သည်။ နွားက နောက်တစ်ကြိမ်လည်ပင်းခါပြီး လှဲကာထိုင်ချသည်။

"အား. . ."

"အား. . . သေပါပြီဗျ"

"ဟဲ့. . . လေးဖော၊ ဘယ်သူတုန်း. . . ဘာသံတုန်း"

"ကျွန်မ သမက်ကလေးပါ ကိုဖိုးပိုက်ရယ်၊ မြလေးငုံနဲ့ဒီနေ့ နှားချလိုက်တာလေ၊ ဟဲ့. . . နင်တို့ တိုးတိုးလုပ်ကြစမ်း"

"အား. . နာတယ်. . အား"

"ဟဲ့. . . မြတ်လေးငုံ၊ နင် ကိုယ်ချင်းမစာဘဲ နှိပ်စက်နေသလားဟဲ့၊ ဩော်. . . ငါ့နှယ်"

ဒီတော့မှ ဦးဖိုးပိုက်လည်း သဘောပေါက်ကာ ရယ်ကျဲကျဲနှင့် သူ့ခြံဖက် လျှောက်လာရင်း ညည်းလေ၏။

"ဩော်. . . ခေတ်ကာလ သားသမီးတွေများ တိုးတိုးမှန်းမသိ ကျယ်ကျယ်မှန်းမသိနဲ့. . . အပေါးပေါးပေါး"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(ခုနစ်)

လွန်စွာမှလှပသော နံနက်ခင်း၊ အေးမြလတ်ဆတ်သောလေပြည် တရိပ်ရိပ်လွင့်ကျန်ခဲ့သော အရိပ်ပင်ကြီးများကို မြင်ယောင်ကြည့်လျှင် ကျွန်တော်လိုက်ပါလာသော ကားလေးက ဘယ်လိုအမြန်နှုန်းမျိုးနှင့် မိန်းမသွားခိုးသောအခန်းကို အောင်မြင်စွာ ဖြတ်ကျော်လာခဲ့ပြီဆိုတာ ကျွန်တော့်ပရိသတ် သိလောက်ပါချေပြီ။

ချစ်သူကို ဘေးမှာထိုင်ခိုင်းပြီး ခွေကိုင်နေရသော မိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပျော်နေသည်။ ကျွန်တော်ကတော့ အော်နေရသည်။

"အား. . . ကျွတ်. . ကျွတ်. . မြန်မြန်မောင်းပြီး ဖွင့်တဲ့ ဆေးခန်း ဝင်ကွာ"

"အေးပါဟ. . . မောင်းနေပါတယ်"

"နင် အရမ်းနာနေလားဟင်၊ ငါဘာလုပ်ပေးရမလဲ"

မြတ်လေးငုံ စိတ်မကောင်းဖြစ်နေသံနှင့် နောက်ခန်းဖက် လှည့်ကြည့်ကာ မေးနေမှုအား မိုးဆွေ သိပ်ဘဝင်မကျသံနှင့်. . .

"ယောကျ်ားတွေပါ မြတ်လေးငုံရာ၊ ဒီကောင် ဒီလောက် တော့ ခံနိုင်ရည်ရှိပါတယ်"

"နင်. . တကယ် တစ်ကိုယ်ကောင်းဆန်တယ် သိလား"

"ဟာ. . . အချစ်လေးရာ ဘာတွေပြောနေမှန်း မသိဘူး၊ ဟိုမှာကြည့်စမ်း. . ဘယ်လောက်လှလိုက်တဲ့ မြင်ကွင်းလေးလဲဆို တာ"

"သွား. . . မကြည့်ဘူး"

မြတ်လေးငုံ ခတ်ဆတ်ဆတ် အော်ပစ်လိုက်မှ မိုးဆွေ ကိုယ်ရှိန်သတ်ကာ. . .

"ခိုင်မြဲက ငါ့သူငယ်ချင်းပါ အချစ်လေးရာ၊ ကိုယ်ချင်းမစာ ဘဲ နေပါ့မလား၊ ဒါပေမယ့် ဒီကောင် မနက်က ရွာကထွက်လာ တော့ ခြေတွေလက်တွေက အကောင်းကြီးပဲလေ"

"နင်နဲ့တော့ ခက်တာပဲ၊ ညက သူ အိပ်ရေးပျက်အားလို့ အခန်းထဲလည်းရောက်ရော ချက်ချင်းအိပ်ပျော်သွားတယ်၊ နင်က ကြီးချည်ပေးဆိုလို့ ငါ့မှာ အိပ်ပျော်နေတဲ့သူ့ကို ခြေလည်းမကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ လက်လည်းမကိုင်ရဲလို့ ကြိုးကွင်းလျောလေးလုပ်ပြီး လည်ပင်းမှာ စွပ်ထားပေးလိုက်တာ. . ."

"ဟမ်. ."

"ကျွိ. . ရှိ. . ရှိ. . ရှိ. ."

ထိုအခါမှပင် မိုးဆွေ လန့်ကာ ကားကို လမ်းဘေးချရပ်ပစ်၍ ကျွန်တော့်ကို ကြည့်လေသည်။

"ခိုင်မြ. . မင်း. . မင်းဘယ်လိုနေသေးလဲ"

"နွားတစ်ကောင်လုံး ရုန်းဆွဲတာပဲကွာ၊ လျှာတစောင်းကိုက်သွားတာပေ့ါ"

"ဆောရီးကွာ. . ငါ. . အဲ့ဒီလိုဖြစ်မှန်းမသိလို့ပါ"

"ကဲ. . . သွားပါတော့. . မောင်းပါတော့၊ ငါ့ကို ဆေးခန်းပို့ပြီးရင် မင်းတို့ကိစ္စ မင်းတို့ဘာသာ ပြေလည်အောင် လုပ်ကြပါတော့၊ ငါကတော့ ဒီတစ်သက် မင်းနှိပ်စက်သမျှနဲ့ပဲ အချစ်အိုးကွဲပြီး မိန်းမကို ရမှာမဟုတ်တော့ဘူး"

"ဘာဆိုင်လို့လဲကွ"

"မဆိုင်ဘဲနေမလား မိုးဆွေ၊ မြတ်လေးငုံကို ငါကတောင်းယူလာပြီး မင်းလက်ထဲ ထည့်ပေးလိုက်တဲ့ကိစ္စ အမိုး ထိုင်ကြည့်နေမယ် ထင်လို့လား၊ တစ်ရွာလုံး ခေါ်လာပြီး ငါ့အိမ်ကို လာမဖြိုရင် ကံကောင်းမှတ် . ၊ အနည်းဆုံးတော့. . ပြဿနာရှင်းရမယ်၊ သတင်းကြီးသွားမယ်၊ ဒီလူ မိန်းမခိုးဖူးတယ်ဆိုတဲ့ တစ်ချက်နဲ့တင် ငါက ဘယ်လောက်ချစ်ပါတယ်ပြောပြော အချစ်အိုးကွဲကြီးပဲကွ အဲ့ဒါပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် မိုးဆွေ၊ ငါတို့ ခိုင်မြဲကို ဒုက္ခပေးမိပြီ”

ထိုအခါ မိုးဆွေ ဟင်းခနဲ ပင့်သက်ချကာ ကားကို ပြန်မောင်းထွက်ရင်း. . .

“အေးကွာ. . . ဒီအကြွေးတွေ နောင်ဘဝမှာ ဆက်ဆက်ပြန်ဆပ်ပါ့မယ်၊ ဒီဘဝတော့ အဆင်ပြေသလို နေလိုက်ပါတော့နော်”

ဘယ်လောက်ကောင်းလိုက်တဲ့ နှစ်သိမ့်စကားလဲဆိုတာ။ မြတ်လေးငုံကတော့ စိတ်မကောင်းဖြစ်တာရော အားနာတာပါ ပေါင်းပြီး ဘယ်လိုက အကောင်းဆုံး ဖြစ်နိုင်မလဲလို့ စဉ်းစားနေပုံပါ။

သေချာတာကို ပြောရလျှင် ရန်ကုန်ပြန်ရောက်သည်နှင့် ရပ်ကွက်ထဲက ခိုင်ဇော်မင်းထံတွင် ကျွန်တော့်ကိုယ်ကျွန်တော် သုံးဆယ်မကျော်သေးသော လူပျိုကြီးစာရင်းသွင်းဖို့ ဆုံးဖြတ်လိုက်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကား ဦးထီး(စိုင်းထီးဆိုင်)ပြောသလို ‘ကိုယ်ထင်တာထက်. . ကိုယ်ဟာ. . ပိုအ’ နေ၍ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်ရေ . ."

ဦးပိုက်ကြီးအသံကြောင့် တင်မောင် ပုဆိုးခြုံကွေးနေရာက ဆတ်ခနဲထထိုင်ကာ ဖူးပိတ်နေသော မျက်ခွံတွေကို ခြေကန်ဖွင့်ကြည့်သည်။

"ဟော့ . . တင်မောင်"

"ဗျာ . . အပါး၊ ကျုပ် နိုးနေပါပြီ"

"အေး . . ဒီချိန်မှမနိုးသေးဘူးဆိုလည်း အနောက်ကုန်းသာ ရွှေ့အိပ်တော့"

"အပါး ကျုပ်ဘာလုပ်ရမလဲ"

"ဟိုဘက်က လေးဖော့အိမ်အောက်ကနွားတွေ ထုတ်လှန်လေကွာ နောက်ချေးတွေပါ ရှင်းပေးထားခဲ့"

"ဟုတ် . . ဟုတ် . ."

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်. . ဟုတ်. . ဟု အသံပေးပြီး ထရပ်သော်လည်း တင်မောင် သူ့ခြေထောက်တွေကို အားကိုးလို့မရမှန်းသိစွာ ပြန်ထိုင်လိုက်ရသည်။ ထိုနောက်. . ညက ဖိုးဇော်နှင့်သောက်ထားသော လက်ကျန်ပုလင်းလေးအား ကွပ်ပျစ်အောက်မှ လှမ်းဆွဲကာ ကွပ်ခနဲ မော့်ချပစ်လိုက်ပါသည်။

"အား. . ကောင်းတုန်းဟ. . "

"တင်မောင်. . "

တင်မောင်လန့်ပြီး ပုလင်းပြန်ဝှက်ပေမယ့် မမီတော့ချေ။ မိတင်ရယ် ကလေးကိုခါးထစ်ခွင်ချီထားရင်းက အရက်ပုလင်းကို လှမ်းဆွဲပြီး လွှင့်ပစ်ထုတ်လိုက်သည်။

"ဟ. . ဟ. . ကုန်ပါပြီဟာ ဘာလုပ်တာလဲဟာ"

"လွှင့်ပစ်တာလေ. . နင့်ပုလင်းကို ငါ လွှင့်မပစ်ရင် နင်ငါတို့သားအမိကို လွှင့်ပစ်ဖို့ပဲ ရှိတယ်"

"ဘာဆိုင်လဲ"

ထိုနောက် မိတင် သူ့ကလေးကို ရင်ခွင်ထဲလွှဲယူ၍ ကွပ်ပျစ်မှာဝင်ထိုင်ရင်း. . .

"ငါ့ကိုကမှားတာ. . အစကတည်းက ငါ နင့်ကိုမယူပဲ နင့်အဖေ ဦးပိုက်ကြီးကိုယူလိုက်ရင်. . ခုလောက်ဆို ရွှေနဲ့ငွေနဲ့တောင် နေနိုင်နေပြီ"

တင်မောင် လန့်ကာကြည့်ပြီး မိတင်လွှင့်ပစ်လိုက်သော ပုလင်းဆီ အကြည့်ပြန်ရွှေ့သည်။ ပုလင်းက နွားစာစင်းထားသော အပုံထဲကျပြီး အထဲကလက်ကျန်လေးလည်း မြင်နေရသေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အပြေးရောက်သွားကာ အကုန်မော့ချလိုက်လေသည်။ ပြီးမှ လေကျသွားသလို အသံလေး. . ဂစ်ဂက် ထုတ်ပြကာ။

"ဒီမှာ မိတင်. . ငါလည်း လူသားတစ်ယောက်ပါ၊ အမှန်အမှားဆိုတာလည်း သိတယ်၊ ခံစားချက်ဆိုတာလည်း ရှိတယ်၊ ချစ်ချင်းမေတ္တာတွေ သံယောဇဉ်တွေဆိုတာကတော့ ထည့်ပြောစရာတောင် မလိုပါဘူးဟာ၊ ဒီမှာ. . ငါ့သားနဲ့ ငါ့သမီးအတွက် ဒီတစ်မိုး တစ်နွေ ငါဘယ်လိုအလုပ်လုပ်မယ်ဆိုတာ နင်စောင့်ကြည့်လိုက်"

"အေးပါ. . . ငါလည်း အဲ့ဒီအပြောနဲ့တင် ကလေးနှစ်ယောက်ထွက်သွားပြီ"

"ကျွတ်. . ပျက်အစဉ်ပြင်ခဏပါ မိတင်ရာ၊ ငါ ဒီနေ့ကစပြီး ပြင်လိုက်ပြီ၊ ခိုင်မြဲရောက်လာတာ. . ငါတို့ဘဝ အများကြီးပြောင်းလဲဖို့ဖြစ်လာတာပဲ"

မိတင် စိတ်ဝင်စားသွားပြီ။ တင်မောင် ကွပ်ပျစ်မှာ ပြန်ထိုင်တာကိုတောင် မျက်စောင်းထိုးကြည့်တာမျိုး မလုပ်ဖြစ်တော့ပဲ ငုံ့လင့်နေ၍ တင်မောင်က. . .

"မိုးဆွေကပြောတယ် ခရုမှာလည်းအဆံနဲ့ လူမှာလည်းအကြံနဲ့တဲ့ ဒီကွေ့မှာ ဒီတက်နဲ့လှော်လို့မရရင် ဟိုတက်နဲ့ လှော်ရတယ်. . အဲ့ဒါကို လူတွေပဲလုပ်နိုင်တယ်တဲ့"

"ငါနားလည်အောင် ပြောစမ်းပါဟာ"

"အဲ့ဒါပဲ. .၊ မင်းတို့မိန်းမတွေ အဆင်မပြေရင် ပြဿနာရှာဖို့လောက်ပဲသိတာ၊ ငါတို့က သောက်စားဝိုင်းဖွဲ့တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် အတွေ့အကြုံ ဖလှယ်ကြတာ. . . ရှင်းလား၊ တစ်ရက်ကြုံလို့ ခိုင်မြနဲ့ငါ စကားပြောဖြစ်ကြတယ်၊ ငါလည်း ငါ့အခက်အခဲကို ဖြေရှင်းချင်လို့ ငါကစပြောတာပါ. . ၊ နင်လည်းသိတဲ့အတိုင်း ငါက တောမှာမွေး တောမှာသာကြီးတာ လယ်ချောင်းအလုပ်နဲ့ ငါနဲ့ ဘယ်လိုမှလမိုင်းမကပ်တော့ မင်းတို့သားအမိလည်း လူလုံးမလှဘူး၊ အဲ့ဒါကြောင့် ခိုင်မြနဲ့ ပတ်သက်ပြီး မြို့အလုပ်လေးဘာလေး ရနိုးနိုးမေးကြည့်တော့ ဒီကောင်က အကြံပေးတယ်၊

ကိုတင်မောင်နဲ့ မြို့အလုပ်နဲ့လည်း အဆင်ပြေမှာ မဟုတ်ဘူးတဲ့၊ သူမြင်တာတော့ လယ်လုပ်လို့ အဆင်မပြေရင် ဆိုင်ကယ်ကယ်ရီ ဆွဲပါလားတဲ့၊ ရွာနဲ့မော်ဘီကိုပဲဆွဲ. . တစ်နေ့ ငါးထောင်အသာလေး ရှာလို့ရတယ်လို့ ပြောတယ်၊ အဲ့ဒါ. . မဆိုးဘူးလို့လည်း ငါတွေးမိတယ်၊ တစ်နေ့ငါးထောင်ရရင် နင့်ကိုလေးထောင်ပေးမယ်. . ငါ တစ်ထောင်သုံးမယ်ဟာ"

"အမလေး တစ်ကယ်သာရရင် သုံးထောင်ပဲပေး၊ နှစ်ထောင်သုံးရတယ်"

"တစ်ကယ်လား. . အေး ဟုတ်ပြီ၊ အဲ့ဒါကြောင့်ပြောတာ မိတင်ရ ခိုင်မြရောက်လာတာ ငါတို့ဘဝ ပြောင်းမှုဖြစ်လာတာပဲ၊ အခု ရွာကလူတွေမြို့တက်ရင် ခြေကျင်လျှောက်ရတာ. . . ဆိုင်ကယ်နဲ့ တစ်ယောက်ငါးရာဆို. . အို. . လုတောင်လုနေကြဦးမယ်. . အဟုတ်ဟုတ်"

"အေးပါ. . နင်ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်"

www.burmeseclassic.com



"တင်မောင်"

"ဗျို့. ."

"မင်း ခုထက်ထိ နွားမလှန်ရသေးဘူးလား"

တင်မောင်လန့်ပြီး ထခုန်သော်လည်း မိတင်က. .

"ခဏလေးအပါးရေ မိတင် ခိုင်းထားတာလေး လုပ်နေလို့"

ဦးဖိုးပိုက် အသံတိတ်သွားမှ မိတင်တို့လင်မယား ဇက်ပုပြီး ဒေါ်လေးဖောတို့အိမ်ဘက် ကူးကြသည်။ ထိုစဉ်. . စောထီး ပြုံးပြုံးပြာပြာ ရောက်လာကာ. . .

"လေးဖော"

"ဟေ. . ဘယ်သူတုန်း"

"ဘယ်သူလဲမမေးနဲ့ အောက်ဆင်းခဲ့ဦး"

စောထီး မှုန်သိုးသိုးမျက်နှာနှင့် ဖေါင်းကားနေအောင် ထည့်ထားသော သူ့လွယ်အိတ်ကို ချွတ်ခွာချပြီး ကွပ်ပျစ်မှာထိုင်လိုက်သည်။

"ဟဲ့. . စောထီး ဘာလဲ"

"ဘာလဲမလုပ်နဲ့ မိနှောင်းလေးကို ပေးစားတာ ခိုင်မြဲလား ခိုင်မြဲနဲ့ပါလာတဲ့ အကောင်နဲ့လား"

"ဟမ်း. . ခိုင်မြဲပါဟဲ့"

"ခင်ဗျားခံရပြီ အခု ကျုပ်နဲ့ဖိုးစောနဲ့ ဈေးတက်ဝယ်ရင်း ထေကြီးဆိုင်မှာ ဝင်သောက်တော့ အကုန်ပေါ်ပြီ"

"နင့်ဟာက ဘာတုန်းဟဲ့ ငါ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မနေ့ညကကိစ္စ ဖိုးစော ကျုပ်ကို အကုန်ပြောပြလိုက်ပြီ၊ ခိုင်မြဲ ဒီတစ်ခေါက်လာတာ သူ့သူငယ်ချင်း မိုးဆွေအတွက် မိန္နောင်းကို လာခိုးပေးတာ၊ လွယ်လွယ်ခေါ်ထုတ်လို့ မရလို့ လေးဖောကို ခိုင်မြဲ အယုံသွင်းပြီး မိုးဆွေလက်ထဲ ထည့်ပေးတာ. . ရှင်းပြီလား"

"ဟမ်. . အမလေး. . ဗုဒ္ဓေါမြတ်စွာဘုရား ဘိုးပိုက်ဆံကြီး ကယ်ပါတော်. . ကျုပ်သမီးလေးတော့ ဒုက္ခပါပဲ"

အခြေအနေမဟန်တော့လို့ တင်မောင် သူ့မိန်းမကို အသာလက်ကုတ်ပြီး လှည့်ထွက်လာခဲ့သည်။ ဒီဘက်ခြံရောက်မှ မိတင်က လေသံနှင့်. . .

"ဟဲ့တင်မောင် အဲ့ဒါတကယ်ပဲလား. . "

"ဘာကိုလဲ"

တင်မောင်ဘာမှမသိသလို ပုံဖမ်းထားသော်လည်း. . မိတင် အသာခါးကြောဆွဲလိမ်ပြီး. . .

"ညက နင်နဲ့ဖိုးစောရယ် မိုးဆွေနဲ့ ခေါင်းချင်းရိုက်နေကြတာ ငါမမြင်ဘူးများ မှတ်နေလား၊ ငါ ဦးပိုက်ကြီးကို ပြောလိုက်ရမလား မှန်မှန်ပြောစမ်း"

"အာ. . အပါးကိုတော့ သွားမပြောလိုက်ပါနဲ့၊ အား. . ကျွတ်. . ကျွတ်. . ဟုတ်တယ်. . "

"ဟမ်. . "

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြံဝင်းထဲကားရပ်ပြီး. . မိုးဆွေ သွက်သွက်လက်လက်ဆင်းကာ ပစ္စည်းအိတ်တွေချနေသဖြင့် ကျွန်တော် နားမလည်နိုင်ဖြစ်ကာ. . .

"ဟာ. . မင်းတို့က အိမ်ပြန်မှာမဟုတ်လား"

"ဟော လောလောဆယ် မင်းအိမ်မှာပဲ ခဏနေမယ်လေကွာ၊ ငါ့အိမ်အကြောင်းလည်း မင်းသိရက်သားနဲ့၊ ငါ ဒီမှာနေပြီး intro ဝင်ရဦးမှာကွ"

ဆိုတော့ကာ မြတ်လေးငုံရောက်လာပြီး. . .

"မိုးဆွေ"

"ဟင်"

"နင် ခိုင်မြကိုဒုက္ခပေးတာ တော်လောက်ပြီ"

"ဟာ. . ဒီမှာနေတာ ဘာပြဿနာရှိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှိရှိမရှိရှိ . . နင် ငါ့ကို လမ်းမှာဘယ်လိုပြောလာလဲ၊ မိဘတွေနဲ့ တည့်တည့်ဝင်တွေ့ပြီး ပြောပြမယ်၊ လက်မခံရင် နေ့ ချင်းအပြီး ရုံးမှာလက်မှတ်ထိုးမယ် ဆိုတာလေ"

"ဟုတ်တယ် . . ဒါပေမယ့် ငါက အကောင်းဆုံးစီစဉ်ချင် တာဆိုတော့ ခဏလေးသည်းခံပြီး . . ."

"ငါ သည်းမခံတော့ဘူး မိုးဆွေ၊ နင်လုပ်နေတာ ငါ့မှာ မိန်းကလေးတစ်ယောက်ရဲ့ဂုဏ်သိက္ခာ ဘာမှမကျန်တော့ဘူး၊ ရွာကထွက်လာတုန်းကလည်း လူသိတာတစ်ယောက် မသိတာ တစ်ယောက်၊ အခု ဒီကိုရောက်လာတော့လည်း . . တရားဝင် မဟုတ်ပဲ နင့်ကို လက်ခံပေးရဦးမယ်ဆိုတော့"

"မြတ်လေးငုံ . . ."

မိုးဆွေစကားသံက ယိုင်ထိုးကာ ထွက်ပေါ်လာခဲ့သည်။

"ငါတို့ ချစ်သူတွေဘဝကနေ အကြင်လင်မယားဘဝကို ကူးပြောင်းကြတော့မှာလေ၊ နင်ဘယ်လိုဖြစ်လို့ အဝေးကြီးကနေ ပြောနေတာလဲ"

"ငါ စဉ်းစားလေ ဝေးချင်လေပဲ မိုးဆွေ၊ အခု တစ်ရွာလုံး က ငါနဲ့ခိုင်မြကိုပဲ မှတ်ထားလိုက်ကြပြီ၊ အခု နင့်ကိုခေါ်ပြီး ရွာကို ဘယ်မျက်နှာနဲ့ပြန်ရမလဲ၊ ငါတို့ ကျေးလက်ဒေသဆိုတာ အရှမ်း ရိုးအတယ် အဖြောင့်ပဲတွေးတယ် "

မိုးဆွေ စိတ်ညစ်သွားပြီ ခေါင်းတွေကုတ်ဖွကာ . . .

"အခု ငါဘာဆက်လုပ်ရမလဲ"

"နင့်မိဘအိမ်ကို သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မိဘတွေအကြောင်း နင်မသိဘူး မြတ်လေးငုံ၊ နင် မျက်နှာငယ်ရမှာစိုးလို့ ခဏလေးစောင့်ပေးဖို့ ပြောတာ"

"ကောင်းပြီလေ အဲ့ဒါဆို နင့်မိဘတွေပြောဆိုပြီး လက်ခံမှ ရွာကိုလိုက်လာခဲ့၊ ခိုင်မြ ငါ့ကိုရွာပြန်ပို့"

အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှာကို ကျွန် တော်သိပြီး. . .

"ငါတို့ဒီလောက်အထိ ကြိုးစားခဲ့ပြီးမှ ဖျက်ဆီးပစ်လိုက် ကြတော့မှာလားကွာ၊ ခေါင်းအေးအေးထားပြီး စဉ်းစားကြပါဦး၊ အခုလောလောဆယ် ခဏနားကြကွာ၊ နားရင်းနဲ့ ဘာလုပ်မယ် ဆိုတာ ဆုံးဖြတ်ကြမယ်၊ ကဲ. . လာ အိမ်ထဲဝင်"

သို့နှင့် ကျွန်တော်တို့ အိမ်ထဲဝင်ကြကာ ဧည့်ခန်းမှာ ခြေ ပစ်လက်ပစ်ထိုင်ကြသည်။ တစ်နာရီနီးပါး စကားသံမဲ့ အတွေး ကိုယ်စီရှိနေကြသဖြင့်. . ကျွန်တော်ပဲ ထထွက်လာကာ ကော်ဖီ ဖျော်ဖို့ စီစဉ်ပါသည်။ လောလောဆယ် ထမင်းစားဖို့ကိစ္စ ဘာမှ လည်း အဆင်သင့်မရှိသဖြင့် နောက်မှအပြင်မှာ ထွက်စားဖို့ ဆုံး ဖြတ်ကာ ကော်ဖီဖျော်လိုက်သည်။

မသောက်ရတာပင် အတော်အတန်ကြာပြီဖြစ်သော ကော်ဖီအခါး ဆိမ့်ချိုမွှေးသော အရသာက ညစ်ကပ်ကပ် ဖြစ်နေ သော စိတ်အာရုံကို ကြည်လင်မှုရသလို ပေးစွမ်းသည်။

ကျွန်တော်လည်း ကော်ဖီတစ်ခွက်ကုန်မှပင် စကားစ လိုက်သည်။

"အမှန်တရားကတော့ ခါးတယ်ကွာ မိုးဆွေရာ၊ ငါ့အ

www.burmeseclassic.com

www.burmeseclassic.com



တွေးထဲမှာတော့ မင်းအနေနဲ့ ဘယ်လိုအခြေအနေမျိုးကိုမဆို သတ္တိရှိရှိရင်ဆိုင်ဖို့ အချိန်ဖြစ်နေပြီ"

"ငါက ရင်မဆိုင်ရဲလို့လား"

"ဒါပေမယ့် မင်းတွေဝေနေတယ်၊ မြတ်လေးငုံ မျက်နှာငယ်မှာစိုးလို့ဆိုတာ ဆင်ခြေပေးတာပဲ"

"ခိုင်မြဲ . . မင်း"

မိုးဆွေ ထိုင်နေရာမှ ဝုန်းခနဲခုန်ထလာပြီး ပေါက်ထွက်တော့မယ့်မျက်နှာနှင့် ကျွန်တော့်ထံရောက်လာပါသည်။ အဲ့ဒီနောက် ကျွန်တော့်အကျီင်္ကော်လံစကို ဆွဲမပြီး ထူသည်။ သူ့ဗလ လောက်လေးနှင့် ကျွန်တော့်ခန္ဓာကိုယ် မြောက်တက်မလာ၍ . . ကျွန်တော်ကပင် အလိုက်သင့် ထရပ်ပေးလိုက်ပြီး . . .

"ငါပြောတာ အမှန်တရားနော်"

"ခိုင်မြဲ . . ငါ . . ငါကွာ . . "

မိုးဆွေလက်သီးတပြင်ပြင်ဖြစ်နေ၍ ကျွန်တော် ပြုံးပြီး . .

"မင်း အဲ့သလောက်သတ္တိကြောင်မှန်းသိရင် ငါမိတ်အပျက်ခံပြီး မကူညီဘူးကွာ . . ငါ့နှယ်"

"ဟာကွာ . . ကဲ"

"ခွပ် . . "

"ဝုန်း . . "

"မိုးဆွေ . . နင် မိုက်ရိုင်းလှချည်လား"

ကျွန်တော်မျှော်လင့်ထားသော လက်သီးချက်ဖြစ်၍ . . ကျွန်တော့်ဘာသာ အရသာရှိရှိနာကျင်နေသော်လည်း အရသာ

www.burmeseclassic.com

www.burmeseclassic.com



မရှိသည့် ခံစားချက်နှင့် မြတ်လေးငုံရောက်လာပြီး . . မိုးဆွေကို ဖြတ်ရိုက်ပစ်တော့သည်။

"ဖျန်း . ."

"ဟာ . . နင်"

"ခိုင်မြ . . ငါ ပြန်မယ်"

"ဟော့ . . ဟော့ . . မြတ်လေးငုံ"

ကျွန်တော် လှမ်းအော်တားရင်း လဲကျနေရာမှ ထလာကာ မိုးဆွေကိုတွန်းလွှတ်သည်။ မိုးဆွေပေကပ်ကပ် . . .

"ဟော့ကောင် လိုက်ခေါ်လေ"

"တော်ပြီ . . ခိုင်မြ၊ မြတ်လေးငုံကို မင်းခိုးလာတာ မင်းပဲ တာဝန်ယူလိုက်တော့ကွာ"

"ဘာကွ . . ."

ဘယ်နှစ်ချက်မှန်းမသိသော လက်သီးချက်များက မိုးဆွေထံ မိုးသီးကြွေသလို ကြွေကျကုန်တော့၍ မြတ်လေးငုံပြန်ပြေးလာပြီး ကျွန်တော့်ကို နောက်ကနေ သိုင်းဖက်ကာ ဆွဲထားသည်။ ပြီးတော့ ငိုပါသည်။ မိုးဆွေလည်း ရှူးကော့(စ်)ဘီရိုထောင့်မှာ အပုံလိုက်ဖြစ်သွားသည်။

သို့တိုင် ကျွန်တော့်ဒေါသက မပြေချင်သေး . . .

"နင်ဘယ်သူ့အတွက် ငိုနေတာလဲ၊ ဟိုကောင့်အတွက်ဆို သေးပေါက်ပစ်လိုက် . . မငိုနဲ့ အလကားကောင်"

ထိုအခိုက်မှာပင် ခြံရှေ့သို့ ကားရပ်သံကြားရ၍ ကျွန်တော် ရော မြတ်လေးငုံပါ လှည့်ကြည့်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အမိုးတို့လိုက်လာပြီ၊ ဒုက္ခပဲ ဘယ်လိုလုပ်ကြမလဲ"

ရုတ်တရက်မို့ ကျွန်တော်လည်း ပြာယာခတ်သွားကာ အပြေးအလွှား စဉ်းစားသည်။ မိုးဆွေလည်း အပုံလိုက်ကလေး လဲနေရာမှ ကုန်းကွထ၍. . ကျွန်တော် အတွေးဖြစ်ပြီး မိုးဆွေကို ဆွဲခေါ်ကာ အဖေ့အခန်းထဲ သွင်းထားလိုက်သည်။ ပြီးမှ ဟန်မပျက် ဧည့်ခန်းထဲ ပြန်ထွက်လာခဲ့သည်။

အမိုးတို့အင်အားက မသေးလှ။ ရွာလူမိုက် စောထီးတို့ ပါခေါ်လာသဖြင့် နည်းနည်းတော့ ဖျုံသွားချင်မိသည်။ အမိုးတို့ လူသိုက် ဧည့်ခန်းထဲဝင်လာသည်နှင့် အမိုး ကျွန်တော့်ထံပြေးလာကာ ရင်ဘတ်အကျႌ ဆောင့်ဆွဲရင်း. . .

"နင် ဘာလုပ်တာလဲ ဖိုးခွား"

"ဗျာ. . အမိုး ကျွန်တော် ဘာလုပ်လို့လဲ"

"ဘယ်မလဲ ဟိုအကောင်"

"အမိုး. . ဘယ်သူလဲ"

"မိုးဆွေလေ"

"အာ. . မိုးဆွေ သူ့အိမ်သူပြန်သွားပြီလေ၊ ဒီမှာ ကြင်စဦး ဇနီးမောင်နှံပဲရှိတာ ဒီကောင်မပြန်ရင် ကျွန်တော် ကန်ထုတ်ပစ်မှာပေါ့ အမိုးရ"

ကျွန်တော့်စကားကြောင့် အမိုးအူတူတူဖြစ်သွားပြီ စောထီးရှိရာ လှည့်ကြည့်၍. . စောထီး လျှောက်လာကာ. .

"မင်း ပိန်းဥလိုလို မျောက်ဥလိုလိုမလုပ်နဲ့နော် ခိုင်မြ. .၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ဖိုးစော အကုန်ပြောပြလို့ အခုလိုက်လာတာ"

"ဟာဗျာ ကိုဖိုးစောက နောက်တာနေမှာပါ"

ထိုစဉ် အမိုးကြီးက မြတ်လေးငုံကို ဆွဲခေါ်မည်အပြု. . မျက်နှာကိုသတိထားမိပြီး. .

"ဖိုးမူ နင်ငိုထားတာလား"

သူမ မဖြေခင် ကျွန်တော်ဦးအောင်ဖြေလိုက်သည်။

"စောစောကပဲရောက်တယ် အမိုးရာ၊ ရောက်ရောက်ချင်း အမိုးကိုထားခဲ့ရလို့ဆိုပြီး ငိုတယ်၊ ပြီးတော့ ပြန်မယ်တဲ့ဗျာ ကျွန်တော့်မှာ မနည်းချော့နေရတယ်"

အမိုး ခဏတော့ တွေဝေကာသွားသည်။ ထိုနောက်. .

"ဖိုးခွား. . လာစမ်း၊ ငါ့ရှေ့မှာ နင့်မိန်းမကို ဖက်နမ်းစမ်း"

"ဗျာ. . ."

ကျွန်တော် နောက်စေ့တည့်တည့် ခဲမှန်သလို ငွပ်ခနဲမြည်ပြီး ဂေါက်ခနဲလဲကျမသွားအောင် အတော်သတိထား ထိန်းလိုက်ရသည်။

"နင်လာလေ. . လုပ်လေ"

"ဟာ. . အမိုး လူတွေရှေ့မှာဗျ၊ ကျွန်တော်. . ဟင့်အင်းဗျာ. . ရှက်တယ်"

"အောင်မာ. . ဟဲ့ဖိုးမူ"

"ရှင်"

"ဟိုဟာတွေက နင့်အစ်ကို နင့်ဦးလေးတွေ. .၊ နင်မရှက်နဲ့. . နင့်ယောကျ်ားကို ငါ့ရှေ့မှာ နမ်းပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူမလက်ထဲက အဝတ်အစားအိပ်ကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ပါသည်။ ထိုနောက် လုံးဝမတွန့်မတုံ့သော ခြေလှမ်းများနှင့် ကျွန်တော့်ထံရောက်လာကာ ပါးကို ဘယ်ပြန်ညာပြန်နမ်းမွှေးလေတော့သည်။

ထိုအချိန် အခိုက်အတန့်လေးက တစ်မိနစ်ထက်ပိုလျှင် တစ်ကြာနဲ့သာရှိချေမည်။ ကျွန်တော့်အတွက်တော့ တစ်ကမ္ဘာမျှ ကြာရှည်လွန်းလှသည်။ ခန္ဓာကိုယ်နှင့်အသိစိတ်တို့ ပူးတုံ့ခွာလှည့် ဖြစ်ကာ အတောင့်လိုက် မှင်တက်မိနေခိုက်၊ အားလုံး သောခနဲ ရယ်ချလိုက်ကြမှ ကျွန်တော်သတိဝင်ကာ၊ တတ်နိုင်သမျှ စိတ်ကို ချုပ်တည်းပြီး။

"ကဲ. . အမိုး ယုံပြီလား"

"အေး. . ယုံပြီ"

"ဒါဆို ပြန်မလား. . ဒီမှာ ညအိပ်နားဦးမလား"

"ရောက်မှတော့ မပြန်ဘူးဟော့၊ ငါ နင့်မိဘတွေနဲ့တွေ့ပြီး မိန္နောင်းကို အပ်ပြီးမှပဲပြန်မယ်"

"ဟာ. . သူတို့ နေပြည်တော်မှာ အမိုးရဲ့ ရှေ့လလောက်မှ. . ပြန်. . ပြန်. . "

ဒါကို. . တိုက်ဆိုင်တာဟုပြောလျှင် တရားလွန်ပါသည်။ ကျွန်တော့်စကားမဆုံးခင်မှာပင် ခြံထဲကို ကွေ့ဝင်လာသော ကား က ဖေဖေတို့ကားဆိုတာသိပြီး ကြက်သေသေသွားသည်။

(ဗုဒ္ဓေါမြတ်စွာဘုရား. . ဒုက္ခတော့ ပတ်ပြီကွာ. . ငါ့နှယ်)

ကျွန်တော် လက်နက်ချအညံ့ခံရုံအပြင် ပိုမရှိတော့၍. .

www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်ရှိုက်ကာ ဖေဖေနှင့်မေမေကို ထွက်ကြိုလိုက်ရသည်။

"အသားတွေလည်း ညိုလို့ပါလား သားရာ၊ မင်း..အိမ်မကပ်ဘူးနဲ့တူတယ်ကွ"

"ဗျာ..ဟုတ်"

ကျွန်တော် ဘာမှပြောစရာမရှိတော့ပဲ ကားထဲကအိတ်တွေ မချီသယ်ကာ...

"ဧည့်ခန်းထဲမှာ ဧည့်သည်တွေ ရောက်နေတယ်"

"ဟေ..ဘယ်သူတွေတုန်း"

"မြတ်လေးငုံတို့ပါ၊ ဟိုးတစ်ခါ ဆေးလာကုတဲ့ မိသားစုလေ"

"ဩော်..အေး သိပြီ"

ကျွန်တာ ကျွန်တော်ဆက်မပြောတော့ပဲ..ဖေဖေတို့ပစ္စည်းတွေကို ဖေဖေ့အခန်းထဲအထိ ယူသွင်းလာခဲ့သည်။ အခန်းတံခါးကိုလည်း အသာပြန်စေ့လိုက်ပါသည်။ ထိုနောက်..ပစ္စည်းတွေချကာ မိုးဆွေဆီလျှောက်သွားပြီး...

"ငါတို့ ဘာဆက်လုပ်ကြမလဲ မိုးဆွေ"

"ငါ ပြန်တော့မယ်၊ ငါ့ကိုထွက်လို့ရအောင် လုပ်ပေးကွာ"

"မင်း ငါ့ကိုစိတ်ဆိုးနေတာလား"

"မဆိုးပါဘူး၊ ဘာ၊ ဒါ ကံတရားပဲလေ မြတ်လေးငုံရဲ့ ဖူးစာဖက်အစစ်က ငါမှမဟုတ်ပဲ"

"မင်း ငါ့ကိုယုံကြည်ပါ မိုးဆွေ၊ ငါထပ်ပြီးကြိုးစား..."

"ရပြီ ခိုင်မြ၊ မင်းက သစ္စာရှိတဲ့ သူငယ်ချင်းကောင်းပါကွာ"

www.burmeseclassic.com



ငါပဲ ညံ့ဖျင်းတာပါ၊ ငါ့ကို လွှတ်ပေးပါ"

ကျွန်တော် ဘာမှမတတ်နိုင်တော့သလို ဂင့်သက်ခိုးရှိုက်ပြီး ရေချိုးခန်းဘေးက အရေးပေါ်ထွက်ပေါက် တံခါးဖွင့်ပြီး. .

"ဒီကနေ မီးဖိုခန်းဘက်ထွက်လိုက်၊ အဲ့ဒီကမှ အိမ်ဘေးဘက်ပန်းရုံတွေကွယ်ပြီး ထွက်သွား. .၊ ညကျရင် ကားလာပို့ပေးမယ်"

မိုးဆွေ ကျွန်တော့်စကားကို စောင့်ပြီးနားထောင်မနေပဲ တံခါးပေါက်ဖွင့်သည်နှင့် ထွက်သွားပါတော့သည်။ ကျွန်တော် ဧည့်ခန်းထဲပြန်ဝင်ဝင်လာချင်းပဲ ဖေဖေက. .

"ခိုင်မြဲ. . လာ ဒီမှာထိုင်စမ်း"

ဖေဖေပေးသည့်နေရာက မြတ်လေးငုံဘေးမှာ. . ကျွန်တော်ဝင်ထိုင်တော့ ဖေဖေက. . .

"ဟိုကားက မိုးဆွေကား မဟုတ်လား"

"ဟုတ်. . သား ခဏယူသုံးတာပါ"

"အေး. . ပြန်ပို့လိုက်၊ အခု ဖေဖေယူလာတဲ့ကားက မင်းအတွက်ထားခဲ့မှာ၊ အဲ့ဒါထက် မင်းအစီစဉ်ကဘာလဲ အခု တစ်ခါတည်းမင်္ဂလာဆောင်ချင်တာလား"

"အာ. . အဲ့ဒါက၊ သား အလုပ်အကိုင်ရှာဦးမယ်လေ"

"ဘာကွ မင်းဟာက အလုပ်ရှိမှ မိန်းမယူရမှာကို မင်းပဲပြောင်းပြန် လုပ်လာပြီးတော့များ၊ မလိုချင်ဘူး အမိုးကြီးတို့လည်း ရောက်နေတုန်း မနက်ဖြန် ရုံးတက်လက်မှတ်ထိုး နောက်အပတ်ထဲမှာ ရွှာပြန်ပြီး မင်္ဂလာကိစ္စလုပ်. . "

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဖေဖေ မြန်လှချည်လား"

"မြန်မှပဲဖြစ်မယ် ငါတို့ ဒီလထဲမှာပဲ ပြည်ပခရီးစဉ်ရှိတယ် ကြာလည်းကြာမယ်၊ အဲ့ဒါကြောင့်. . အမြန်စီစဉ်တာ. .၊ ကဲ. . ဘယ်လိုလဲ အမိုးကြီး ဖြစ်တယ်မဟုတ်လား"

"အို. . ဖြစ်တာပေါ့၊ ငါက ခုတောင် လုပ်လိုက်ချင်သေးတာ"

"ဟားဟားဟားဟား. . အခုတော့သည်းခံပါဦး၊ ကျွန်တော်တို့လည်း ပင်ပန်းလာလို့ပါ၊ ကဲကဲ. . ခိုင်မြဲ"

"ဟုတ်. . အဖေ"

"ဧည့်သည်တွေနဲ့ ဖေဖေတို့ ဒီည စားရေးသောက်တာ ပြည့်စုံအောင် စီစဉ်ကွာ"

"ဟုတ်. . သား အပြင်မှာ သွားမှာရမလား"

"ကြိုက်တာလုပ် အဆင်ပြေရင် ပြီးရော"

"ကဲ. . လာ မြတ်လေးငုံ၊ တို့ အပြင်ထွက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# ဇာတ်သိမ်းပိုင်း

မြို့ပြင်ကို ထွက်လာတာနဲ့အမျှ လတ်ဆတ်တဲ့ လေပြေကို ကျွန်တော် အငမ်းမရရှူသွင်းရင်း ညစ်ထုတ်ပိကျနေသောစိတ်ကို အားဖြည့်နေမိသည်။ ကျွန်တော့်ဘေးကခုံမှာ ငြိမ်ပြီးလိုက်ပါလာသော မြတ်လေးငုံကို အမှတ်မဲ့ လှည့်ကြည့်တော့. . မြတ်လေးငုံ ကျွန်တော့်ကို မျက်လုံးဝိုင်းကြီးတွေနှင့် ပြုံးကာကြည့်နေလေသည်။ ကျွန်တော်ပြုံးလိုက်သည်။

အိမ်ကနေထွက်လာတဲ့အချိန်က နာရီဝက်ထက်မနည်းကြာနေပြီဖြစ်ပြီး၊ ခုချိန်ထိ ဘယ်ထမင်းဆိုင် ဟင်းဆိုင်ရှေ့မှ မရပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးပဲ အရှိန်မြင့်မောင်းနေသော ကျွန်တော့်ကို နားမလည်နိုင်ဖြစ်နေမှာ သေချာပါသည်။ ဒါပေါ့. . ဖြစ်သင့်တာပေါ့၊ ကျွန်တော့်အတွေးနဲ့ကျွန်တော် သွားနေတာကိုး။ ခဏကြာတော့. . .

"ခိုင်မြ"

"ဟေ"

"နင် အခု ဘယ်ကိုသွားနေတာလဲ"

သံသယစိတ် လုံးလုံးလျားလျားနဲ့မေးလိုက်တဲ့ မေးခွန်းအတွက် ကျွန်တော်တွေဝေမနေပဲ. . .

"ဒီချိန် မိုးဆွေဘယ်မှာရှိနေမလဲလို့ နင်တွေးကြည့်ပါလား. ."

"တော်ဟာ. . ငါ သူ့အကြောင်းမတွေးချင်ဘူး"

"တွေးလိုက်ပါ မြတ်လေးငုံ၊ သူ နင့်ကိုချစ်တာ လောကမှာ နောက်တစ်ယောက်မရှိနိုင်ဘူး၊ အချစ်အတွက် ရူးရူးမိုက်မိုက်မဆုံးဖြတ်ရဲတာလည်း နင့်ကိုအားနာတဲ့စိတ်က တစ်ဝက်ပါတယ်ဆိုတာ လက်ခံရလိမ့်မယ်၊

ဒီကောင်က ကြောက်တတ်တယ်၊ သူ့မိဘတွေကလည်းသူ့အပေါ်မှာ အကြောက်တရားနဲ့ အုပ်စည်းမွေးမြူခဲ့တာ၊ နင့်ကိုခေါ်ပြီး အိမ်ပေါ်မတက်ရဲတာ သဘာဝကျပါတယ်၊ ဒါပေမယ့်လည်း မဖြစ်မနေ လုပ်ရတော့မှာမို့လို့ ငါကသိလျက်နဲ့ တမင်ဖိအားပေးလိုက်တာပါ၊ ဘယ်လောက်ပဲ တင်းကြပါတယ်ပြောပြောနင်ကို ခေါ်လာမိတဲ့ မိုးဆွေကို ယာယီအားဖြင့် အမွေပြတ်တာတို့ဘာတို့ ရှိချင်ရှိမှာပေါ့. . ဒါပေမယ့် ခဏပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ ဒီသားတစ်ယောက်ပဲရှိတာ၊ မိဘဆိုတဲ့စိတ်နဲ့ ဘယ်လောက်ကြာအောင် စွန့်ပစ်နိုင်လို့လဲ၊ အဲ့ဒီလို အချိန်မျိုးမှာ ငါကလည်း ငါ့သူငယ်ချင်းလင်မယားကို ပစ်ထားပါ့မလား ကူမှာပေါ့၊ မိုးဆွေ အဲ့ဒါကိုမတွေးဘူး. . ကြောက်တယ်၊ ကြောက်စိတ်ကြောင့်. . အခု ဒီကောင် သေမတတ် ခံစားနေရမယ်၊ သိပ်ပြီး ပြင်းထန်လာရင် ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အထိ ဒီကောင် ကျူးလွန်တော့မယ်"

"ဟင်"

ကျွန်တော် ခြောက်လှန့်နေတာမဟုတ်ပါ၊ မိုးဆွေစိတ်ကို ကျွန်တော်အသိဆုံး ဖြစ်ပါသည်။ ,အလွန်ပျော့ညံ့သည်။

First Year ကျလို့ အိမ်ကဆူတာကို မခံစားနိုင်ဘူးဆိုပြီး ရေထဲခုန်ချပြီး သေဖို့ကြံစည်ဖူးတဲ့ မိုးဆွေကို ဒီအတိုင်း လွှတ်ထားလိုက်လျှင်. . သေချာပါသည်။ အခု သူ့စိတ်ထဲမှာ ဘာမှမကျန်အောင် ဆုံးရှုံးမှုမျိုးကို မြို့ချလောက်မြိုက် ခံထားရသည်။

အခု မိုးဆွေ ဘယ်မှာလဲ။ ကျွန်တော် ကား၏အရှိန်ကို ယာဉ်ကြောရှင်းလျှင် ရှင်းသလို မြှင့်ပါသည်။ ဒဂုံမြို့သစ် အရှေ့ပိုင်းထဲက ခွန်ရှစ်လမ်းဆုံကို ကျော်လာ၍ မြတ်လေးငုံက. . .

"နင် ကျောင်းဘက်ကို သွားနေတာလားဟင်"

"မိုးဆွေ ဘယ်မှာရှိမယ်လို့ နင်မတွေးဘူးလား"

"ဟင် နင်တို့အိမ်က အခန်းထဲမှာလေ"

"သူထွက်သွားပြီ"

မြတ်လေးငုံ နှုတ်ဆိတ်ကာသွားသည်။ မိုးဆွေ ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိမလဲလို့ စပြီးစဉ်းစားနေပြီဟု ကျွန်တော်ထင်မိသည်။

ထို့ကြောင့် . . .

"ဒီကောင် ပတ္တမြားအဝိုင်းမှာ ရှိလိမ့်မယ် မြတ်လေးငုံ၊ အဲ့ဒီမှာမရှိရင်တော့"

"နင် ဘယ်လိုလုပ်ပြောနိုင်လဲ"

"နင့်ကို သူချစ်ခွင့်ပန်တာ အဲ့ဒီမှာလေ၊ သူ့ကို နင် အဖြေပေးခဲ့တာလည်း အဲ့ဒီမှာပဲ မဟုတ်ဘူးလား"

မြတ်လေးငုံ အံ့အားသင့်စွာ ဆွံ့အသွားခဲ့သည်။ ကျွန်တော့်ကို မျက်တောင်မခတ်ပဲကြည့်သော အကြည့်တွေထဲမှာ ကျွန်တော့်ကို နားမလည်နိုင်သော အတွေးတွေ ရှုတ်ထွေးနေပါသည်။

"ပတ္တမြားအဝိုင်းက နင်နဲ့မိုးဆွေရဲ့ အချစ်သင်္ကေတ တစ်ခုပါ မြတ်လေးငုံ၊ နင်မှတ်မိမလား . . နင်ပြုတ်ကျကျန်ခဲ့တဲ့ လက်ပတ်နာရီလေးကို ငါကောက်ပြီး နင့်ကိုလိုက်ပေးတုန်းက . . မိုးဆွေ ငါ့နောက်မှာရပ်နေတာလေ"

BURMESE CLASSIC

"အင်း"

"အေး . . နင်တို့ထွက်သွားတော့မှ မိုးဆွေက ငါ့ အရမ်းခိုက်သွားပြီ ခိုင်မြရာ၊ ငါ့ကို သူနဲ့ရင်းနှီးအောင် လုပ်ပေးပါလို့ . . စပြီးတောင်းဆိုတော့တာပဲ"

ကျွန်တော် ဆက်ပြောဖို့ အာသီသရှိပေမယ့် တစ်စုံတစ်ခုက ပိတ်ဆို့ထားသလိုမျိုး ခံစားတင်းကြပ်လာပြီး စိတ်ကိုကြိုးစား ဖြေလျှော့နေရသည်။ တော်ဝင်လမ်းမကြီးပေါ် ချိုးကွေ့ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမှ. . ကာလအတန်ကြာ ခွဲခွာခဲ့ရတဲ့ ကျောင်းသားဘဝပုံရိပ်တွေ ပြန်မြင်ပြီး. . ထွေးရောသွားသော ခံစားမှုကြောင့် ပြတ်ကျနေသောစကားကို ပြန်ဆက်သည်။

"အဲ့ဒီကောင်က အဲ့သလိုစွဲလန်းမှုမျိုးနဲ့ သေရာပါအောင်ချစ်မယ့်ကောင်ပါ မြတ်လေးငိုရယ်၊ ဟိုးမှာမြင်လား. . ဒီကောင်အဲ့ဒီမှာထိုင်ပြီး ကလေးလိုခွေးလို ငိုနေတာ၊ ငိုလို့ဝရင် သူ့ကိုပဲ်သူသတ်သေတော့မှာ. . နင်သွားလိုက်တော့. ."

ပြောပြီး. . ကျွန်တော်ကားကို လမ်းဘေးချရပ်ပေးလိုက်သည်။

"ခိုင်မြ"

"ဘာလဲ"

"အိမ်ကကိစ္စတွေ ဘယ်လိုလုပ်မလဲ"

"ငါဘာသာကြည့်ရှင်းမယ်"

"နင်ဘယ်လို ရှင်းမှာလဲ. . နင့်မိဘတွေရော. . ငါ. ."

"ကျွတ်. . နင်တို့ဘဝကိုနင်တို့ ဖြောင့်အောင်လျှောက်ကြစမ်းပါ၊ ငါ့ကို မိုးဆွေကိုကြည့်သလို မကြည့်စမ်းပါနဲ့၊ သွား မြန်မြန်"

သူမတံခါးဖွင့်ဆင်းပြီး လျှောက်လာတာမြင်တော့ မိုးဆွေ အံ့အားသင့်စွာ ထရပ်သည်။ ထိုနောက် သူ့မျက်နှာပေါ်က မျက်ရည်တွေကို အကျီအနားစနှင့် ကဗျာကသီ သုတ်ဖယ်ပစ်ပြီး ကလေးတစ်ယောက်လို ကဆုန်ပေါက်ပြေးလာပါသည်။ ငြိုးတော့ လွတ်ထွက်သွားမှာ ကြောက်သလိုမျိုး မြတ်လေးငိုကိုသိုင်းဖက်ထားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံ ပြန်မဖက်ဘဲ တွဲလွဲချထားသော သူ့လက်တွေကို ငေးကြည့်မိသည့် ကျွန်တော့်မျက်လုံးတွေကို ကြိမ်ဆဲရင်းကားထဲကထွက်လိုက်ပါသည်။ ထိုနောက်. . မိုးဆွေမြင့်အောင်ကားသော့ကို လှမ်းပြပြီး လမ်းပေါ်ပစ်ချထားခဲ့ကာ ကျောခိုင်းလိုက်တော့သည်။

"ဟာ. . ခိုင်မြဲ. . ခိုင်မြဲ. . နေဦးလေ. . ဟော့ကောင်"

"ဟဲ့. . ခိုင်မြဲ အတူတူပြန်မယ်လေ"

ကျွန်တော်လှည့်မကြည့်ပါ။ နောက်ပြန်လက်ကလေး ဝှေ့ယမ်းပြရင်း နွေးပူလာသော မျက်လုံးတွေသာ ဒေါသတကြီး ပုတ်ခတ်ပစ်ရင်း ဆက်လျှောက်လာခဲ့သည်။

BURMESE CLASSIC

ဟိုးလွန်ခဲ့သော နှစ်အတန်ကြာကြာက ကျွန်တော့်စိတ်ကို မြတ်လေးငုံ သိမသိ မသေချာသော်လည်း အခု မြတ်လေးငုံစိတ်ကို ကျွန်တော်သိလိုက်ပါသည်။ အချစ်ကို လူတိုင်းနားလည်ခံစားခွင့်ရှိသည်။ သို့သော်. . အသိအမှတ်ပြုခွင့် ရှိမရှိဆိုသောပညတ်ချက်က တံတိုင်းတစ်ခုလို ခိုင်ခန့်သည်။ ထိုတံတိုင်းအားကိုယ်ကျင့်တရားနှင့် မြဲမြံစေခဲ့သည်။ တစ်ချို့. . ကျော်ကြသည်တစ်ချို့. . မော်လို့တောင် မကြည့်ကြ. . .။

ကျွန်တော်လည်း. . . . . . . . . . . . .



www.burmeseclassic.com